ကြေးမုံ
The Mirror Daily
Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် နတ်တော်လကွယ်၊ တနင်္ဂနွေနေ့။ Sunday, 17 December 2017 ၉၁၄၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံ Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက်သို့ သွားရောက်လေ့လာ

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော် သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ယနေ့တွင် Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက် (Narukawa Art Museum) သို့ သွားရောက်ကြည့်ရှုပြီး တိုကျိုမြို့၏ ညရှုခင်းအား သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကျည်ဆန်ရထားဖြင့် ကျိုတိုမြို့မှ Odawara မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက် (Narukawa Art Museum) သို့ ရောက်ရှိရာ အဆိုပါ ပြတိုက်မှ General Manager Mr. Katsuyoshi Kohara က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး ပန်းချီဆရာ HIROHIKO HIRAIWA နှင့် ပြတိုက်မှ တာဝန်ရှိသူများအား မိတ်ဆက်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

## သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ ဘူးသီးတောင်တွင် နယ်လှည့်ကုသ



စာမျက်နှာ » ၁၁

# "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆောင်ပုဒ်နှင့်အညီ စာပေညီလာခံ(၂၀၁၇) အောင်မြင်စွာ ကျင်းပပြီးစီး ဆုံးဖြတ်ချက်ရလဒ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

"လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ(၂၀၁၇) စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် စာပေညီလာခံ(၂၀၁၇) ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဆရာအောင်စိုးဦးက ညီလာခံနှင့် ပတ်သက်၍လည်းကောင်း၊ ညီလာခံ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဆရာမျိုးမြင့်ညိမ်းက ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာပေညီလာခံ(၂၀၁၇) သုံးရက်တာ ကာလအတွင်း ဆွေးနွေးခဲ့သော အကြောင်းအရာ ခေါင်းစဉ် ၅၄ ခုမှ ထွက်ပေါ်လာသည့် မြန်မာစာအရေးအသားဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ စာကြည့်တိုက်ဆိုင်ရာဆွေးနွေးပွဲရလဒ်များ၊ စာအုပ်စာပေဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲရလဒ်များ၊ စာအုပ်ထုတ်ဝေရေး ဆွေးနွေးပွဲရလဒ်များ၊ ဘာသာပြန်စာပေဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ အမျိုးသားစာပေဆိုင်ရာ ဆွေးနွေးပွဲရလဒ်များနှင့် အထွေထွေအကြံပြုချက်များမှ ရလဒ် အဆိုပြုချက် ၄၀ ကို မဲခွဲဆုံးဖြတ်ပြီး အတည်ပြုချက်ရယူရာ တက်ရောက်လာကြသူများက တစ်ခဲနက် ထောက်ခံအတည်ပြုကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "စာပေမိတ်ဆွေများ စုံစုံညီညီတက်ရောက်ပြီး စာပေညီလာခံအောင်မြင်စွာ ကျင်းပနိုင်တာကို မြင်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ ကျွန်တော် ဒီနေ့ဒီကိုလာတာကတော့ စိတ်ဝင်စားတဲ့ စကားဝိုင်းဆွေးနွေးပွဲ တစ်ခုခုကို ဝင်ပြီးနားထောင်ဖို့ လာခဲ့တာဖြစ်ပါတယ်၊ ဒါပေမယ့် ဒီနေ့မှာ အပြီးသတ် မဲခွဲဆုံးဖြတ်အတည်ပြုချက်ရယူနေတာ တွေ့ရပါတယ်၊ စနစ်တကျနဲ့ ဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ဆွေးနွေးပွဲမှာ သပ်သပ်ရပ်ရပ်နဲ့ အယူအဆ မတူတာတွေပါ ဖလှယ်ပြီး ဆွေးနွေးနိုင်ကြတယ်ဆိုတာ မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ကျွန်တော် ရောက်လာတဲ့အချိန်မှာ ဆန္ဒခံယူမဲခွဲပြီး ထောက်ခံအတည်ပြုနေတဲ့ အချက်တွေကလည်း တစ်ခဲနက် ထောက်ခံ အတည်ပြုရမယ့် အချက်တွေပါ၊ ကျွန်တော့်အနေနဲ့ အခု ဆုံးဖြတ်ချက်ချနေတဲ့ အချက်တွေအားလုံးကို သဘောတူတယ်လို့ ပြောချင်ပါတယ်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ကြေးမုံ

# လူသားအားလုံးအတွက် လိုအပ်သောရေ

မြန်မာမှုနယ်ပယ်တွင် 'ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်' ဟူ၍ ရေ၏အကျိုးကြီးမားကြောင်းကို ဥပမာအဖြစ်ပြောလေ့ရှိသည်။ ထမင်းမစားသောအခါ ခုနစ်ရက်ကြာလျှင် အသက်အန္တရာယ်ရှိသလို ရေမသောက်ရသောအခါ တစ်မနက်၊ တစ်ရက်နှင့် လူ၏ကျန်းမာရေး ထိခိုက်နိုင်သည်ကို တင်စားဆိုလိုထားခြင်းဖြစ်သည်။ သန့်ရှင်းသောရေကို မကြာခဏသောက်သုံးခြင်းမရှိပါက ကျန်းမာရေးထိခိုက်လာမည်မှာ အမှန်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေ တိုးပွားလာမှု၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့ကြောင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးမှာ တစ်စတစ်စ ခက်ခဲလာမှုများနှင့် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည်။ နှစ်စဉ်များပြားလာသော လူဦးရေတိုးပွားမှုကြောင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်မှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကြောင့် မြို့ပြနှင့် ကျေးရွာများတွင် သဘာဝဘေးများနှင့် ရင်ဆိုင်ရမှုများကလည်း ရေနှင့်ပတ်သက်၍ ဖြစ်ရသောအကြောင်းများ ဖြစ်သည်။

ထို့ကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ သဘာဝဘေး ဒဏ်မှကာကွယ်ရေးတို့အတွက် ကမ္ဘာတစ်ဝန်း အလျင်အမြန် ကြိုးပမ်းအားထုတ်လာကြသည်ကိုတွေ့ရသည်။ မကြာသေးမီရက်ပိုင်းက တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ရေနှင့်ပတ်သက်၍ တိကျခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နည်းလမ်းများ၊ အဖြေများအတွက် အသိပညာနှင့် အတွေ့အကြုံများ မျှဝေအသိပေးဖလှယ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေမှာ ခုနစ် ဘီလီယံကျော်ရှိနေပြီး နောင်ကာလများတွင် ၁၀ ဘီလီယံခန့်အထိ တိုးပွားလာမည်ဖြစ်သောကြောင့် လူသားအားလုံး အသုံးပြုမည့်ရေအတွက် ခြိမ်းခြောက်မှုများ ရှိလာနိုင်သည်။ တောင်ထူထပ်သော နိုင်ငံများနှင့် ပစိဖိတ်ကျွန်းနိုင်ငံများတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေမဖူလုံမှု၊ ရေဘေးအန္တရာယ်ကြုံတွေ့မှုတို့ မြင့်တက်လာနိုင်သည့်အပြင် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည့် မြို့ပြဒေသများနှင့် ကျေးလက်ဒေသများတွင် ရေနှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများ ရှိလာနိုင်သည်။

ထို့ကြောင့် နောင်လာမည့်အနာဂတ်တွင် ရေအတွက်အခက်မပွေ့ရအောင် နိုင်ငံအများ ပူးပေါင်းလက်တွဲ၍ အဖြေရှာညှိနှိုင်း ကြိုတင်စီမံဆောင်ရွက်ကာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စုဝေးညှိနှိုင်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းသည် စိန်ခေါ်မှုများကို ကျော်လွှားနိုင်သဖြင့် အာရှ-ပစိဖိတ်ဒေသအတွင်း ရေနှင့်ပတ်သက်၍ တတိယအကြိမ်မြောက် စုပေါင်းစည်းဝေးနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်က ဂျပန်နိုင်ငံတွင် ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး အပြီး ၁၀ နှစ်တာကာလ ယနေ့အချိန်တွင် သိသာထင်ရှားသည့် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံသည် လူဦးရေထူထပ်များပြားသော နိုင်ငံများကြားတွင် ရပ်တည်နေသော နိုင်ငံဖြစ်သော်လည်း သောက်သုံးရေအတွက် စိုးရိမ်ပူပန်ဖွယ် ကြီးကြီးမားမား မရှိနိုင်သေးသည့်နိုင်ငံဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သုံးစွဲနိုင်သောရေအရင်းအမြစ် ကုဗကီလိုမီတာ ၈၈၀ ဒသမ ၆ ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကုဗကီလိုမီတာ ၁၀၅ သာရှိသည်။ အိန္ဒိယနိုင်ငံသည် ကုဗကီလိုမီတာ ၁၂၆၀ ဒသမ ၅၄ ရှိပြီး တရုတ်နိုင်ငံသည် ကုဗကီလိုမီတာ ၂၈၇၉ ဒသမ ၄ ရှိသည်။ နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေအချိုးအစားအရ အဆိုပါနိုင်ငံများအနေဖြင့် ရေအတွက် စိုးရိမ်ဖွယ်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့်မူ စိုးရိမ်ပူပန်ဖွယ်ရာ မများလှချေ။

မည်သို့ပင်ဖြစ်စေ ရေအတွက် မခက်စေဖို့ အနာဂတ်ကာလကို ကြိုတင်မျှော်တွေး၍ ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ နိုင်ငံများအားလုံးတွင် ရေဖူလုံရေး၊ ရေဘေးအန္တရာယ် ကင်းဝေးရေးအတွက် ရေကို တန်ဖိုးထားဖို့၊ ရေအရင်းအမြစ်များအား ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းဖို့နှင့် ရေစီမံခန့်ခွဲရေးကို စနစ်တကျလုပ်ဆောင်ဖို့ စသည့် ရေနှင့်ပတ်သက်သော လုပ်ငန်းများအား အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ အနာဂတ်ကာလတွင် တိုးပွားများပြားလာမည့် လူသားအားလုံးအတွက် လိုအပ်သောရေ မပူမပင်ဖြစ်စေနိုင်ပါသည်။ ။

# သီလဝါ အထူးစီးပွားရေးဇုန် ကုန်စည်များ စွမ်းအားတိုးမြှင့်နိုင်ရေးအတွက် ယန္တရားအသစ်များရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဟတ်ချီစင် ဆိပ်ကမ်းလုပ်ငန်းက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ(MITT)၏ ကုန်ကိုင်တွယ်နိုင်စွမ်းအား တိုးမြှင့်ရေး အစီအစဉ်အရ ကုန်သေတ္တာကိုင်တွယ်သည့် ယန္တရားအသစ်များသည် ဒုတိယအသုတ်အဖြစ် ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရှိ MITT ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။**(ယာပုံ)**

အဆိုပါယန္တရားများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZPMC ကုမ္ပဏီထုတ် ယန္တရားများဖြစ်ပြီး ကုန်သေတ္တာကိုင်တွယ်မှုကို အားဖြည့်ပံ့ပိုးမည့် တံတားဦး ဝန်ချီကရိန်း နှစ်လက်နှင့် ကုန်သေတ္တာလွှင်ပြင် ကရိန်းငါးလက်တို့ ပါဝင်ကြောင်း သိရသည်။

MITT သည် မြန်မာနိုင်ငံ၏ တိုးတက်လျက်ရှိသော ရေကြောင်းကုန်သွယ်မှုပမာဏနှင့် ဆိပ်ကမ်းအနီးတည်ရှိသော သီလဝါအထူးစီးပွားရေးဇုန်တို့၏ ကုန်စည်များအတွက် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ဆိပ်ကမ်း၏ ကုန်သေတ္တာကိုင်တွယ်နိုင်မှုစွမ်းအား တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခွင့် အတည်ပြုချက်ရယူကာ စီမံကိန်းကို ယခုနှစ် ဧပြီလမှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဟု ခန့်မှန်းထားပြီး စီမံကိန်းပြီးစီးပါက ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများအနက် MITT သည် ကုန်သေတ္တာကိုင်တွယ်နိုင်မှုစွမ်းအားအမြင့်မားဆုံး ကုန်သေတ္တာဆိပ်ကမ်းဖြစ်လာမည်ဟု သိရသည်။

**သတင်းစဉ်**

# ဟားခါး၌ အခွန်ပညာပေး ရှင်းလင်းဟောပြော

**ဟားခါး ဒီဇင်ဘာ ၁၆**

အခွန်ပညာပေး ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဟားခါးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ဆောင်ဆွေနှင့် တွဲဖက်အခွန်ဦးစီး ဌာနမှူး ဦးခင်မောင်သန်းတို့က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ကြပြီး တက်ရောက်လာကြသူများက အခွန်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြသည်။

ပညာပေးရှင်းလင်းဟောပြောပွဲတွင် ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များက ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာကိစ္စများ၊ ရွှေထည်လက်ဝတ်ရတနာ ရောင်းချသည့်ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များမှ တင်ဒါလုပ်ငန်းများအပေါ် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းအတွက် အထူးကုန်စည်ခွန်ပေးဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှုအခြေအနေ တင်ပြခြင်းဆိုင်ရာကိစ္စရပ်များနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ စသည်တို့ကိုရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေး စီမံချက်ဆောင်ရွက်မည့်ကျေးရွာများ ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသန်းဇော်ထွန်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့် ကျိုက်မရောမြို့နယ်မှ ရွေးချယ်ကျေးရွာများဖြစ်သော သရက်ကုန်းကျေးရွာ၊ ကော့ဒွန်းကျေးရွာ၊ နိဒ့်ကျေးရွာ၊ ကွမ်ငန်းကျေးရွာ၊ ကျုံဝမ်းကျေးရွာ၊ ကော့ပလိုင်ကျေးရွာတို့ရှိ လုပ်ငန်းဆောင်ရွက်မည့်နေရာများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

**❖ နိုင်ငံတော်သမ္မတမှ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နာရုကာဝါ အနုပညာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားများနှင့် အနုပညာလက်ရာများကို ကြည့်ရှုလေ့လာကြပြီး အဆိုပါပြတိုက်ရှိရပ်မှ ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝ သာယာလှပမှုများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြတိုက် General Manager Mr. Katsuyoshi Kohara၊ ပန်းချီဆရာ HIROHIKO HIRAIWA တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(ယာပုံ)**


နာရုကာဝါ အနုပညာပြတိုက်အား ဂျပန်လူမျိုးများ၏ အနုပညာလက်ရာများကို နောင်လာနောက်သားများ လေ့လာနိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအတွင်းမှ စုဆောင်းထားရှိသည့် ဂျပန်ရိုးရာပန်းချီကားပေါင်း (Japanese–style painting) ၄၀၀၀ ကျော်ကို ခင်းကျင်းပြသထားသည်။

ထို့ပြင် အဆိုပါပြတိုက်၌ ပန်းချီနှင့် အနုပညာပြပွဲများကို တစ်နှစ်လျှင် လေးကြိမ်ခန့် ကျင်းပလေ့ရှိပြီး ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝသာယာလှပမှုများကို ကြည့်ရှုခံစားနိုင်သဖြင့် တစ်နှစ်လျှင် ပြတိုက်သို့ လာရောက်လည်ပတ်သူ ခြောက်သန်းကျော်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ရောက်ရှိပြီး ညပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr.Sasakawa က "Symphony Cruise" သင်္ဘောတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဆိုပါသင်္ဘောဖြင့် တိုကျိုမြို့၏ ညရှုခင်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**



# တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

# မြန်မာနိုင်ငံအတွက် စီမံကိန်း ၁၀ ခု အကောင်အထည်ဖော်သွားရန် သဘောတူညီခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တာ့လီမြို့တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၆ ရက်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်စွတ်ခွန်၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီ၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆူလမ်ဆေခွန်မာဆစ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒုံပရာမူဒွန်နိုင်း၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဗင်မင်းတို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၊ လက်ရှိစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှု




လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာလုပ်ငန်းအစီအစဉ် ( Plan of Action 2018-2022) အပေါ် သဘောတူညီခဲ့ပြီး ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များ အစည်းအဝေးသို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့သည်။ အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့သည်။

မဲခေါင်နိုင်ငံများ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ( MLC Special Fund ) တစ်ရပ်ကို ဒေါ်လာသန်း ၃၀၀ ဖြင့် မတည်ခဲ့သည်။ ယခုအစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများကို အတည်ပြုခဲ့သည်။ အဆိုပါစီမံကိန်းများတွင် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံကိန်းတစ်ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီမံကိန်းနှစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကိန်းငါးခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်းတစ်ခုနှင့် ပညာရေးဝန်ကြီးဌာနမှ စီမံကိန်းတစ်ခု စုစုပေါင်း စီမံကိန်း ၁၀ ခု ပါဝင်ခဲ့သည်။ စီမံကိန်း ၁၀ ခုအတွက် မြန်မာနိုင်ငံမှ ခွဲဝေရရှိမည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးမှ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်ခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တာ့လီဟိုတယ်၌ ပြုလုပ်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဓာတ်ပုံပြပွဲနှင့် တရုတ်နိုင်ငံ မဲခေါင်-လန်ချန်း အတွင်းရေးမှူးရုံး၏ အင်တာနက်ဝက်ဘ်ဆိုက် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဒီဇင်ဘာ ၁၅ ရက် ညပိုင်းတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် တာ့လီဟိုတယ်၌ သီးခြားတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မဲခေါင်-လန်ချန်းနိုင်ငံများမှ အခြားသော ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာချန်းဟောင်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်းက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့် မဲခေါင် ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားသစ်တစ်ရပ်ကို စတင်ထူထောင်ရန် အဆိုပြုချက်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**



**ပြည်ခရိုင် ပြည်မြို့နယ် သစ်ချိုပင်အုပ်စု အိမ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၀ ရက်က ချည်မျှင်ရှည်ဝါ စုပေါင်းဝါကောက်သိမ်းပွဲ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။**

ခရိုင်(ပြန်/ဆက်)

# ပြုံယမ်း၏ အသွင်သစ် နျူဒုံးကျည်သည် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည့် အထောက်အထား မတွေ့ရှိသေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

မြောက်ကိုရီးယား၏ နောက်ဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည့် နျူကလီးယားထိပ်ဖူး တပ်ဆင်နိုင်သည့် အသွင်သစ် တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု၏ ပိုင်နက်နယ်မြေအတွင်းသို့ ရောက်ရှိနိုင်သည့် ခိုင်မာသော အထောက်အထားမရှိသေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျမ်မက်တစ်က ပြောကြားခဲ့သည်ဟု သတင်းဌာနများက ယနေ့သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၂၉ ရက်တွင် မြောက်ကိုရီးယားနိုင်ငံက the Hwasong-15 တိုက်ချင်းပစ်ဒုံးကျည် အသစ်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။ အဆိုပါဒုံးကျည်သည် နျူကလီးယားထိပ်ဖူး တပ်ဆင်နိုင်သည့်အပြင် အမေရိကန်ပြည်ထောင်စု၏ မည်သည့်နေရာကိုမဆို ရောက်ရှိနိုင်သည်ဟု ပြုံယမ်းက အခိုင်အမာပြောကြားခဲ့သည်။

သို့သော် ပြုံယမ်း၏ နောက်ဆုံးအကြိမ်ပစ်လွှတ်ခဲ့သော ဒုံးကျည်သည် အမေရိကန်ပိုင်နက်နယ်မြေသို့ ရောက်ရှိနိုင်သည်ဆိုခြင်းကို ယုံကြည်ရန် အထောက်အထား မတွေ့ရှိသေးကြောင်းနှင့် အသေးစိတ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်က မီဒီယာသို့ ပြောကြားခဲ့သည်။

ပြုံယမ်း၏ နောက်ဆုံးပေါ် တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်၏ ပိုင်နက်နယ်မြေဆီသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်သော်လည်း နျူကလီးယားထိပ်ဖူး တပ်ဆင်ကာ လမ်းကြောင်းထဲသို့ ပြန်လည်ဝင်ရောက်နိုင်သည့် နည်းပညာကို စမ်းသပ်အောင်မြင်ခြင်း ရှိ၊ မရှိနှင့် ပတ်သက်ပြီး ပြုံယမ်းက မည်သည့်အထောက်အထားမျှ ပြသခြင်းမရှိသေးကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ပြုံယမ်း၏ the Hwasong-15 တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်နိုင်ငံ ပိုင်နက်အတွင်းသို့ ရောက်ရှိနိုင်သော်လည်း လေထုထဲသို့ ပြန်လည်ဝင်ရောက်နိုင်သည့် နည်းပညာတပ်ဆင်ထားရှိမှု မတွေ့ရှိရသေးကြောင်း အမေရိကန်သုတေသီ အဖွဲ့တစ်ဖွဲ့က ဆိုသည်။

ပြုံယမ်းက ၎င်း၏ နျူကလီးယား လက်နက်ဖွံ့ဖြိုးမှုကို ပြသသည့်အနေဖြင့် အမေရိကန်ပိုင်နက်နယ်မြေ၏ ပစ်မှတ်တစ်ခုကို မကြာမီအချိန်တွင် စမ်းသပ်ပစ်လွှတ်နိုင်ဖွယ်ရှိကြောင်း အဆိုပါသုတေသီအဖွဲ့က ဆိုသည်။



**အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များက ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမား ၂၂၀ အား ဖမ်းဆီး

**အဘူဂျာ ဒီဇင်ဘာ ၁၆**

နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များက ဘိုကိုဟာရမ် အကြမ်းဖက် သောင်းကျန်းသူများ၏ နယ်မြေအတွင်း၌ မကြာသေးမီက ပြုလုပ်ခဲ့သော နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးအတွင်း ဘိုကိုဟာရမ် အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ရေးသမား ၂၂၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။



ဘိုကိုဟာရမ် အကြမ်းဖက် တိုက်ခိုက်ရေးသမား ၁၆၇ ဦးအား နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များက ချဒ်ရေကန်ကြီး ချိုင့်ဝှမ်းဒေသတွင် စီးနင်းမှုများပြုလုပ်စဉ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အခြား ၅၃ ဦးအား နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဘော်နိုပြည်နယ်တွင်း၌ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့ဝင်များက ဘိုကိုဟာရမ် သောင်းကျန်းသူများ၏ မိသားစုဝင်များဖြစ်သည့် အမျိုးသမီး ၆၇ ဦးနှင့် ကလေးငယ် ၁၇၃ ဦးအား ကယ်တင်လွှတ်မြောက်စေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကယ်တင်ရရှိသော အမျိုးသမီးများနှင့် ကလေးငယ်များအား နိုင်ဂျီးရီးယားနိုင်ငံတွင်း နေရာရွှေ့ပြောင်းနေထိုင်သူများ လက်ခံထားရှိသည့်စခန်းမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ရေးအတွက် စီစဉ်မှုများ လုပ်ဆောင်နေကြောင်းနှင့် ၎င်းတို့အား ပဏာမ စုံစမ်းစစ်ဆေးမှုများ အပြည့်အဝပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များက ယင်းဒေသများရှိ ဘိုကိုဟာရမ် သောင်းကျန်းသူ အကြွင်းအကျန်များအား ရှင်းလင်းသည့် စစ်ဆင်ရေးကို အပြင်းအထန် လုပ်ဆောင်နေပြီး မကြာသေးမီကာလအတွင်း နယ်မြေရှင်းလင်းစစ်ဆင်ရေးလုပ်ဆောင်မှုမှ ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ ဂျဗားကျွန်းတွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၅ ရက် ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျဗားကျွန်းသို့ ဗဟိုပြုပြီး အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံးလူ နှစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဒီဇင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၇ မိနစ်တွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်းနှင့် အဆိုပါငလျင်သည် ဂျဗားကျွန်း အနောက်တောင်ဘက် ကမ်းရိုးတန်းတစ်နေရာသို့ ဗဟိုချက်ထား လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဂျဗားကျွန်း အနောက်ဘက်ပိုင်းနှင့် အလယ်ပိုင်းရှိ လူနေအိမ်အချို့ ပြိုကျပျက်စီးကာ လူနှစ်ဦး အနည်းဆုံး သေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန် အရှေ့ပိုင်းပြည်နယ်နှစ်ခုတွင် သောင်းကျန်းသူ ၁၆ ဦး သေဆုံး

**ဂျာလာလာဘတ် ဒီဇင်ဘာ ၁၆**

အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ ပြည်နယ်များတွင် တာလီဘန်နှင့် အိုင်အက်စ် စစ်သွေးကြွအဖွဲ့များမှ သောင်းကျန်းသူ ၁၆ ဦးသေဆုံးကြောင်း အာဖဂန်တာဝန်ရှိသူများက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

နန်ဂါဟာပြည်နယ် ဟက်စ်ကာမီနာခရိုင်ရှိ ကန်ဒိုဒေသတွင် နေတိုးဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)မှ တာဂျစ်ကစ္စတန်နိုင်ငံသား စစ်သွေးကြွနှစ်ဦး ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် သေဆုံးသွားကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန်အစိုးရ အထူးတပ်ဖွဲ့ဝင်များက ဟက်စ်ကာမီနာခရိုင်နှင့် အိမ်နီးချင်း ခိုဟာနီခရိုင်အတွင်းရှိ စစ်သွေးကြွစခန်းတစ်ခုအား စီးနင်းတိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွ လေးဦးသေဆုံးပြီး ဒေသတွင်းရှိ တာလီဘန်အဖွဲ့မှ အဆင့်မြင့် ခေါင်းဆောင်တစ်ဦးအပါအဝင် စစ်သွေးကြွ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော စစ်သွေးကြွများအား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စစ်ဘက်အခြေစိုက်စခန်းတစ်ခုသို့ လွှဲအပ်ပေးအပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နန်ဂါဟာပြည်နယ်အနီးရှိ ကူနာပြည်နယ် ဂါဇီအဘာတ်ခရိုင်ရှိ အာဖဂန်ကြည်းတပ်စခန်းအား လာရောက်တိုက်ခိုက်သည့် တာလီဘန်သောင်းကျန်းသူများအား အာဖဂန်အစိုးရတပ်ဖွဲ့များက ပြန်လည်တိုက်ခိုက်ရာ စစ်သွေးကြွ ၁၀ ဦး သေဆုံးပြီး သုံးဦးကို ဖမ်းဆီးရမိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အီဂျစ်နှင့် ရုရှား တိုက်ရိုက်လေကြောင်းပျံသန်းမှု လာမည့်နှစ် ဖေဖော်ဝါရီလတွင် စတင်ပြုလုပ်နိုင်မည်ဟုဆို

**မော်စကို ဒီဇင်ဘာ ၁၆**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အီဂျစ်နှင့် ရုရှားနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှု ပြန်လည်ပြုလုပ်နိုင်ဖွယ်ရှိကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဌာနဝန်ကြီး မက်ဇင်ဆိုကိုလော့ဗ်က ရုရှားနိုင်ငံသို့ရောက်ရှိနေသည့် အီဂျစ်မြို့ပြလေကြောင်းဝန်ကြီးဌာနဝန်ကြီး ရှရစ်ဖ် ဖာသီနှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြောကြားသည်။

မော်စကိုနှင့် ကိုင်ရိုမြို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုကို လာမည့်နှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြန်လည်စတင်ရန် ရုရှားနှင့် အီဂျစ်ဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုပြုလုပ်စဉ်အတွင်း သဘောတူညီခဲ့ကြောင်း အီဂျစ်မြို့ပြလေကြောင်းဝန်ကြီးဌာနဝန်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ရုရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် အီဂျစ်နိုင်ငံ ပင်လယ်နီကမ်းခြေ အပန်းဖြေစခန်းမြို့ဖြစ်သည့် ရှမ်အယ်လ်ရှိတ်မြို့ လေယာဉ်ကွင်းမှ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းထွက်ခွာပြီး မကြာမီတွင် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ပေါ်၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၂၂၄ ဦးစလုံး သေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ်မှာ အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် ပျက်ကျခဲ့သည်ဟု ရုရှားနိုင်ငံက ပြောကြားခဲ့ပြီးနောက် အီဂျစ်နှင့် ရုရှားနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုကို ရပ်ဆိုင်းခဲ့သည်။ **ဆင်ဟွာ**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ရိုက်ကူးတာဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ဖော်ညွှန်းရာရောက်တယ်

**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးဖြစ်မြောက်ရေးအတွက် သမိုင်းအထောက်အထားလွဲမှားမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နိုဝင်ဘာ၂၄ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူအချို့ကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားပါသည်။**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်လမ်း ရိုက်ဖို့ဆိုတာ တစ်ဖက်က သမိုင်းအထောက်အထားခိုင်လုံဖို့ လိုပါတယ်။ သမိုင်းအထောက်အထား ခိုင်လုံဖို့အတွက် တစ်ဖက်က နိုင်ငံတော်အဆင့် ပြုစုထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိသမိုင်းကြောင်းကို ပြန်ပြီး ရှာပါတယ်။ မြန်မာသမိုင်းအဖွဲ့ ဖွဲ့ထားတာ လွတ်လပ်ရေးရပြီး အချိန်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ မြန်မာသမိုင်းအဖွဲ့က ၁၉၅၀ ပြည့်နှစ်လောက်ကစပြီး လုပ်သားကောလိပ် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ကိုယ်ရေးသမိုင်းစာအုပ်ကို စတင်ပြုစုခဲ့ပါတယ်။ ၁၉၅၉-၆၀ ပတ်ဝန်းကျင်မှာ မူကြမ်းပြီးပါတယ်။ ၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အစိုးရ အပြောင်းအလဲဖြစ်သွားလို့ အဲဒီမူကြမ်းက အသက်ဝင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ သို့သော်လည်း မြန်မာသမိုင်းပညာရှင်များအဖွဲ့က ဆရာ ဆရာမကြီးတွေ အသက်အရွယ်လည်းရ၊ အချို့ကွယ်လွန်၊ အချို့ ပြည်ပထွက်ခွာမို့လို့ မြန်မာသမိုင်းအဖွဲ့ကို အစိုးရသစ်လက်ထက်မှာ ဦးစွာပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီးတဲ့အခါ လိုအပ်သမျှကို ပံ့ပိုးပေးပါတယ်။ ဆရာကြီး ဆရာမကြီး ၁၇ ဦးနဲ့ အချိန်ပြည့်ဖွဲ့ပါတယ်။ ၁၀ ဦးကို အချိန်ပိုင်းဖွဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ရေးသားပြုစုဖို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး သီးသန့်တာဝန်ပေးပါတယ်။ အတ္ထုပ္ပတ္တိသမိုင်းက ၉၉ ရာခိုင်နှုန်းမူကြမ်းပြီးပြီလို့ ပြောလို့ရပါတယ်။ အဲဒီမူကြမ်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထံတင်ပြပြီး အတည်ပြုချက် ယူပါမယ်။ သမိုင်းမှတ်တမ်းဖြစ်လာမယ့် ဗိုလ်ချုပ်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိသမိုင်းကို ပုံနှိပ်ဖြန့်ဝေသွားမှာဖြစ်ပါတယ်။

အဲဒီကိုယ်ရေးအတ္ထုပ္ပတ္တိ သမိုင်းစာအုပ်ကို အခြေခံပြီးမှ အခုရုပ်ရှင်သဘော ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ရိုက်ကူးတဲ့အခါမှာ လုပ်ငန်းကော်မတီဖွဲ့ပြီး ပင်မကော်မတီတစ်ရပ်ရှိပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပါတယ်။ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးဖြစ်ပါတယ်။ ပါသင့်ပါထိုက်တဲ့ ပညာရှင်တွေ၊ ရုပ်ရှင်ဘက်ကလည်း ပါ ပါတယ်။ ဝန်ကြီးဌာနဘက်ကလည်း ထည့်သွင်းဖွဲ့စည်းထားပါတယ်။

အဲဒီမှာ လုပ်ငန်းဆပ်ကော်မတီအသီးသီး ဖွဲ့ထားပါတယ်။ အခု ပထမအကြိမ် အစည်းအဝေးလုပ်မှာပါ။ ရန်ပုံငွေက ကျပ်သိန်း ၈၃၀၀ ကျော်ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလက်ထက် ဒုတိယကမ္ဘာစစ်တုန်းက ဇာတ်ဝင်ခန်းတွေ၊ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခဲ့တဲ့ လန်ဒန်က ရိုက်ကွင်းတွေ၊ တခြားဆက်နွယ်နေတဲ့ အိန္ဒိယက ရိုက်ကွင်းတွေ၊ စစ်ပညာသင်ကြားခဲ့တဲ့ ဂျပန်တို့ ဂျပန်ကကျွန်းတွေအထိ ရိုက်ကွင်းဆင်းမယ်ဆိုရင် သိန်းပေါင်းသောင်းချီကုန်ကျမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြတဲ့အခါ လောလောဆယ် ပြည်သူတွေ စားဝတ်နေရေး ကျပ်တည်းနေပါတယ်။ သိန်း ၈၃၀၀ နဲ့ပဲ ရအောင်ရိုက်ပါလို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှုပေးပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်တွင်းမှာ လှူဖို့ ကမ်းလှမ်းတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေလည်းရှိပါတယ်။ ရုပ်ရှင်၊ အနုပညာရှင်တွေဘက်ကလည်း ပါဝင်ကူညီရိုက်ကူးပေးဖို့ အများကြီးရှိပါတယ်။ သို့သော် ကနဦးအစပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ပဲ ဆက်ရိုက်သွားမှာဖြစ်ပါတယ်။ သိန်း ၈၃၀၀ နဲ့ပဲ ရအောင်ရိုက်သွားပါမယ်။ ငွေအား၊ ပညာအား၊ လုပ်အားနဲ့ ဝိုင်းဝန်းကူညီမယ့်သူတွေကတော့ တစ်နိုင်ငံလုံးဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ သမိုင်းကြောင်းက မေးမှိန်ခဲ့ပါတယ်။ မေးမှိန်ခဲ့တဲ့သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်ဖို့ ကြိုးပမ်းခြင်းဖြစ်ပါတယ်။ ကနဦး တင်ပြခဲ့သလိုပဲ တစ်ဖက်ကလည်း အတ္ထုပ္ပတ္တိကို ပကတိအမှန်အတိုင်း ပြန်ရေးနေပါပြီ။ ပြီးပါပြီ။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွက် ကျေးဇူးကြီးမားလှတဲ့ အာဇာနည်အမျိုးသားခေါင်းဆောင်ကြီးရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ တာဝန်ယူပြီး ဆောင်ရွက်ခွင့်ရတဲ့အတွက် ဘဝမှာ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို



ဦးလူမင်း



ဒါရိုက်တာ မင်းထင်ကိုကိုကြီး

**ဦးလူမင်း**
**(ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး)**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးရေးဘုတ်အဖွဲ့ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့မှာ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ၅ နှစ်ကျော်ကာလအထိ ရိုက်ကူးနိုင်ခြင်းမရှိခဲ့ပါဘူး။ နိုင်ငံတကာအဆင့်မီ အကောင်းဆုံး ဖန်တီးရိုက်ကူးချင်တဲ့အတွက် ရန်ပုံငွေအခက်အခဲအရ အချိန်ကာလ ကြန့်ကြာသွားခြင်းဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေး ဘုတ်အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီးတော့ ဒီနေ့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကောင်းဆုံးရိုက်ကူးတင်ဆက်ပြီး ပြည်သူလူထုရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဗိသုကာကြီးဖြစ်တဲ့၊ တပ်မတော်ရဲ့ ဖခင်ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိအကြောင်းကို အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော်ပြီးတော့ ပြည်သူလူထုရှေ့မှောက်ကို အမြန်ဆုံးပြသနိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်းပြီးတော့ ဆောင်ရွက်သွားကြမှာပါ။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ရိုက်ကူးတာဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ဖော်ညွှန်းရာရောက်တယ်။ မြန်မာပြည်ရဲ့ လွတ်လပ်ရေးသမိုင်းကြောင်းကိုလည်း ဖော်ကျူးရာရောက်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားဖခင်ကြီးအကြောင်းကို အခုလို ဂုဏ်ပြုရိုက်ကူးတင်ဆက်တာ နောင်လာ နောက်သားတွေအတွက် မှတ်သားဖွယ်ရာဖြစ်အောင် ရိုက်ကူးတင်ဆက်တာဖြစ်ပါတယ်။ စတင်ရိုက်ကူးဖို့ စိတ်ကူးစိတ်သန်း ပြောဆိုခဲ့ကြကတည်းက အမေဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ပါဝင်ခဲ့တဲ့သူဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်ကတော့ ဒီရုပ်ရှင် အောင်မြင်အောင် ရိုက်ကူးနိုင်ဖို့ဆိုရင် ဘယ်အခန်းကဏ္ဍကဖြစ်စေ ဆုံးခန်းတိုင်တဲ့အထိ ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်ထားပါတယ်။

**ဒါရိုက်တာမင်းထင်ကိုကိုကြီး**

၂၀၁၅ မှာ ဒီဘက်က ဇာတ်ညွှန်းပြီးသွားပြီ၊ ဘတ်ဂျက်ရှာဖွေဖို့လုပ်နေပြီ၊ ရိုက်ကူးရေးစတော့မယ်။ ရွေးကောက်ပွဲမတိုင်ခင်ပေါ့။ ပြီးတော့ ၂၀၁၇ ခုနှစ် ဇွန်လမတိုင်ခင်က အစည်းအဝေးလုပ်ပြီး သိန်းသုံးသောင်းကုန်ကျမယ့် ဇာတ်ကားကို သိန်းရှစ်ထောင်ကျော်နဲ့ ရိုက်ကူးဖို့ တာဝန်ထပ်ပေးတယ်။ ဒီရုပ်ရှင်ကို ဖြစ်အောင်ရိုက်ရမယ်ဆိုတဲ့ စိတ်ကူးတစ်ခုတည်းနဲ့ တာဝန်ယူခဲ့တယ်။ ၂၀၁၈-၂၀၁၉ မှာ ဇာတ်ညွှန်းပြန်လည်ရေးသားခြင်းနဲ့ ရိုက်ကူးခြင်းကို လုပ်မယ်ဆိုပြီး တာဝန်ယူခဲ့တယ်။ အစိုးရအဖွဲ့ကနေ ဒီရုပ်ရှင်ရိုက်ကူးရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်လာတယ်။ အများကြီး အထောက်အပံ့ပေးဖို့ဖြစ်လာတယ်။ ကိုယ့်ဘက်ကလည်း ပြင်ဆင်ပြီးသား အနေအထားဖြစ်နေပြီ။ လက်ရှိလုပ်နေတဲ့ အဖွဲ့အစည်းကလည်း ရပ်နေပြီ။

ဒီရုပ်ရှင်ရိုက်ကူးဖို့ နှစ်နှစ် စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့အတွက် ဒီရုပ်ရှင်ရိုက်ကူးဖို့ အစိုးရတာဝန်ပေးတဲ့ အချိန်မှာလည်း တာဝန်ယူထားတယ်။ ၂၀၁၈ ဇန်နဝါရီလကနေ စရိုက်မယ်၊ ၂၀၁၉ ဒီဇင်ဘာလမှာ ပြသဖို့အတွက် အဆင်သင့်ဖြစ်နေရမယ်။ နှစ်နှစ်ဆိုတာ ရိုက်ကူးရေးတစ်ခုတည်းမဟုတ်ဘူး၊ ဇာတ်ညွှန်းနဲ့ ရိုက်ကူးဖို့ ပြင်ဆင်ရေး၊ ရိုက်ကူးရေး၊ ပြီးတော့ တည်းဖြတ်ဖို့အတွက် စသဖြင့် နှစ်နှစ်အချိန်ယူထားပါတယ်။ ဇာတ်ကားနာမည်ကတော့ "အောင်ဆန်း"ပါပဲ။ ယခင်ပေးထားတဲ့ အတိုင်းပါပဲ။ သရုပ်ဆောင်အပိုင်းမှာတော့ ရွေးချယ်လေ့ကျင့်ပေးထားပြီးသားဖြစ်တဲ့ ဗိုလ်ချုပ်နေရာမှာ "ကျော်ကျော်မျိုး"၊ ဒေါ်ခင်ကြည်နေရာမှာ "ဇာခြည်လင်း" အဲဒီနှစ်ယောက်က အဓိကပေါ့။ သူတို့နှစ်ယောက်ကလည်း ရုပ်အားစိတ်အားနဲ့ ဒီရုပ်ရှင်ကို ရိုက်ကူးဖို့အတွက် အဆင်သင့်ဖြစ်နေတယ်။ ပြည်တွင်းရော ပြည်ပမှာပါ နှစ်ခုလုံးမှာ ရိုက်ဖို့ဆိုတာကတော့ ဘတ်ဂျက်ပေါ်မှာ မူတည်ပါတယ်။

ဇာတ်ညွှန်း၊ ဇာတ်လမ်းအပြင် ရုပ်ရှင်ဇာတ်ကား အရည်အသွေးမီတဲ့ကားဖြစ်ဖို့ဆိုတာ တော်တော်များများ ဘတ်ဂျက်အပေါ်မှာ မူတည်နေတယ်။ ဇန်နဝါရီလလောက်မှာ ဘတ်ဂျက်ကိစ္စ တိတိကျကျသိမှရမှာ။ ဇာတ်ညွှန်းကလည်း ဘတ်ဂျက်အပေါ်မူတည်ပြီး ပြန်ရေးရင် ရေးရဦးမှာ။ ရုပ်ရှင်ဆိုတာ ဇာတ်ညွှန်းပဲ၊ ဇာတ်ညွှန်းကောင်းမှ ရုပ်ရှင်ကောင်းမှာ။ ဇာတ်ညွှန်းပိုင်းက တော်တော်အရေးကြီးတယ်။ ဇာတ်ညွှန်းကို သေသေချာချာ ပြင်ဆင်ပြီးမှ ရိုက်ကူးရေးကို သွားဖို့ စီစဉ်ထားပါတယ်။

**တွေ့ဆုံမေးမြန်း- ရီရီမြင့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## ဒီဇင်ဘာ လူထုအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံး အမျိုးသားအားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူလူထုတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲစေရန် ရည်ရွယ်၍ ဒီဇင်ဘာလူထုအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းဆုံမှ စတင်တာထွက်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် (အား/ကာ) ခရိုင်၊ မြို့နယ်အရာရှိများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပေါင်းစုံမှ ပြည်သူလူထုများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ အထက(၂)လသာမှ ဘင်ခရာ၊ ပန်းဖွားအကကျောင်းသူလေးများနှင့်အတူ တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ရာ စုပေါင်းလမ်းလျှောက်ပွဲကို မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းဆုံမှ စတင်တာထွက်၍ မြို့မကျောင်းလမ်းမှ အလုံလမ်း၊ ယင်းမှ ဗဟိုလမ်း၊ ရှင်စောပုလမ်းနှင့် ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ ပြန်လည်ပန်းဝင်ကာ မြို့နယ်အလိုက် လူဦးရေ ၄၂၀၀၀ ခန့် ပြည်သူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။

**ကြေးမုံ**

## ဒီဇင်ဘာ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အမျိုးသားအားကစား စိတ်ဓာတ်အပြည့်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားဆင်နွှဲစေရန် ရည်ရွယ်ချက်များဖြင့် ဒီဇင်ဘာလူထုလှုပ်ရှား အားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၅ နာရီခွဲက မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးရှေ့ စုရပ်မှ စတင်တာထွက်ရာ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ မြို့နယ်အားကစားကော်မတီဝင်များ၊ မြို့နယ်အားကစားမှူးနှင့် နည်းပြမှူးများ၊ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ စုစုပေါင်း အင်အား ၁၅၀၀ ကျော် တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို အင်းစိန်မြို့နယ် ဗဟိုလမ်းထောင့်နှင့် လမ်းသစ်လမ်းဆုံရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးရှေ့ရှိ သတ်မှတ်ထားသော ပန်းခြံစုရပ်မှ စတင်ထွက်ခွာပြီး လမ်းသစ်လမ်းတစ်လျှောက် ယင်းလမ်းမှ ရွှေပြည်အေးလမ်းအတိုင်း ဘူတာရုံလမ်းတစ်လျှောက်၊ ယင်းဘူတာရုံလမ်းမှ မီးရထားဘောလုံးကွင်းသို့ ပြန်လည်ဝင်ရောက်၍ မြို့နယ်အတွင်း ပြည်သူလူထု စုပေါင်းလမ်းလျှောက်အဖွဲ့ ၁၅၀၀ ကျော် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲအမှတ် (၁)နှင့် အတွဲအမှတ် (၂) လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

**ဉာဏ်ဟိန်း**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဖြစ်ပျက်နှင့် ကျွန်တော်

အောင်ဘ(OKPO)

**ဖြစ်ပျက်နှင့် ကျွန်တော်**

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းအဖြစ် (၂၆)နှစ်တာဝန်ထမ်းဆောင်ခဲ့၏။ ဝန်ထမ်းဘဝ တစ်ခါတစ်ရံ စိတ်ရှုပ်ထွေးမှုများ၊ စိတ်ဆင်းရဲမှုများ၊ စိတ်ဖိစီးမှုများနှင့် ကြုံတွေ့ရ၏။ မြို့တစ်မြို့တွင် တာဝန်ထမ်းဆောင်စဉ်က အထက်အကြီးအကဲနှင့် အဆင်မပြေခဲ့။ အဆင်မပြေသဖြင့် စိတ်ဆင်းရဲမှုနှင့် ကြုံတွေ့ခဲ့ရ၏။ လုပ်ငန်းခွင်တွင်မပျော်။ အထက်အကြီးအကဲနှင့် တွေ့ဆုံရမှာကိုပင် ကြောက်နေမိသည်။

ခရိုင်ရုံး၌ တစ်ပတ်လျှင် နှစ်ရက် အစည်းအဝေးတက်ရ၏။ အစည်းအဝေးကို မတက်ချင်။ အစည်းအဝေးတွင် ဆူပူခံရမှာကို ကြောက်၏။ ထို့ကြောင့် အစည်းအဝေးတွင် တင်ပြမည့်အစီရင်ခံစာကို ပြည့်စုံအောင်ဆောက်ရွက်ရ၏။ ပင်ပန်းလှ၏။ စိတ်ဆင်းရဲရသဖြင့် တရားနဲ့ဖြေရ၏။ အရာရာဖြစ်ပျက်ပါလား။ ဘယ်အရာမှမမြဲပါလား။ ယခုလည်းအစည်းအဝေးတက်ရောက်ရန် ခရိုင်ရုံးသို့သွားရ၏။ ဒါကို စိတ်ထဲမှာဖြစ်နေပြီ ဖြစ်နေပြီ ဖြစ်နေပြီဟု မှတ်နေမိ၏။ အစည်းအဝေးမှာ တွေ့ဆုံရင်ဆိုင်ရမှာကိုး။

အစည်းအဝေးပြီး၍ မိမိတာဝန်ကျရာမြို့သို့ပြန်ခဲ့၏။ အစည်းအဝေးမှာ ရင်ဆိုင်ပြီးဖြစ်၍ တဒင်္ဂစိတ်ချမ်းသာမှုရခဲ့ပြီ။ ပျက်သွားပြီ ပျက်သွားပြီ ပျက်သွားပြီဟု မှတ်နေမိသည်။

ဖြစ်ပျက်က ဤသို့မဟုတ်ချေ။ နောက်မှ သိရှိလာခဲ့ရပေသည်။

**ခန္ဓာငါးပါး**

ခန္ဓာငါးပါးဆိုတာဟာ လုံးရပ်သဏ္ဍာန်ပုံ ဟန်နိမိတ်ရှိတဲ့ အလေးချိန် ပိဿာ သုံးဆယ်၊ လေးဆယ်ရှိပညတ်ခန္ဓာကို မဆိုလိုပါ။ အပေါင်းအစု အထင်အရှားရှိတဲ့ တရားကို သက္ကာယလို့ ခေါ်ပါသည်။ သက္ကာယဆိုတာ ခန္ဓာငါးပါးကိုခေါ်ပါသည်။

ခန္ဓာငါးပါးမှာ-

(၁) ရူပက္ခန္ဓာ - ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု၊
(၂) ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားတတ်တဲ့သဘောအစု ဖြစ်ပျက်မှု၊
(၃) သညက္ခန္ဓာ - ဖြူနီကြောင်ကျားမှတ်တတ်တဲ့ သဘောအစု ဖြစ်ပျက်မှု၊
(၄) သင်္ခါရက္ခန္ဓာ - ပြုပြင်စေ့ဆော်တတ်တဲ့သဘောအစု ဖြစ်ပျက်မှု၊
(၅) ဝိညာဏက္ခန္ဓာ- သိတတ်တဲ့သဘောအစုဖြစ်ပျက်မှုတို့ ဖြစ်ကြပါသည်။

ခန္ဓာငါးပါးတို့သည် အာရုံနဲ့ဒွါရတိုက်မှ ပေါ်လာသော ခန္ဓာဖြစ်သောကြောင့် တစ်ပေါင်းတည်း (၅)ပါးလုံး အတူတကွ ပေါ်လာပါသည်။ ပျက်တော့လည်း အတူတကွ တပေါင်းတည်း ပျက်ကြပါသည်။

**ရုပ်နာမ်နှစ်ပါး**

အစုအပုံကို ခန္ဓာဟုခေါ်သည်။ ပစ္စည်းများကို စုပုံထားသလိုကား မဟုတ်။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လာမည့် ရုပ်နာမ်များကို ဉာဏ်ဖြင့် စုပုံထားခြင်းပင်ဖြစ်သည်။ ရုပ်နာမ်တို့ကို ဉာဏ်ဖြင့်စုပုံလျှင် အစုအပုံ ခန္ဓာငါးပါးဖြစ်သည်။

ရူပခန္ဓာသည် ရုပ်ဖြစ်ပြီး ကျန်ခန္ဓာ(၄)ပါးဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာသည် နာမ်ခန္ဓာများဖြစ်သည်။ ရုပ်နာမ်နှစ်ပါး(သို့မဟုတ်) ခန္ဓာငါးပါးသည် တကယ်အစစ်အမှန်ရှိသော တရားဖြစ်သောကြောင့် သက္ကာယမည်၏။

**ပညတ်တရားနှင့် ပရမတ်တရား**

ဤရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို ယောက်ျားဟူ၍ မှည့်ခေါ်သတ်မှတ်၊ မိန်းမဟူ၍မှည့်ခေါ်သတ်မှတ်ပြီးလျှင် "ယောက်ျား" "မိန်းမ"ဟု သိမှတ် ခံယူနေသည်ကား အသိမှား၊ အမှတ်မှား ဖြစ်နေတော့၏။

အမှန်စင်စစ်ကား၊ ယောက်ျား၊ မိန်းမဆိုတာမရှိ။ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးသာရှိသည်။ သူငါဆိုတာမရှိ။ ပုဂ္ဂိုလ်သတ္တဝါဆိုတာလည်း မရှိ။ ရုပ်နာမ်နှစ်ပါး ခန္ဓာ ငါးပါးသာရှိသည်။ ဦးဖြူ၊ ဦးနီ၊ ဒေါ်ဖြူ၊ ဒေါ်နီ၊ မပု၊ မအုံ၊ မနု ဆိုတာမရှိ။ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးသာရှိသည်။

တကယ်အစစ်အမှန်ရှိသော ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့သည် ပရမတ်တရားများဖြစ်ကြ၏။ ယင်းပရမတ်တရားတို့အပေါ်မှာ ခေါ်ရုံသာခေါ်နိုင်ဖို့ မှည့်ခေါ်သတ်မှတ်ထားသော ယောက်ျား၊မိန်းမ၊ သတ္တဝါ၊ သူ၊ ငါ၊ ဦးဖြူ၊ ဦးနီ၊ ဒေါ်ဖြူ၊ ဒေါ်နီ၊ မပု၊ မအုံ၊ မနု၊ သားသမီး မြေး မြစ်စသောအမည်တို့ကား ပညတ်တရားတို့သာ ဖြစ်ကြပေကုန်၏။ တကယ်အစစ်မရှိ။ ရှာသော်မတွေ့။ မရှိ၍ မတွေ့ခြင်းဖြစ်သည်။

"ပရမတ်တရား" တို့ကား ရှာသော်တွေ့၏။ ဖောက်ပြန်မှု သဘောတရားကို တွေ့၏။ ရှိ၍တွေ့ခြင်းဖြစ်သည်။ ရှိတာကိုရှုရမည်။ မရှိတဲ့ ပညတ်ကို သွားပြီး မရှုရပါ။

**ဒုက္ခအမျိုးအစား(၃)မျိုး**

နေတ္တိပါဠိတော်မှာလာသော ဒုက္ခအမျိုးအစားတို့ကို ခွဲခြား၍ သိထားသင့်သည်။ သို့မှသာ ဝိပဿနာရှုရာတွင် မည်သည့်ဒုက္ခကို ရှုရမည်ဟု ပီပီပြင်ပြင် သိမြင် လာနိုင်ပေမည်။

တိဿေ ဒုက္ခတာ ဒုက္ခဒုက္ခတာ၊
သင်္ခါရ ဒုက္ခတာ၊ ဝိပရိဏာမ ဒုက္ခတာ၊
အဓိပ္ပာယ်မှာ ဒုက္ခသည် သုံးမျိုးသုံးစားရှိ၏။ ယင်းတို့ကား

(၁) ဒုက္ခ ဒုက္ခ
(၂) သင်္ခါရဒုက္ခ
(၃) ဝိပရိဏာမဒုက္ခတို့ ဖြစ်ကြသည်။

(၁) "ဒုက္ခ ဒုက္ခ" ဆိုတာ နဂိုကပင် ဒုက္ခသစ္စာကြီးဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာပေါ်မှာ နောက်ထပ်အပိုတိုးလာတဲ့ ဒုက္ခများ ဖြစ်ကြ၏။ ဥပမာ ခေါင်းကိုက်၊ ဗိုက်နာ၊ ခါးအောင့်၊ ဇက်ထိုး၊ ထုံကျင်၊ ကိုက်ခဲ၊ ညောင်းညာ၊ အနာပေါက်၊ ဓားထိ၊ ဆူးစူး၊ ပွေးဝဲ နှင်းခူတွေဖြစ်၊ အပြင်းဖျား စသည်တို့ ဖြစ်ကြ၏။ နဂိုဒုက္ခသစ္စာခန္ဓာကြီးပေါ်တွင် အပိုဒုက္ခတွေ ထပ်မံတိုးလာတာကြောင့် "ဒုက္ခ ဒုက္ခ" ဟုခေါ်သည်။

(၂) "သင်္ခါရဒုက္ခ" ဆိုသည်ကား ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့၏ စက္ကန့်မလပ်၊ မိနစ်မလပ် တရစပ် ဖြစ်ပျက်ပြောင်းလဲနေတဲ့၊ ဖောက်ပြန်ပြောင်းလဲနေတဲ့ ဒုက္ခများကို ခေါ်ဆိုသည်။

(၃) "ဝိပရိဏာမ ဒုက္ခ"ဆိုတာ ဖောက်ပြန်ပြောင်းလဲလာသော ဒုက္ခများဖြစ်ကြ၏။ ဥပမာ အိုမင်းယိုယွင်းလာခြင်း၊ မဲ့ခြောက်တွေ ပရဗျစ်ဖြစ်ပေါ်ခြင်း၊ ဆံပင်တွေဖြူလာခြင်း စသည်တို့ဖြစ်ကြ၍ နောက်ဆုံးတွင်သေကျေ ပျက်စီးခြင်းအထိဖောက်ပြန်သော ဒုက္ခများကို ဝိပရိဏာမ ဒုက္ခများဟု ခေါ်ဆိုကြသည်။

ဤသို့ ဒုက္ခသုံးမျိုးသုံးစားရှိရာတွင် ဝိပဿနာရှုသောပုဂ္ဂိုလ်သည် သင်္ခါရဒုက္ခ တစ်မျိုးကိုသာ ရှုရ၏။ ကျန် နှစ်မျိုးကိုမရှုရ။

**သင်္ခါရဒုက္ခကိုသာ ရွေး၍ရှုရမှာ**

ဒုက္ခ ဒုက္ခသည် ပြင်းထန်ခံရခက်သော်လည်း ပြုပြင်၍ရနိုင်၏။ ညောင်းညာ ကိုက်ခဲလာလျှင် အနင်းအနှိပ်သမားဖြင့် ပယ်ဖျောက်နိုင်၏။ ဖျားနာလျှင် ဆေးစား ဆေးထိုးခြင်းဖြင့် ပြုပြင်၍ရနိုင်သည်။

ဝိပရိဏာမဒုက္ခကိုလည်း ပြုပြင်၍ရနိုင်၏။ ဆံဖြူလာသည်ကို ဆေးဆိုးနိုင်၏။ သွားကျိုးသည်ကို အစားထိုး၍စိုက်နိုင်၏။ အသားအရေတွန့်သည်ကိုလည်း ပြုပြင်၍ရနိုင်သည်။

သင်္ခါရဒုက္ခကိုကား ပြုပြင်၍မရ။ ဒုက္ခဝေဒနာကြီးမို့ မလာပါနဲ့ဟု တား၍မရ။ သုခဝေဒနာကလေးမို့ မပျောက်ပါစေနဲ့ဟူ၍ တောင်းပန်၍မရ။ ဤဒုက္ခကမူ ကိုယ်မပိုင်၊ ကိုယ်မနိုင်၍ ဒုက္ခအစစ်ကြီးဖြစ်သည်။

"ဒုက္ခ မဿ မဟဗ္ဘယံ" ဒုက္ခအစစ်ကြီးဟု မြတ်စွာဘုရားရှင် ဟောတော်မူ၏။ ဤဒုက္ခကိုသာ ရှုကြရမည်ဖြစ်သည်။

**တစ်ချိန်တည်းမှာ နှစ်စိတ်မဖြစ်**

အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊
အညံ စိတ္တံ နိရုဇ္ဈတိ။
အဝီစိ မနု သမ္ဗန္ဓော၊
နဒီသောတောဝ ဝတ္တတိ။ (ဒီဃနိကာယ်၊ ၁၄၅၊ ၁၇၃) လို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ တစ်ချိန်တည်းမှာ နှစ်စိတ်ပြိုင်ပြီးဖြစ်ရိုးမရှိပါ။ တစ်စိတ်ပြီးမှ တစ်စိတ် တစ်စိတ်ချုပ်ပြီးမှ နောက်တစ်စိတ်ဖြစ်ပေါ်ရပါသည်။

(ယဒါ-အကြင်ခါ၌)၊ အညံအခြားသော၊ စိတ္တံ ရှေ့စိတ်သည်၊ နိရုဇ္ဈတိ ချုပ်ပျောက်သွား၏။ (တဒါ-ထိုအခါကျမှ)၊ အညံ အခြားသော၊ စိတ္တံ နောက်စိတ်သည်၊ ဥပ္ပဇ္ဇတေ ဖြစ်ပေါ်လာရ၏။ အဝီစိမနုသမ္ဗန္ဓော အကြားမလပ် ဆက်စပ်ကပ်လျက်၊ နဒီသောတော ဣဝ မြစ်ရေအလျဉ်ကဲ့သို့၊ ဝတ္တတိ ဖြစ်ပျက်၊ ဖြစ်ပျက်နေ၏။

**ဖြစ်ပျက်ပဲရှိတယ်။**

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။
တေသံ ဝူပသမော သုခေါ။ ။

သင်္ခါရ သင်္ခါရတို့သည်၊ ဝတစင်စစ်ဧကန် အမှန်အားဖြင့်၊ အနိစ္စမမြဲကြဘူးတဲ့။ ဥပ္ပါဒဝယ ဓမ္မိနောဖြစ်ပြီးတော့ ပျက်သွားခြင်းသဘော ရှိကြပေကုန်၏။ ဥပ္ပဇ္ဇိတွာ ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ ချုပ်ပျောက်ကုန်၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်ပေါ်လာရသည့် ရုပ်တရားများ၊ အာရုံနှင့်ဒွါရတို့ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာရသည့် နာမ်တရားများ၊ အဲ့ဒီ ရုပ်တရားနှင့် နာမ်တရားတွေဟာ အကြောင်းတရားတွေက ပြုပြင်လို့ ဖြစ်လာရသည့် အကျိုးတရားများဆိုတော့ သင်္ခါရတရားတွေပေါ့။

**သဗ္ဗေသင်္ခါရာ အနိစ္စာ**

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေက တစ်ကိုယ်လုံး မတည်ငြိမ်ဘဲ အမြဲမပြတ်တရစပ် ဖြစ်ပျက်နေကြ၏။ ရုပ်နာမ်တွေရဲ့ အဖြစ်အပျက်တို့ကို တကယ်မမြင်သေးဘဲနဲ့ "ရုပ်နာမ်တွေဟာ ဖြစ်ပျက်နေကြတာပဲ"လို့ ရော်ရမ်းမှန်းဆ စိတ်ကူးရုံမျှနှင့် ဝိပဿနာမဖြစ်နိုင်သေး။

ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက်တွေကို တကယ့်ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့မြင်သော အခါကျမှသာလျှင် "သဗ္ဗေ သင်္ခါရာ အနိစ္စာ" သင်္ခါရတရားများ အကုန်လုံး မမြဲကြဘူးဆိုတာတကယ်ဟုတ်ပါလားလို့ ယုံကြည်လာမှာဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့အနေဖြင့် ဝိပဿနာတရားများကို ကျင့်ကြံပွားများအားထုတ်၍ အရိယာသူတော်ကောင်းများဖြစ်နိုင်ကြစေရန်ဆန္ဒပြုလျက်။ ။

---


## ညောင်ချောင်းသာ အပန်းဖြေကမ်းခြေ ဒီဇင်ဘာလနောက်ဆုံးပတ် ဖွင့်မည် အပန်းဖြေသူများ စတင် လာရောက်လည်ပတ်လျက်ရှိ

**ညောင်တုန်း ဒီဇင်ဘာ ၁၆**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့၏ အနောက်ဘက်၊ (ရန်ကင်းစံရာကျေးရွာ)၌ သဘာဝ သဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ ရန်ကင်းသာ(ညောင်ချောင်းသာ)ကမ်းခြေသည်လွန်ခဲ့သော ခြောက်နှစ်ခန့်မှစ၍ ပေါ်ပေါက်လျက်ရှိရာ လူသိများထင်ရှားလာသော အပန်းဖြေကမ်းခြေ(ရေချိုးဆိပ်)တစ်ခု ဖြစ်သည်။

"ယခင်နှစ်များနဲ့ မတူညီဘဲ ကမ်းခြေကို ကားတိုက်ရိုက်ဆင်းနိုင်အောင် ကျယ်ပြန့်တဲ့ သဲသောင်ပြန့်ပေါ်၌ ရေကစားနိုင်အောင်၊ ဘေးအန္တရာယ်ကင်းအောင် အစီအမံတွေနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် အခုလာမယ့် ဒီဇင်ဘာနောက်ဆုံးပတ် ခရစ္စမတ်နေ့ လကုန်ပိုင်းလောက်မှာ စည်စည်ကားကား ဖွင့်လှစ်သွားနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

"၂၀၁၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး အပန်းဖြေသူတွေနဲ့ နှစ်စဉ်စည်ကားလျက်ရှိပါတယ်၊ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူ ပိုမိုများပြားလာပြီး ဒီနှစ်မှာလည်း ကမ်းခြေကို လာရောက်အနားယူလည်ပတ်သူတွေ၊ ကမ်းခြေအထိ ကားတိုက်ရိုက်ဆင်းလို့ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဘေးအန္တရာယ်မရှိနိုင်အောင် ညီညာကျယ်ပြန့်တဲ့ သဲသောင်ပြန့် အကျယ်ပေ ၃၀၀ ကျော်လောက် ကျယ်ပြန့်တဲ့ရေပြင်ပေါ်မှာ ရေကူးဆော့ကစားနိုင်မှာဖြစ်ပါတယ်၊ နေ့စဉ် ကွပ်ကဲရေးစခန်းကလည်း ဘေးကင်းလုံခြုံရေးအတွက် စဉ်ဆက်မပြတ် သတိပေးနှိုးဆော် အသိပေးကြေညာခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ထားရှိပြီး ဘေးကင်းလုံခြုံအောင် အစီအမံတွေနဲ့ သက်သောင့်သက်သာ အနားယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်၊ အရင်နှစ်တွေက အတွေ့အကြုံတွေထက် ပိုမိုကောင်းမွန်အောင် အတတ်နိုင်ဆုံး ကျွန်တော်တို့ကော်မတီက ဖြည့်စွက်စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ညောင်ချောင်းသာကမ်းခြေ ကြီးကြပ်တာဝန်ခံ ဒုဦးစီးမှူး ဦးအောင်နိုင်က ရှင်းပြသည်။



ယခုနှစ်တွင် သဘာဝသဲသောင်ပြန့်ကမ်းခြေမှာ ပေ ၅၀၀ ခန့်ကျယ်ပြန့်သော သဲသောင်ပြန့်မြေပေါ်တွင် အရန်သင့်စားသောက်ဖွယ်ရာ ဆိုင်ခန်း ၅၀ နေရာအဆောက်အအုံငယ်များအား စတင်ဆောက်လုပ်ပေးထားကြောင်း သိရသည်။

အဆိုပါအပန်းဖြေနေရာသည် ဧရာဝတီမြစ်ပြင်မှ "တိုက်ရိုက်သန့်ရှင်းလတ်ဆတ်သောလေကို ထိတွေ့ ရှူရှိုက်ခွင့်ရရှိပြီး သဲသောင်ပြန့်ပေါ်တွင်(ရေချို)ကူးခတ်ကစားနိုင်၍ ဖောကွင်းများစီးလျက် အပန်းဖြေအနားယူနိုင်ပြီး သန့်ရှင်းသော ဒေသထွက် ဖရဲသီး၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ အစားအသောက်များနှင့် အအေးမျိုးစုံတို့ကိုလည်း နှစ်သက်ရာ မှာယူစားသောက်နိုင်ကြောင်း သိရသည်။

ချောင်းသာ၊ ငွေဆောင်ကဲ့သို့ ကုန်ကျစရိတ်မများလှဘဲ အချိန်တိုအတွင်း သွားရောက်အပန်းဖြေနိုင်သည့် အဆိုပါရေချိုးဆိပ်(ညောင်ချောင်းသာ)ကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် ရန်ကုန်မြို့မှ အများပြည်သူများ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များပါ စတင် လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်မှ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို ရေချိုပေါ်မှ တိုက်ရိုက်ထိတွေ့ရှူရှိုက်ခွင့်ရသည့်အတွက် ကျန်းမာရေးအတွက် ကောင်းမွန်ကာ စိတ်လန်းဆန်းပြီး ရေပေါ်ဟိုတယ် အပန်းဖြေစခန်းတွင်လည်း စိတ်တိုင်းကျမှာယူသုံးဆောင်နိုင် အနားယူနိုင်သော နေရာတစ်ခုဖြစ်သည်။ ထို့ပြင် ညောင်တုန်းမြို့ပေါ် ပတ်ဝန်းကျင်ရှိ သမိုင်းဝင် ဆုတောင်းပြည့်စေတီဖြစ်သည့် အတုလမာရဇိန်သွန်းဘုရား၊ မိုးဟုတ်စေတီတော်၊ ဉသျှစ်လျှ ဘုရားနှင့် နိုင်ငံအေးဘုရားကြီး စသည့် တန်ခိုးကြီးဘုရားများသို့ သွားရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

ထို့ပြင် ဒေသထွက် လတ်ဆတ်သော သစ်သီးဝလံ ဟင်းသီးဟင်းရွက်များကို အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ကြောင်း သိရသည်။ ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးပြီး အပန်းဖြေလည်ပတ်မည်ဆိုပါက လှိုင်သာယာ(ဒဂုံဧရာ)အဝေးပြေးဂိတ် ရန်ကုန်မြို့မှ တစ်နာရီအချိန်တိုအတွင်း(နေ့ချင်းပြန်)သက်သောင့်သက်သာ၊ အကုန်အကျနည်းပြီး လာရောက်လည်ပတ်နိုင်သော အပန်းဖြေအနားယူစရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ရေကြောင်းလောကဖွံ့ဖြိုးတိုးတက်ရေးကို ရေကြောင်းကောလိပ်မှတစ်ဆင့် အထောက်အကူပြု ဆောင်ရွက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အရည်အသွေးပြည့်ဝသော ရေကြောင်းဆိုင်ရာ အရာရှိလောင်းများ မွေးထုတ်ပေးနိုင်ရေးနှင့် ရေကြောင်းလောကဖွံ့ဖြိုးတိုးတက်လာရေးကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရေကြောင်းကောလိပ်(ဆင်မလိုက်)ကျောင်းကြီးမှတစ်ဆင့် ရေကြောင်းကောလိပ် သင်တန်းသားဟောင်းများအဖွဲ့က ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကပ္ပတိန်စိုးလွင်(ရေကြောင်းကောလိပ်၊ ဆင်မလိုက်)မှ ကျောင်းသားဟောင်းက ပြောသည်။

အဆိုပါ ရေကြောင်းကောလိပ်ကျောင်းကြီးမှ အရည်အသွေးပြည့်မီသော ရေကြောင်းအရာရှိ Seafarer များ မွေးထုတ်ပေးနိုင်ရေးအတွက် အဘက်ဘက်မှ တတ်စွမ်းသမျှ ပံ့ပိုးကူညီနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါရေကြောင်းကောလိပ်ကျောင်းတော်ကြီး၌ ကျင်းပသွားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ၌ ရေကြောင်းကောလိပ်(ဆင်မလိုက်)ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းကြီးများနှင့် သင်တန်းသားများ စုပေါင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ရေကြောင်းကောလိပ်ကျောင်းတော်ကြီးကို ယခုထက် စည်စည်ကားကား ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နိုင်ငံတကာအဆင့်မီတဲ့ အရည်အသွေး



ပြည့်ဝတဲ့ Seafarer များ မွေးထုတ်ပေးနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသွားမှာပါ။ ဆွေးနွေးပွဲမှာလည်း ကျောင်းဆင်းအရာရှိ ဝါရင့်ကပ္ပတိန်ကြီးတွေသာမကဘဲ ဒီကျောင်းကြီးကနေ ဖွင့်လှစ်တဲ့ သင်တန်းအမျိုးမျိုးကိုတက်ရောက်ဖူးတဲ့ ဌာနဆိုင်ရာတွေနဲ့ ရေကြောင်းဘက်ဆိုင်ရာ ပုဂ္ဂလိကသင်တန်းသားတွေအားလုံး ပါဝင်ပြီး ဆွေးနွေးကြမှာပါ။ ဒီဆွေးနွေးပွဲကနေ ကျောင်းတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုပံ့ပိုးကူညီပေးနိုင်မယ်ဆိုတဲ့ အချက်တွေ ပေါ်ထွက်လာပါလိမ့်မယ်၊ ဒါတွေကို ကျွန်တော်တို့ ကျောင်းသားဟောင်းတွေအနေနဲ့ ရေကြောင်းကောလိပ်နဲ့ ညှိနှိုင်းပြီး အကောင်အထည်ဖော် ကူညီထောက်ပံ့ပေးသွားမှာပါ"ဟု ရေကြောင်းကောလိပ်(ဆင်မလိုက်)မှ ကျောင်းသားဟောင်း ကပ္ပတိန် စိုးလွင်က ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရေကြောင်းကောလိပ် ဖွံ့ဖြိုးတိုးတက်ရေး အကြံဉာဏ်များရယူခြင်း၊ အရာရှိလောင်းများအတွက် Scholarship Program များ ထောက်ပံ့ပေးခြင်း၊ ကျောင်းတွင် အရည်အချင်းပြည့်မီသော Certificate Holder ဆရာ ဆရာမများကို ဖြည့်ဆည်းရှာဖွေခြင်း၊ ကျောင်းတွင် Teaching Aids များ လိုအပ်ပါက အသင်းမှ ကူညီထောက်ပံ့ပေးခြင်း၊ ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကူညီပံ့ပိုးပေးခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ စာတမ်းဖတ်ပွဲများ(MMMC )ကို အခါအားလျော်စွာ ကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ သုတေသနစာတမ်းများ စီစဉ်ပေးခြင်း၊ အရာရှိလောင်းများ ကာယစွမ်းရည်၊ ဉာဏစွမ်းရည် တိုးတက်လာစေရန် အခါအားလျော်စွာ ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ ရေကြောင်းကောလိပ် ကျောင်းသားဟောင်းများအချင်းချင်း စည်းလုံးညီညွတ်ကာ ကျောင်းအတွက် အခက်အခဲများကို ကူညီနိုင်သည့် ဘောင်အတွင်းမှ ကူညီဖြေရှင်းပေးခြင်းစသည့် ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ပွင့်သစ္စာ**

# မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းတိုးခြင်း အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူမှု ယခုလအတွင်း စတင်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူမှုစနစ်ကို ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူမှုကို ဒီဇင်ဘာ ၂၇ ရက်မှ စတင်၍ စာရင်းသွင်းနိုင်ပြီဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစတင်၍ ယာဉ်စစ်ဆေးရမည့်ရက်ကို စတင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)မှ သိရသည်။

"ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးတုန်းကလည်း တိုကင်ယူတာကိုမှ အလွန်ကိုများပြီး အခက်အခဲရှိတဲ့အတွက် အွန်လိုင်းဘိုကင်စနစ်ကို ပြောင်းလိုက်တာပါ၊ အခုလည်း မော်တော်ယာဉ်တွေ မှတ်ပုံတင် သက်တမ်းတိုးတဲ့အခါမှာလည်း အခက်အခဲမရှိအောင် ယာဉ်ပိုင်ရှင်က အားတဲ့ရက်နဲ့ ကြိုတင်ရက်ချိန်းယူထားလို့ရအောင် ဆောင်ရွက်ပေးတာပါ။ အခုဆိုရင် စက်ကိရိယာတွေနဲ့လည်း စစ်ဆေးမှုတွေရှိနေတော့ အရင်ကထက် အချိန်အနည်းငယ် ပိုပေးလာရတဲ့အတွက် ကြိုတင်ရက်ချိန်းယူထားတဲ့စနစ်က အဆင်ပြေမှာပါ"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အွန်လိုင်းစနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူသည့်စနစ် (Online Booking System)ကို နှစ်လဲမော်တော်ယာဉ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်း စစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအနေဖြင့် အွန်လိုင်းဘိုကင်ရယူရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။ ကြိုတင်ရက်ချိန်းရယူရာတွင် ယာဉ်၏ သက်တမ်းကုန်ဆုံးရက်မတိုင်မီ သုံးလကြိုတင်၍ လည်းကောင်း၊ သက်တမ်းကုန်ဆုံးပြီး ငါးနှစ်သက်တမ်း ကျော်လွန်ခြင်းမရှိသည့်ယာဉ်များလည်းကောင်း ကြိုတင်ရက်ချိန်းရယူနိုင်ကြောင်း သိရသည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကြိုတင်ရက်ချိန်း ရယူမည်ဆိုပါက သက်တမ်းကုန်ဆုံးရက်မတိုင်မီ သုံးလ ကြိုတင်ရက်ချိန်းရယူသည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်အထိ သက်တမ်းကုန်ဆုံးမည့်ယာဉ်များ ကြိုတင်ရယူနိုင်ကြောင်း သိရသည်။ ယင်းအပြင် သက်တမ်း ငါးနှစ် ကျော်လွန်ခြင်းမရှိသည့်ယာဉ်များ ရက်ချိန်းရယူမည်ဆိုပါက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိသာ သက်တမ်းရှိနေသည့် ယာဉ်များ ရက်ချိန်းရယူနိုင်ကြောင်း သိရသည်။

အဆိုပါ ရက်ချိန်းရယူ၍ ယာဉ်မှတ်ပုံတင် သက်တမ်းတိုး ဆောင်ရွက်သည့်အခါ ရုံးဖွင့်ရက်များတွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းဟူ၍ နှစ်ကြိမ်ခွဲ၍ ရုံးများအလိုက် အစီးရေသတ်မှတ်ချက်အပေါ် မူတည်ဆောင်ရွက်ပေးသွားမည်



ဖြစ်သည်။ ကြိုတင်ရက်ချိန်းရယူရာတွင် Google Chrome Browser မှတစ်ဆင့် www.rtad.gov.mm Website သို့ ဝင်ရောက်ကာ အလွယ်တကူ ဆောင်ရွက်နိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဆုနှင်းလှဲ့**

# မုံရွာမြို့တွင် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများ တရားမဝင် ကုန်သွယ်မှုမပြုရေး ပိုစတာကမ်ပိန်းများ ပြုလုပ်

**မုံရွာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စက်မှုဇုန်အဝိုင်း၊ ဇက်ဆိပ်နှင့် ကားလေးဝင်းတို့တွင် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများ တရားမဝင်ကုန်သွယ်မှုမပြုရေး ပိုစတာကမ်ပိန်းများ(Poster Campaign) ပြုလုပ်လျက်ရှိသည်။

သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) WCS တို့ပူးပေါင်း၍ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ ပါဝင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အချက်အချာကျသော စက်မှုဇုန်အဝိုင်း၊ ဇက်ဆိပ်နှင့် ကားလေးဝင်းတို့တွင် "ဤဆိုင်တွင် တောရိုင်းတိရစ္ဆာန် အသားဟင်းလျာများ မရောင်းပါ"၊ "ဤဆိုင်တွင် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းနှင့် ပြုလုပ်ထားသောပစ္စည်းများ မရောင်းပါ"၊ "ဤယာဉ်လိုင်းတွင် တောရိုင်းတိရစ္ဆာန်ထွက် အစိတ်အပိုင်းများ သယ်ဆောင်ခွင့်မပြုပါ"စသည့် စာသားများပါရှိသော ပိုစတာများ စိုက်ထူခြင်း၊ တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများ တရားမဝင် ကုန်သွယ်မှုမပြုစေရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မုံရွာမြို့ King & Queen Hotel ၌ "တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲခြားစိစစ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ"ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်)တို့ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။ ဆွေးနွေးပွဲကို သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လိပ်မျိုးစိတ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသော ဒေသခံများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ညီတူး**



# ပြည်တွင်းရေးရာ

## ❂ ကျောဖုံးမှ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာဦးညွန့်လှုကတပင်တိုင်ဂုဏ်တော်ကို သီဆိုချီးမွမ်းပြီး သိက္ခာတော်ရဆရာ ဦးအောင်သက်ညွန့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

ယင်းနောက် သိက္ခာတော်ရ ဆရာတော်များက သမ္မာကျမ်းစာဖတ်ကြားခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်း၊ ကျေးဇူးတော်ချီးမွမ်းဆုတောင်းခြင်း၊ ညစာစားပွဲ တက်ရောက်လာကြသူများက ဓမ္မသီချင်းစုပေါင်းသီဆိုခြင်း၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ခရစ္စမတ် ဓမ္မဒေသနာဟောကြားခြင်းနှင့် ဂုဏ်ထူးဆောင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဇိုးထန်မောယာက ကောင်းချီးမင်္ဂလာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဝတ်ပြုပွဲအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခရစ်တော်မွေးနေ့မိတ်သဟာယ ညစာကို အတူတကွသုံးဆောင်ကြသည်။

**သတင်းစဉ်**

## ❖ ချင်းတွင်းမြစ်မှ

၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးမှ သိရသည်။

ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)သည် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်တွင်တည်ရှိပြီး ခန္တီးမြို့ဘက်ခြမ်းနှင့် ဆင်သေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ခြင်းဖြစ်ကာ ပင်မတံတားသည် ၄၄၉ ဒသမ ၅ မီတာအရှည်ရှိပြီး ခန္တီးဘက်ခြမ်းတွင် မီတာ ၂၂၀၊ ဆင်သေကျေးရွာဘက်ခြမ်းတွင် မီတာ ၁၄၀ ချဉ်းကပ်လမ်းများပါရှိသည့် သံကူကွန်ကရစ်သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကြောင်း၊ ၈ ဒသမ ၅ မီတာရှိ ယာဉ်သွားလမ်းနှင့် တစ်ဖက်လျှင် အကျယ် ၁ မီတာရှိ လူသွားလမ်းနှစ်လမ်းပါရှိကြောင်း၊ တံတားစုစုပေါင်းအရှည် ၈၀၉ ဒသမ ၅ မီတာ(၂၆၅၆ပေ)ရှိကြောင်း သိရသည်။

"နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဒီတံတားကို တည်ဆောက်ရခြင်းဖြစ်ပါတယ်၊ ချင်းတွင်းတံတား(ခန္တီး)က ခန္တီးမြို့နဲ့ဆိုတစ်မိုင်လောက်ပဲကွာပါတယ်၊ ခန္တီးမြို့ကနေ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ကိုသွားတဲ့လမ်းပေါ်မှာရှိတယ်၊ ဒီတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ်လမှာ စတင်ပြီးတော့ လုပ်ငန်းတွေအကောင်အထည်ဖော်ခဲ့တာပါ၊ တည်ဆောက်ရေးလုပ်ငန်းတွေက ၈၀ ရာခိုင်နှုန်းပြီးပါပြီ၊ တံတားကြီးတည်ဆောက်ပြီးစီးသွားရင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့က အဓိကမြို့ပေါ့၊ လဟယ်မြို့ရဲ့မြောက်ဘက်မှာဆိုရင်လည်း နန်းယွန်းမြို့ထိ၊ နန်းယွန်းမြို့ကနေကချင် ပြည်နယ်အထိ သွားလို့ရပါတယ်၊ ဒီတံတားကြီးကို ၂၀၁၈ ခုနှစ် မတ်လအတွင်း ဖွင့်လှစ်နိုင်ရေး ကြိုးစားတည်ဆောက်နေပါတယ်၊ ၂၀၁၈ ခုနှစ် မတ်လအတွင်းမှာတော့ လုပ်ငန်းအားလုံးပြီးစီးမယ်လို့ မျှော်လင့်ပါတယ်"ဟု တံတားတည်ဆောက်ရေး(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးခိုင်က ပြောသည်။

အဆိုပါ တံတားကြီးတည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် သွားလာရခက်ခဲသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့၊ နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့များသို့ အခြားတိုင်းဒေသကြီးများရှိ မြို့များမှ မုံရွာ-ရေဦး-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှ တံတားကြီးကို ဖြတ်သန်းပြီး လွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါတံတားကြီးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၃၀၂၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၆၀၀ သန်း စုစုပေါင်း ငွေကျပ် ၁၉၆၂၈ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

## ❍ ၂၀၁၇ ခုနှစ်မှ

ပြပွဲပဉ္စမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၃၉၇ ဦး တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ အချောထည် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၁၅၁)မှ (၂၃၀၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၂၃၀၁)မှ (၃၄၅၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၃၄၅၁)မှ (၄၆၀၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၄၆၀၁)မှ (၅၇၅၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၅၇၅၁)မှ (၆၆၈၅)ထိလည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲနှင့် ကျောက်စိမ်းအတွဲအမှတ်(၁၁၅၀) ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည့်အပြင် ကျောက်စိမ်း၊ ကျောက်မျက်တန်ဖိုးမြင့်အချောထည်ပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ **သတင်းစဉ်**

## ❍ ရှေ့ဖုံးမှ

ကျွန်တော်တစ်ဦးချင်းအနေနဲ့ ပြောတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအထဲက အချို့အချက်တွေသည် ကျွန်တော်တို့စောစောကတည်းက ကြိုးစားနေတဲ့အချက်တွေဖြစ်ပါတယ်။

စာအုပ်စာတမ်းတွေ သယ်ယူပို့ဆောင်တဲ့အခါ ပို့ဆောင်ခတွေသက်သာဖို့၊ အခွန်အခတွေ လျှော့ပါးဖို့ဆိုတဲ့အချက်တွေ ပြောဆိုဆွေးနွေးခဲ့တာတွေရှိပါတယ်။ နောက်ပြီး စာကြည့်တိုက်များနဲ့ ပတ်သက်တဲ့အပိုင်းမှာ၊ တိုင်းရင်းသားလူမျိုးစုစာပေနဲ့ ပတ်သက်တဲ့အပိုင်းတွေမှာ ကျွန်တော်တို့ကိုယ်တိုင်လည်း လုပ်ကိုင်ဆောင်ရွက်နေတာတွေရှိပါတယ်။ အခု ဒီနေ့တက်ရောက်လာတဲ့ စာပေပညာရှင်၊ စာပေသမားတွေအားလုံးကလည်း ဒီအကြောင်းတွေကို စိတ်ဝင်စားတာ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီအထဲမှာ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေလည်းတွေ့ပါတယ်။ အဲဒါကိုလည်း ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။

ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်တွေကို တကယ်အများအသုံးပြုတဲ့ ပြည်သူ့စာကြည့်တိုက်တွေ၊ သက်ဆိုင်ရာ ရပ်ရွာလူ့အဖွဲ့အစည်းကို အကျိုးပြုတဲ့ စာအုပ်စာပေတွေ ထားရှိဖို့နဲ့ ရပ်ရွာအသုံးပြုနိုင်တဲ့နေရာဌာနတစ်ခုဖြစ်ဖို့ဆိုတာတွေကို ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေကို Community Center တွေ ဖြစ်ဖို့၊ အများပြည်သူ ဝင်ထွက်သွားလာ ဆွေးနွေးတိုင်ပင်နိုင်နေဖို့၊ ရပ်ရွာကိစ္စတွေကို ဆွေးနွေးတိုင်ပင်ပြီး ဆုံးဖြတ်ချက်တွေချကာ သက်ဆိုင်ရာဌာနတွေကို ဆက်လက်တင်ပြပြီး ဖြစ်စေချင်တာတွေကို ဆွေးနွေးနိုင်ဖို့ နေရာဌာနတွေအနေနဲ့ ပြောင်းလဲပြင်ဆင်လုပ်ကိုင်နေတာတွေရှိပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ကျွန်တော်ပြောချင်တာတစ်ခုက အခု ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေကို တကယ် စာအုပ်စာတမ်းစုံလင်ဖို့၊ အင်တာနက်ရရှိဖို့၊ စာကြည့်တိုက်အသွင် ပြည့်ပြည့်ဝဝ ဆောင်ရွက်ဖြစ်ဖို့ဆိုရင် နေရာဌာနအသီးသီး၊ မြို့နယ်အသီးသီးမှာရှိတဲ့ စာပေသမားများက ဒီစာကြည့်တိုက်တွေနဲ့အတူ ပူးတွဲပြီး စာပေဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့လိုတယ်လို့ မြင်ပါတယ်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေညီလာခံ(၂၀၁၇) ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ကျွန်တော်တို့အနေနဲ့လည်း ဖိတ်ခေါ်နေပါတယ်။ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေမှာ စာပေဆွေးနွေးပွဲတွေ၊ စာဖတ်ဝိုင်းတွေ၊ Book Club တွေ ဖွဲ့စည်းဖို့လည်း လုပ်နေတာတွေရှိပါတယ်။ သက်ဆိုင်တဲ့ နေရာအသီးသီးမှာရှိတဲ့ စာပေသမားများက ပါဝင်ဆောင်ရွက်စေချင်ပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် အခု တောင်းဆိုနေတဲ့ ၊ ပြောဆိုဆွေးနွေးနေတဲ့အချက်တွေသည် အလိုအလျောက် ရုပ်လုံးပေါ်လာလိမ့်မယ်လို့ မြင်ပါတယ်၊ တိုင်းရင်းသားလူမျိုးစုစာပေနဲ့ပတ်သက်ရင်လည်း တိုင်းရင်းသားစာပေများရှိတဲ့ပုံနှိပ်စာနဲ့ တိုင်းရင်းသားဘာသာစကားအမျိုးမျိုးရှိပြီးတဲ့ စာပေများကို ကျွန်တော်တို့ စုဆောင်းနေတာရှိပါတယ်။ ဒီစာပေများနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲ၊ ပြပွဲတစ်ခုလုပ်ဖို့လည်း စီစဉ်နေတာရှိပါတယ်။ အဲဒီအခါမှာလည်း အနယ်နယ်အရပ်ရပ်မှာရှိတဲ့ စာပေသမားများကို ဆက်သွယ်ဖိတ်ခေါ်ပြီး အတူလက်တွဲ ဆောင်ရွက်ဖို့ စိတ်ကူးအစီအစဉ်ရှိပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ဧည့်သည်တစ်ဦးအဖြစ်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးချင်ပါတယ်။ သို့သော် အကြောင်းအားလျော်စွာ မဆွေးနွေးနိုင်ဘဲ အခု ဒီနေ့မှရောက်လာတာဖြစ်ပါတယ်။ ကျွန်တော့်ကို အခုလို အမှတ်တရစကား ပြောကြားခွင့်ရတဲ့အတွက် စာပေညီလာခံ(၂၀၁၇) ကျင်းပရေးကော်မတီနဲ့ ကြွရောက်လာကြတဲ့ စာပေမိတ်ဆွေများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ စာပေညီလာခံ(၂၀၁၇)အောင်မြင်ပါစေ၊ စာပေညီလာခံ(၂၀၁၇)က ဆုံးဖြတ်တဲ့ ရလဒ်များကို တကယ်လက်တွေ့အကောင်အထည်ပေါ်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်ဟု ပြောကြားသည်။

ထို့နောက် စာပေညီလာခံ(၂၀၁၇)အောင်မြင်စွာ ကျင်းပပြီးစီးနိုင်မှုအတွက် ကျင်းပရေးကော်မတီ ကိုယ်စား စာရေးဆရာမ မစန္ဒာက ကျေးဇူးတင်စကားပြောကြားသည်။

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက် မှ ၁၆ ရက်အထိ လေးရက်ကြာကျင်းပခဲ့ခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်ရလဒ်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေညီလာခံ(၂၀၁၇)ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာ သမဂ္ဂ၊ မြန်မာနိုင်ငံစာရေးဆရာကလပ်၊ မြန်မာနိုင်ငံကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ စာပေပညာရှင်များ၊ စာရေးဆရာ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေ ဝါသနာရှင်များနှင့် စာပေကို ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် စာပေညီလာခံ(၂၀၁၇)သို့ တက်ရောက်လာသော စာပေအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Yangon City ဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် စာပေညီလာခံကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌဆရာ မောင်သွေးသစ်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာပေညီလာခံကျင်းပရေး ကော်မတီဝင်များ၊ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**မြန်မာစာပေအရေးအသားဆိုင်ရာ ဆွေးနွေးပွဲရလဒ်များကို တက်ရောက်လာကြသူများက မဲကတ်ပြားကိုင်ဆောင်၍ အတည်ပြုဆုံးဖြတ်ကြစဉ်။** သတင်းစဉ်



**ပညာရေးဆိုင်ရာ ဆွေးနွေးပွဲရလဒ်များကို တက်ရောက်လာကြသူများက မဲကတ်ပြားကိုင်ဆောင်၍ အတည်ပြုဆုံးဖြတ်ကြစဉ်။** သတင်းစဉ်

# စာပေညီလာခံ(၂၀၁၇) အောင်မြင်မှုမှ မြန်မာ့စာပေလောက ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်ခရီး မျှော်လင့်ချက်များ

**"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာပေညီလာခံ(၂၀၁၇)ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာကျင်းပခဲ့ရာ ယနေ့တွင် ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ညီလာခံ ပထမနေ့မှ တတိယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြပြီး ယနေ့(စတုတ္ထနေ့)နံနက်ပိုင်းတွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့တင်သွင်းပြီး မဲခွဲဆုံးဖြတ် အတည်ပြုချက်ရယူကြရာ ညီလာခံနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၏ အမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။**



**ဆရာမျိုးမြတ်သူ**




**ဆရာမျိုးမြင့်ညိမ်း**



**ဆရာမြေမှုန်လွင်**



**ကဗျာဆရာ မောင်သွေးသစ်**



**စာရေးဆရာမ ဇင်ဝေဝေနှင်း**

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဒီစာပေညီလာခံဟာဆိုရင် စာပေအဖွဲ့အစည်းအသီးသီးက လွတ်လပ်စွာကျင်းပတဲ့ ညီလာခံဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ကူညီတာတွေရှိပါတယ်။ အဓိကအားဖြင့်တော့ စာပေအဖွဲ့အစည်းတွေ ပူးပေါင်းပြီး ကျင်းပတာဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ "လွတ်လပ်သော စာပေ၊ လွတ်လပ်သောအသံ"ဆိုတာနဲ့အညီကျင်းပတဲ့ စာပေညီလာခံဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်းမှာ ဒီလိုလွတ်လပ်တဲ့ စာပေညီလာခံတစ်ခု ကျင်းပဖြစ်တဲ့အတွက်ကြောင့် စာရေးဆရာတစ်ဦးအနေနဲ့ရော၊ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးအနေနဲ့ပါ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။

**ဆရာမျိုးမြတ်သူ(စာပေညီလာခံကျင်းပရေးကော်မတီ ပြန်ကြားရေးတာဝန်ခံ)**

ဒီညီလာခံက အင်မတန်ထူးခြားပါတယ်။ ၅၅ နှစ်အကြာမှာ ပြန်လည်ကျင်းပတာ ဖြစ်ပါတယ်။ စာပေအဖွဲ့အစည်း စုစုပေါင်း ၁၁ ဖွဲ့ ပူးပေါင်းပြီး ကျင်းပခဲ့တာပါ။ ညီလာခံ အကျိုးရလဒ်အနေနဲ့ အဆိုပြုချက် ၄၀ ထွက်ပေါ်လာတယ်။ အဆိုပြုချက်တွေကို စာပေလောကမှာရှိတဲ့ စာပေပညာရှင်တွေ၊ ကဗျာဆရာတွေ အပါအဝင် စာပေလောကသားအားလုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီကနေထွက်ပေါ်လာတဲ့ ရလဒ်တွေကနေ မြန်မာနိုင်ငံ စာပေလောက တိုးတက်ဖွံ့ဖြိုးဖို့အတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ညီလာခံကနေ ထွက်ပေါ်လာတဲ့ အဆိုပြုချက်တွေဟာဆိုရင် မြန်မာစာပေလောကအပြင် နိုင်ငံအတွက်လည်း အင်မတန်အရေးကြီးတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်အလက်တွေကိုသာ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် ဒီအချက်အလက်တွေဟာ မဖြစ်နိုင်စရာအကြောင်း တစ်ခုမှ မရှိပါဘူး။ ဒီအချက်အလက်တွေ အားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ တိုင်းပြည်နဲ့ စာပေဟာ တိုးတက်ဖွံ့ဖြိုးလာမှာ အမှန်ပါပဲ။

**ဆရာမျိုးမြင့်ညိမ်း(စာပေညီလာခံကျင်းပရေးကော်မတီအတွင်းရေးမှူး အဖွဲ့ဝင်)**

ညီလာခံမှာ ကဏ္ဍအလိုက် စာပေနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေက စကားဝိုင်းဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ စာပေအဝန်းအဝိုင်းမှာတော့ စာပေစကားဝိုင်းဆွေးနွေးမှုတွေဟာ သိပ်ပြီး အကျွမ်းတဝင်မရှိတာကြောင့် အခက်အခဲတချို့တော့ ရှိခဲ့တယ်။ တချို့ကလည်း စာပေဟောပြောပွဲပုံစံ ပြောသွားတာမျိုးတွေရှိတယ်။ နောက်တစ်ခုကတော့ ဆွေးနွေးမှုအားလုံးအပေါ်မှာ ခြုံငုံသုံးသပ်ပြီးတော့ ပြောသွားတာမျိုးမရှိဘဲနဲ့ ကိုယ်ပြောစရာရှိတာပြောပြီး ပြီးသွားတာမျိုးတွေကိုလည်း တွေ့ခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အချက်အလက်ရှာဖွေတဲ့အဖွဲ့နဲ့ အချက်အလက်အထောက်အထားတွေ စုစည်းတဲ့ အဖွဲ့တွေရှိပါတယ်။ သူတို့ဆီက ရလာတဲ့ ရလဒ်တွေကို ပြန်ပြီးတော့ အဖြေထုတ်ရပါတယ်။ တချို့ကြားခံဆွေးနွေးသူတွေက ရလဒ်ကို အဖြေထုတ်ပေးသွားတာမျိုး ရှိသလို တချို့ကျတော့လည်း အဖြေထုတ်မပေးသွားတာမျိုးတွေလည်းရှိတဲ့အတွက် အခက်အခဲတော့ အနည်းငယ်ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးဖြစ်အောင် ဖြေရှင်းနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ညီလာခံကျင်းပရခြင်းအကြောင်းအရင်းက မြန်မာစာပေလောကမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အပေါ်မှာ အစိုးရအဖွဲ့ကို အသိပေးတင်ပြခြင်းပဲ ဖြစ်ပါတယ်။ အဓိကအားဖြင့် စာပေနဲ့ပတ်သက်တာတွေကိုပဲ ဆွေးနွေးခဲ့ကြတာပါ။ တချို့ကတော့ နိုင်ငံရေးအရ ဆွေးနွေးမှုမျိုးကိုလည်း တွေ့ရပါတယ်။ အဲဒါတွေကိုတော့ ကျွန်တော်တို့ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်နဲ့ မသက်ဆိုင်တဲ့အတွက်ကြောင့် ဆွေးနွေးတဲ့အကြောင်းအရာတွေကို တင်ပြပြီးတော့ မဲခွဲဆုံးဖြတ်တဲ့ အထဲမှာမပါပါဘူး။ မဲခွဲဆုံးဖြတ်မှုအနေနဲ့ ညီလာခံမှာပြုလုပ်ခဲ့တဲ့ စကားဝိုင်းဆွေးနွေးပွဲ ၅၄ ခုထဲက တူညီတဲ့ သဘောတူညီချက်တွေကို ယူပြီးတော့ အကြောင်းအရာ ခေါင်းစဉ်ရှစ်ခုအောက်မှာ ဆွေးနွေးမှုရလဒ် ၄၀ ကို တင်သွင်းပြီးတော့ မဲစနစ်နဲ့ ဆန္ဒမဲခံယူခဲ့ပါတယ်။ တင်သွင်းချက်တွေ အားလုံးကို တစ်ခဲနက်ထောက်ခံပြီး သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒီညီလာခံကနေရရှိလာတဲ့ အဓိက အကြောင်းအရာကြီး ရှစ်ခုဟာ တိုင်းပြည်အတွက် အများကြီး အကျိုးကျေးဇူးရှိမှာ ဖြစ်သလို စာပေလောက ပြောင်းလဲတိုးတက်ရေးအတွက် အထောက်အကူဖြစ်မှာဖြစ်ပါတယ်။

**ဆရာမြေမှုန်လွင်**

ဒီစာပေညီလာခံဟာ စာပေလောက အရွေ့အပြောင်းတစ်ခုအတွက် ပထမခြေလှမ်းပဲ ဖြစ်ပါတယ်။ ဒီကနေရရှိလာတဲ့ အကြံပြုချက်တွေ၊ ဆောင်ရွက်ဖို့လိုအပ်တဲ့ အချက်တွေကနေတစ်ဆင့် စာပေလောကအတွက် ပိုမိုကောင်းမွန်တဲ့ စနစ်တစ်ခု၊ အပြောင်းအလဲတစ်ခုကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ညီလာခံအပေါ်မှာ ကျွန်တော့်အနေနဲ့ တော်တော်များများ အားရကျေနပ်မှု ရှိပါတယ်။ စာပေနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေ ကြုံတွေ့နေရတဲ့ အခက်အခဲတော်တော်များများကို ညီလာခံမှာ တင်ပြသွားတာမျိုးကို တွေ့ရပါတယ်။ ဒီလိုမျိုး ညီလာခံတွေ၊ ဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေ မကြာခဏလုပ်ပေးဖို့ လိုပါတယ်။

**ကဗျာဆရာ မောင်သွေးသစ်(စာပေညီလာခံကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)**

ဒီညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အပေါ် ကဗျာဆန်ဆန်ပြောရရင် ၅၅ နှစ်ကြာ ချုံနွယ်ပိတ်ပေါင်းတွေ ပိတ်ဖုံးနေပြီး ကျောက်တောင်တွေ ထူထပ်နေတဲ့ တောင်ကုန်းကို အခက်အခဲတွေကြားကနေ ကျွန်တော်တို့ စာပေညီအစ်ကိုမောင်နှမအားလုံးက ဒီညီလာခံကြီးကို အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်သလိုပါပဲ။ ထိုနည်းအတူ အားလုံးညီညွတ်စွာနဲ့ပဲ အောင်လံကို လွှင့်ထူလိုက်ပါပြီ။ သမိုင်းတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီညီလာခံကြီးကနေ အနာဂတ် မြန်မာစာပေလောကအတွက်၊ တိုင်းပြည်အတွက် ကောင်းကျိုးတွေကို သယ်ဆောင်လာတော့မှာ ဖြစ်ပါတယ်။

**စာရေးဆရာမ ဇင်ဝေဝေနှင်း (အယူတော်မင်္ဂလာ)**

ဒီညီလာခံမှာဆိုရင် စာပေနယ်ပယ်အသီးသီးက အဖွဲ့အစည်းတွေပါဝင်ပြီး မတူညီတာတွေကိုစုပေါင်းပြီး အားလုံးဆွေးနွေးခဲ့ကြတယ်။ မတူညီတာတွေကို တူညီအောင်ညှိကြတဲ့အတွက် အားရကျေနပ်ပါတယ်။ အနယ်နယ်အရပ်ရပ်က စာပေသမားတွေ၊ ဝါသနာရှင်တွေအားလုံး အတူတကွ စုစုစည်းစည်း တွေ့မြင်ရတဲ့အပေါ်မှာလည်း ကျေနပ်မိပါတယ်။ ဒီညီလာခံဟာ စာပေလောက အနာဂတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဇော်ကြီး၊ နန္ဒာဝင်း**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ရန်ကုန်မြို့တွင် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနကဦးဆောင်ကာ ရခိုင်လူမှုအဖွဲ့အစည်းများ စုပေါင်းကျင်းပသော (၄၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ယနေ့မှစ၍ ဒီဇင်ဘာ ၁၇ ရက်အထိ နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ရခိုင်ရိုးရာ ကျင်ပွဲတော်၊ ခေါင်းအုံးရိုက်ပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်များ ပါဝင်ကြောင်း သိရသည်။

"ကျင်ပွဲဆိုတာ ရခိုင်လူမျိုးတွေ ခေတ်အဆက်ဆက်က ကစားလာတာ ရခိုင်သားတွေအကြိုက်ပြိုင်ပွဲပါ အားသန်တဲ့သူတွေမှ ကစားနိုင်တာ၊ ဒီအားကစားနည်းကို နိုင်ငံတကာပြိုင်ပွဲတွေအထိ ပြိုင်ပွဲတွေလုပ်နိုင်ဖို့ အစီအစဉ်ရှိတယ်"ဟု ကျင်ပွဲဥက္ကဋ္ဌ ဦးစောသိန်းက ပြောသည်။

အဆိုပါကျင်ပွဲကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် ကစားလေ့ရှိပြီး တောရွာများတွင် အများဆုံးကစားကြောင်း၊ ရခိုင်လူငယ်များအား ကျင်ဆရာများက လေ့ကျင့်သင်ကြားပေးလေ့ရှိပြီး ပြိုင်ပွဲများကို ဘုရားပွဲတော်၊ ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်၊ ရခိုင်အမျိုးသားနေ့အထိမ်းအမှတ် စသည့် ရက်ကြီး အခါကြီးနေ့များတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။ ကျင်ပွဲတွင်အမျိုးအစားနှစ်မျိုး သတ်မှတ်ထားပြီး ယခုနှစ်ကျင်ပြိုင်ပွဲတွင် ဆုကြေးများအနေဖြင့် ရွှေမောင်းတန်းဆု ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ရှစ်သိန်း၊ ငွေမောင်းတန်းဆု ပထမဆု ရှစ်သိန်း၊ ဒုတိယဆု ခြောက်သိန်း ချီးမြှင့်ကြောင်း သိရသည်။

**သတင်း- ဇာနည်မောင်၊ အေးမင်းသူ၊ ဓာတ်ပုံ- ဇာဏီ**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ Mrs.Michiko Ito ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ (International Organization For Migration) ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ Programme Manager, Mrs.Michiko Ito နှင့်အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ယူချက်များအရ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်၊ လုပ်သားရွှေ့ပြောင်းသွားလာမှုပုံစံများ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆက်နွှယ်မှုကို သိရှိရန် ကွဲပြားသော သုတေသနနည်းလမ်းများဖြင့် လေ့လာမှုမှ ကနဦးရရှိသော အချက်အလက်များတင်ပြခြင်းနှင့် အကြံပြုချက်များကို ဆွေးနွေးကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော အထုပ် ၅၀၀ နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော Family Kit အထုပ် ၅၀၀ နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ယခုလှူဒါန်းမည့် ပစ္စည်းများမှာ စက်မှုဝန်ကြီးဌာနမှ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော အထုပ် ၅၀၀ နှင့် စက်မှုဝန်ကြီးဌာနနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နေသော ကိုရီးယားသမ္မတနိုင်ငံ KDE & C Engineering ကုမ္ပဏီက ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်သူများအတွက် ယခုလို လှူဒါန်းခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လိုအပ်ချက်များစွာဖြစ်နေသည့် ပြည်နယ်အတွက် ယခုလို လှူဒါန်းပေးသည့် စက်မှုဝန်ကြီးဌာနနှင့် KDE & C Engineering ကုမ္ပဏီတို့ကို ကျေးဇူးတင်ပါကြောင်း၊ ယခုပစ္စည်းများမှာ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမှန်တကယ်လိုအပ်နေသည့် ပစ္စည်းများဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော Family Kit အထုပ် ၅၀၀ နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ အား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများအား နေရောင်ခြည်စွမ်းအင်သုံး ဆိုလာများ တပ်ဆင်အသုံးပြုပုံများကို စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်က တပ်ဆင်ပြသသည်။

ယနေ့လှူဒါန်းသော စက်မှုဝန်ကြီးဌာနမှ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော အထုပ် ၅၀၀ ၏ တန်ဖိုးမှာကျပ် ၁၃၅ သိန်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ KDE & C Engineering ကုမ္ပဏီက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်သောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပစ္စည်းများလှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

## သွားနှင့်ခံတွင်းဆရာဝန်ကြီးများ ဘူးသီးတောင်တွင် နယ်လှည့်ကုသ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီတို့ ပူးပေါင်းပြီး ဘူးသီးတောင်မြို့နယ်အတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များနှင့် သွားနှင့်ခံတွင်း ဝေဒနာရှင်များအား ယနေ့ နံနက်ပိုင်းတွင် နယ်လှည့်ကွင်းဆင်းကုသမှုများ ပြုလုပ်ပေးသည်။

ဆရာဝန်ကြီးများအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဒပြုချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးငယ်များအား သွားတိုက်နည်း သင်ကြားပေးပြီး သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးသည်။ သွားနှင့်ခံတွင်းရောဂါဝေဒနာ ခံစားနေရသူများကိုလည်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

"မနေ့က ဘူးသီးတောင်ဆေးရုံကို သွားနဲ့ခံတွင်း အထူးကုဆရာဝန်ကြီးများအဖွဲ့ ရောက်ရှိလာပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရှစ်ယောက်ခွဲစိတ်ပေးခဲ့ပါတယ်၊ ဒီကနေ့ကျတော့ ဒီရွာလေးကိုလာပြီး ကလေးတွေကို သွားတိုက်နည်းစနစ်တွေ သင်ပေးတယ်၊ သွားတိုက်တံနဲ့ သွားတိုက်ဆေးတွေကိုလည်း အခမဲ့ဖြန့်ဝေပေးပါတယ်၊ သွားနဲ့ခံတွင်းကုသမှုတွေ ပြုလုပ်ပေးပါတယ်၊ ဒါ့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အထူးကုဆရာဝန်ကြီးတွေကလည်း အထွေထွေရောဂါတွေ ကုသပေးပါတယ်"ဟု ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရက ပြောသည်။

အဆိုပါဆရာဝန်အဖွဲ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီမှ ပြင်ပဆရာဝန်များ၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ စုစုပေါင်း ဆရာဝန် ၁၂ ဦးပါဝင်ကြောင်း သိရသည်။

"ကုသတာနဲ့စာရင် ကာကွယ်တာကို ဦးစားပေးလိုပါတယ်၊ သွားပိုးစားရောဂါတွေ၊ သွားဖုံးရောင်ရောဂါတွေ ဖြစ်ရတဲ့ အဓိကအကြောင်းအရင်းက နည်းစနစ်မှန်တဲ့ သွားတိုက်နည်း မသိလို့ပါ၊ တချို့ဆိုရင် လုံးဝသွားမတိုက်ကြဘူး၊ သွားကျန်းမာရေး မသိကြဘူး၊ အဓိကကတော့ သွားတိုက်နည်းမှန်ပြီး နေ့စဉ်ပုံမှန်သွားတိုက်တဲ့ အလေ့အကျင့်ရှိဖို့ပါ"ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

ဆရာဝန်ကြီးများအဖွဲ့သည် သွားနှင့်ခံတွင်း ကုသမှုများ၊ ပညာပေးမှုများ ပြုလုပ်ပေးသည့်အပြင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများကိုပါ ကုသပေးခဲ့သည်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဖြစ်ပွားရခြင်းအကြောင်းမှာ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်သည့် ပထမသုံးလအတွင်း ဆေးပြင်းများသုံးစွဲမိခြင်း၊ အာဟာရချို့တဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**



## ထူးချွန် မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးအား မောင်တော၌ ထပ်ဆင့်ဂုဏ်ပြု



**မောင်တော ဒီဇင်ဘာ ၁၆**

မောင်တောမြို့ပေါ်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ထူးချွန်ဆုရ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးအား ထပ်ဆင့်ချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

"ကျွန်တော်တို့ မောင်တောမီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်တွေမှာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်၊ နောက်ပိုင်းမှာတော့ ကယ်ဆယ်ရေးစခန်းတွေမှာ လူမှုကယ်ဆယ်ရေး လုပ်ငန်းတွေကိုလည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒီအတွက် ထိုက်တန်တဲ့ ဂုဏ်ပြုခံရခြင်းပဲဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်စင်က ပြောသည်။

နေ့ရပ်စွန့်ခွာလာသည့် ဟိန္ဒူဒုက္ခသည်များကို ယာယီထားရှိသည့် ကယ်ဆယ်ရေးစခန်းများ၌ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ မြေပြင်ရှင်းလင်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နေကြောင်း ဦးသန့်စင်က ထပ်လောင်းပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ဒီဆုရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူမိပါတယ်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းနဲ့ ပြည်သူလူထု လူမှုကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆက်လက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်လက်ထောက်ဦးစီးမှူး ဦးရဲလင်းအောင်က ပြောသည်။

လက်ရှိတွင် အပျက်အစီးများ၊ မြေပြင်ရှင်းလင်းရေးလုပ်ငန်းများကို အမှတ်(၅) ရပ်ကွက်၌ ဆောင်ရွက်လျက်ရှိပြီး တခြားလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင် ၅၁ ဦးရှိပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့၌ ဒီဇင်ဘာ ၁၅ ရက်က ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် အဆိုပါ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးအား ထူးချွန်ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း၊ ဇေယျာ**
**ဓာတ်ပုံ-မြင့်မောင်**

## ဥတုရာသီ တောကိုမှီ၍

## အင်းဝအပ်ချုပ်ဆိုင်မိသားစုအပေါ် တရားစွဲဆိုမှု ထပ်မံသိရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အင်းဝအပ်ချုပ်ဆိုင်မိသားစုအပေါ် တရားစွဲဆိုမှုနှင့် ပတ်သက်၍ အပြီးသတ်အမိန့်ချမှတ်သောအမှုအပေါ် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးမှ သိရှိရသည်မှာ ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့အပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ ထောင်ဒဏ် ၁၀ နှစ်စီနှင့် ယင်းဥပဒေပုဒ်မ ၂၉ အရ ထောင်ဒဏ် ၁၀ နှစ်စီ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေ၊ ကလေးသူငယ်ဥပဒေပုဒ်မ ၆၆(ဃ) အရ ထောင်ဒဏ်တစ်နှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ ထောင်ဒဏ်ငါးနှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ အလုပ်မဲ့ထောင်ဒဏ်တစ်လစီ ကျခံစေရန်လည်းကောင်း၊ ရာဇာထွန်းအပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ ထောင်ဒဏ် ၁၀ နှစ်၊ ကလေးသူငယ် ဥပဒေပုဒ်မ ၆၆(ဃ) အရ ထောင်ဒဏ်တစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ ထောင်ဒဏ်ငါးနှစ်၊ ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ အလုပ်မဲ့ထောင်ဒဏ်တစ်လ အသီးသီးကျခံစေရန်လည်းကောင်း၊ တင်မင်းလတ်အပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ ထောင်ဒဏ် ၁၀ နှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၆၆(ဃ) အရ ထောင်ဒဏ်တစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ ထောင်ဒဏ်တစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ အလုပ်မဲ့ထောင်ဒဏ်တစ်လ ကျခံစေရန်လည်းကောင်း၊ ဦးကိုလတ်နှင့် သီရိလတ်တို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁)အရ အမှုမှ အပြီးအပြတ် လွှတ်သည်ဟုလည်းကောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တရားလွှတ်တော်ရှေ့နေဦးကိုနီ လုပ်ကြံခံရမှု ရုံးထုတ်စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူအောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး လိုပြသက်သေသုံးဦးစစ်ဆေးခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်အထူးတရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလိုရဲအုပ်မိုးနိုင် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၂၁၂ တရားခံကြည်လင်း(ခ)ဖိုးထူးပါ-၄ တရားစွဲဆိုမှုကနေ လိုပြသက်သေသုံးဦးကို စစ်ဆေးပါတယ်၊ အဲဒါကတော့ မှုခင်းရဲတပ်ဖွဲ့ဌာနမှူး ဒုတိယရဲမှူးကြီး ဇော်သန်း၊ မှုခင်းရဲတပ်ဖွဲ့ နည်းပညာဌာနစုမှူး ဒုတိယရဲမှူး တင်အောင်မိုး၊ မှုခင်းရဲတပ်ဖွဲ့ နည်းပညာပစ္စည်းစိစစ် -စစ်ဆေးရေးဌာန ဒုတိယဌာနစုမှူး ရဲအုပ် ဇော်နိုင်အောင်တို့ကို စစ်ဆေးရင်းနဲ့ ရုံးချိန်ကျော်လွန်သွားတဲ့အတွက် တရားခံဘက်အကျိုးဆောင်တွေက နောက်ရုံးချိန်းမှာ ပြန်လည်စစ်ဆေးဖို့ ချိန်းဆိုထားတာရှိပါတယ်၊ နောက်ပြီး ရာဇဝတ်အထွေထွေ အမှုအမှတ် ၁၁၉/၂၀၁၇ မမှန်သက်သေခံမှုနဲ့ပတ်သက်ပြီး ပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှုနဲ့ လျှောက်ထားခံရသူ ဦးရဲထွဋ်လှိုင်ဘက်က အမှုလိုက်ပါဆောင်ရွက်မယ့်တရားလွှတ်တော်ရှေ့နေ ဦးဟန်ဝင်းလွင်က ဒီကနေ့ ရှေ့နေကိုယ်စားလှယ် ပါဝါတင်သွင်းပါတယ်၊ ၄၅/၂၀၁၇ မှုနဲ့ တစ်တွဲထဲ စစ်ဆေးသွားဖို့လည်း ချိန်းဆိုခဲ့တယ်၊ ရုံးချိန်းစုစုပေါင်း ၃၅ ချိန်းရှိပြီး ၆၈ ဦးအထိစစ်ဆေးနိုင်ခဲ့ပါတယ်၊ နောက်ရုံးချိန်းကိုတော့ ဒီဇင်ဘာ ၂၂ ရက်ကို ချိန်းဆိုလိုက်ပါတယ်"ဟု ပြောကြားသည်။

တရားလွှတ်တော်ရှေ့နေ ဦးနေလက"ဒုတိယရဲမှူးကြီး ဇော်သန်းက လက်နက်အမျိုးအစားကဘာလဲ၊ ဘယ်နိုင်ငံကထုတ်လုပ်တာလဲ ထွက်ဆိုသွားတာပါ၊ လက်နက်စစ်ဆေးရာမှာ ပါရဂူတစ်ယောက်ပါ၊ ဒုတိယရဲမှူး၊ တင်အောင်မိုးက CCTV မှတ်တမ်းမှာတွေ့ရှိသမျှ၊ ဆက်သွယ်ရေးကော်ပိုရေးရှင်းက ရရှိသမျှ အခင်းမဖြစ်မီ အခင်းဖြစ်ပြီးဖုန်းဆက်သွယ်မှုမှတ်တမ်းအချက်အလက်တွေကို အချိန်၊ နာရီ နေရာ၊ ဘယ်သူဘယ်ဝါဖြစ်နိုင်ခြေ တိတိကျကျ ထွက်ဆိုသွားနိုင်ပါတယ်၊ ရဲအုပ်ဇော်နိုင်အောင်က မိုဘိုင်းဖုန်းလက်တော့ပ်၊ ကွန်ပျူတာ၊ ကျယ်ကျယ်ပြန့်ပြန့် နားလည်တယ်၊ အင်မတန်တော်တဲ့ပုဂ္ဂိုလ်ပါ၊ သိရှိရရှိအချက်တွေ ထွက်ဆိုသွားတာပါ၊ အမှုအရ တိုးတက်လာပါပြီလို့ ပြောရမှာပါ" ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၄ စီး၊ သွင်းကုန်အစီး ၁၀၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၁၆၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၆၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂၃၃ သန်းခန့်)ကို သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်တွင် မူဆယ်သို့သွားရောက်မည့် Super Custom ယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းတွင် စောင်စဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေသစ် ၁၅ တုံး (၂ ဒသမ ၁၄၀၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၂၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည် - ပေါက်ခေါင်းကားလမ်းပေါ်၌ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးအား ဓားဖြင့်ခုတ်ပြီး လုယက်

**ပြည် ဒီဇင်ဘာ ၁၆**

ပြည်မြို့နယ် ပြည် - ပေါက်ခေါင်းကားလမ်းပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးအား ဓားဖြင့်ခုတ်ပြီး ဆိုင်ကယ်နှင့်ငွေများ လုယက်မှုဖြစ်စဉ်တစ်ခု ဒီဇင်ဘာ ၁၄ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ပြီး ယင်းအမှုကျူးလွန်သူများကို တာဝန်ရှိသူများက နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁ နာရီတွင် ပေါက်ခေါင်းမြို့ အမှတ်(၁) ရပ်ကွက်နေထိုင်သူ ဇော်ဖြိုးနှင့် တစ်ရပ်ကွက်ထဲနေ အောင်နိုင်သူတို့နှစ်ဦးသည် ဆိုင်ကယ်ဖြင့် ပြည်မြို့မှ ပေါက်ခေါင်းမြို့သို့ ပြန်လာစဉ် ပြည်မြို့နယ် ပေါင်းတလည်နယ်မြေရဲစခန်းအပိုင် ပြည် - ပေါက်ခေါင်း ကားလမ်းမိုင်တိုင် ၂ / ၇ ကုန်းရိုးရွာအနီးအရောက်၌ အနောက်မှ အမည်မသိသုံးဦးခန့်က အနီရောင်ဆိုင်ကယ်ဖြင့် လိုက်လာပြီး ဓားဖြင့်ခုတ်ကာ ၎င်းတို့၏ SUZUKI အဖြူနက်ကျားဆိုင်ကယ်နှင့် တူးဘောက်အတွင်း ထည့်ထားသော ငွေကျပ်သုံးသိန်းကို လုယူသွားခဲ့သည်။

ယင်းအမှု ကျူးလွန်သူများအား အမြန်ဖမ်းဆီးရမိရေးအတွက် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးနှင့် ပြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်းအောင်တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စုံစမ်းစစ်ဆေး ဆောင်ရွက်ခဲ့ရာ ယင်းနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် အောင်လံမြို့မရဲစခန်းမှ ဆိုင်ကယ်လာရောင်းသူ မသင်္ကာသူ လူငယ်နှစ်ဦး တွေ့ရှိကြောင်း ဆက်သွယ်သိရှိရသဖြင့် ရဲအုပ် ဇော်မင်း ဦးဆောင်သောအဖွဲ့က အောင်လံမြို့သို့ သွားရောက်စစ်ဆေးရာ ၎င်းလူငယ်နှစ်ဦးမှာ ဇင်ကိုကိုဦး (၁၉) နှစ်နှင့် ဇော်ဝင်းထွဋ်တို့ဖြစ်ကြောင်းနှင့် ၎င်းတို့ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့ကာ အခင်းဖြစ်စဉ်က လုယက်ယူခဲ့သော ဆိုင်ကယ်၊ ငွေကြေးနှင့် အသုံးပြုခဲ့သော ဓားတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး အရေးယူမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မျိုးကျော်ကြီး(ပြန်/ဆက်)**


## အငှားယာဉ်အသုံးပြုပြီး ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရာမှ အခြားလုယက်မှုများပေါ်ပေါက်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၃ ရက် နံနက် ၃ နာရီခန့်တွင် မှော်ဘီမြို့နယ်နေ ကို------ သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ အငှားယာဉ်အား ငှားရမ်းစီးနင်းခဲ့ရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ လူငယ်သုံးဦးတို့ လိုက်ပါလာသည်ကိုသိရှိရကြောင်း၊ ယာဉ်ပေါ်တွင် အိပ်ပျော်လိုက်ပါလာပြီးနောက် နိုးသည့်အခါ ယာဉ်ပေါ်တွင်မဟုတ်ဘဲ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ပတ်လမ်းတွင်ရောက်ရှိနေပြီး ၎င်းဝတ်ဆင်ထားသည့် လက်စွပ်တစ်ကွင်း၊ Redmi 4X ဖုန်းတစ်လုံး၊ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ်တစ်သိန်း၊ နိုင်ငံသားကတ်၊ ယာဉ်မောင်းလိုင်စင်၊ ဘဏ်စာအုပ်နှစ်အုပ်နှင့် ATM ကတ်နှစ်ခုတို့ ပျောက်ဆုံးသွားကြောင်း တိုင်တန်းချက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးဆောင်ရွက်စဉ် အမှုမှ Redmi 4X ဖုန်းအား ရောင်းချနေကြောင်း သိရှိရသဖြင့် စုံစမ်းခဲ့ရာ အငှားယာဉ်မောင်းဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဖိုးဇော်မှ ရောင်းချနေကြောင်း သိရှိရသဖြင့် ဒီဇင်ဘာ ၇ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက်မှ ဖိုးဇော်(ခ)ဇော်မျိုးအောင်(၃၀)နှစ်အား ၎င်းပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ချစ်ကို (၂၀)နှစ်၊ ဦးကျော်တို့အနက် ချစ်ကိုအား ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့သည်။

ဖိုးဇော်(ခ)ဇော်မျိုးအောင်နှင့် ချစ်ကိုတို့ကို အခြားလုယက်မှုများ



ကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလ၊ ဇွန်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်းက ဖိုးဇော်(ခ) ဇော်မျိုးအောင် မောင်းနှင်သော AA---Corolla အငှားယာဉ် အသုံးပြုလျက် ဦးကျော်နှင့်အတူ ငှားရမ်းစီးနင်းသည့် အမျိုးသားထံမှ Huawei Y-610 U00 ဖုန်းအား ယောက်ကော်ပန်းခြံအနီးအရောက်၌ လည်းကောင်း၊ EE----Fielder အငှားယာဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြယမုံအိမ်ရာရှေ့တွင် လမ်းလျှောက်နေသူအမျိုးသားထံမှ Huawei 610 C 8815 ဖုန်းအားလည်းကောင်း၊ အဆိုပါအငှားယာဉ်အား ငှားရမ်းစီးနင်းသူ အမျိုးသားများထံမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နာရေးကူညီမှုအသင်းရှေ့အနီး၌ Huawei Y 330 C 00 ဖုန်း၊ ပင်လုံဈေးရှေ့ အရောက်တွင် HTC Desire 816 dual sim ဖုန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်းအရောက် Redmi HM NOTE 1S CT လက်ကိုင်ဖုန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၃)သို့အရောက် Huawei G 730 U 00 ဖုန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၀)ကွေ့သို့အရောက် Huawei G 730 C 00 ဖုန်း၊ သာကေတမြို့နယ် အနော်မာကန်ရှေ့ ဧရာဝဏ်လမ်းအရောက် Samsung Note II ဖုန်း၊ AA---- Caldina အငှားယာဉ်အား ငှားရမ်းစီးနင်းသူ အမျိုးသားများထံမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဧရာဝဏ်လမ်းပေါ်အရောက် Smart 12 Plus ဖုန်း၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ် မင်းရဲကျော်စွာလမ်းအရောက် Vivo Y 15 ဖုန်း၊ Samsung Note ဖုန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၁) ရပ်ကွက်အတွင်းလမ်းမပေါ်အရောက် HTC Desire 816 Dual Sim ဖုန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်လမ်းပေါ်အရောက် Meizu M2 ဖုန်းတို့ကို အသီးသီးလုယက်ကာ ရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

**သတင်းစဉ်**



**ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁)ရပ်ကွက် ၁၈ လမ်း သီရိသုခမွေ့ရုံကြီးတွင် ဒီဇင်ဘာ ပထမပတ်က ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဇော်မင်းကြူက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ

# ၂၀၁၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ရိုးရာလက်ဝှေ့ပွဲများ ပါဝင်

**ဇင်လင်းထွန်း(မနေဖြူ)**

တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်မျှ စုပေါင်းတည်ထောင် နေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် လူမျိုးအလိုက် နှစ်သစ်ကူးပွဲတော်များ ရှိကြသည်သာ။ ထိုနှစ်သစ်ကူးပွဲတော်များတွင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်လည်း အပါအဝင်ဖြစ်သည်။ ကရင်လူမျိုးသည် လူဦးရေအရ များပြားပြီး ပျံ့နှံ့နေထိုင်မှုအားဖြင့်လည်း ကရင်ပြည်နယ်ထဲတွင်သာ မဟုတ်ဘဲ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌လည်း အများအပြားရှိသည့်အတွက် နှစ်သစ်ကူးပွဲတော်ကျင်းပမှုကို လူသိများသည်။ အစိုးရအဆက်ဆက်ကပင် ဂေဇက်ဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည့်အတွက်လည်း ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်ကြောင်း နိုင်ငံတစ်ဝန်း သိကြသည်။ ထို့အတူ ဆိုခဲ့သည့်ဒေသအသီးသီးရှိ မြို့နယ်များတွင် သာမက ကရင်အမျိုးသား အများစုနေထိုင်ရာ ကျေးရွာများတွင် ကရင်အလံတင်အခမ်းအနား ပါဝင်သော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို မိမိတို့အနေအထားအလိုက် သိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့်အတွက်လည်း လူသိများသည့် အစဉ်အလာပွဲတော် တစ်ရပ် ဖြစ်နေသည်။

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ဖျော်ဖြေရေးအဖြစ် ဒုံးယိမ်းအကသည် မဖြစ်မနေပါဝင်လေ့ရှိပြီး အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲအစရှိသည့် အားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပလေ့ရှိသည်။ ယခင်ကဆိုလျှင် ဒေသတိုင်း၌ ကျင်းပသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ကရင်ရိုးရာလက်ရည်စမ်းပွဲဟု ခေါ်သည့် ရိုးရာလက်ဝှေ့ပွဲများလည်း ပါဝင်လေ့ရှိသည်။ သို့ရာတွင် တဖြည်းဖြည်းနှင့် အဆိုပါပွဲ ထည့်သွင်းကျင်းပနိုင်မှု အားနည်းလာပြီး ကရင်ပြည်နယ်အတွင်း၌သာ ကျန်ရှိတော့သကဲ့သို့ ဖြစ်လာသည်။ အထူးသဖြင့် ကရင်အမျိုးသားအများစုနေထိုင်သော ရန်ကုန်တိုင်းဒေသကြီးမှာပင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲတို့ ပျောက်ကွယ်ခဲ့ဖူးသည်။ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကိုမူ အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့သည်မှာ ယခု ပြာသိုလဆန်း ၁ ရက် (ဒီဇင်ဘာ ၁၈ ရက်) ဆိုလျှင် နှစ်ပေါင်း ၅၅ နှစ် ရှိပြီဖြစ်သော်လည်း ရိုးရာလက်ဝှေ့ပါဝင်မှုမှာ ၁၅ နှစ်မျှသာ ရှိသေးကြောင်း ၂၀၁၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ မဟာရန်ကုန် (အာလိန်ငါးဆင့်) ၏ ဒုတိယဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ပြောကြားသည်။ သင်္ချာပါမောက္ခ(ငြိမ်း) မန်းရွှေပြည်အေး ဦးဆောင်သော ဗဟိုကော်မတီ၏ အောက်တွင် ဆပ်ကော်မတီများရှိရာ အားကစား ဆပ်ကော်မတီက ရိုးရာလက်ဝှေ့အပါအဝင် အားကစားပြိုင်ပွဲများ ပါဝင်သည်။ ရိုးရာလက်ဝှေ့ဝါသနာရှင်ကြီးဖြစ်ပြီး ကြိုးဝိုင်းဆရာဝန်အဖြစ်လည်း စေတနာ့ဝန်ထမ်းအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သော ဒေါက်တာအိုင်ဗင်၏ ကြိုးစားအားထုတ်မှုဖြင့် လွန်ခဲ့သည့် ၁၅ နှစ်က ပါဝင်နိုင်ခဲ့သော ရိုးရာလက်ဝှေ့ပွဲများကို မန်းသန်းဝင်းဦးက အားကစားဆပ်ကော်မတီဥက္ကဋ္ဌ အဖြစ် ဆက်လက်ထိန်းသိမ်းကျင်းပခဲ့သည်။ ယခုနှစ်တွင်တော့ မန်းသန်းဝင်းဦးက ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ တာဝန်ရှိနေသည့်တိုင် ရိုးရာလက်ဝှေ့ပွဲဖြစ်မြောက်ရေးကို ကိုယ်တိုင်ဆောင်ရွက်ရင်း ၂၀၁၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ပွဲများ အကြောင်း ပြောကြားသည်။

“ဒီနှစ်အတွက်တော့ ရန်ကုန်တိုင်းဒေသကြီးထဲက ခရိုင်လေးခရိုင်မှာ နေရာပေါင်း ၁၇ နေရာ ကျင်းပမယ်။ ရန်ကုန်ဧရိယာထဲမှာဆိုရင် အလုံ၊ မြောက်ဥက္ကလာ၊ သာကေတ (တိုင်းရင်းသားကျေးရွာ)တို့ရှိပြီး တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဘက်ခြမ်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူးဘက်ခြမ်း စသည်အားဖြင့် ၁၄ နေရာ ကျင်းပမယ်။ အလံတင်အခမ်းအနားနဲ့ အထိမ်းအမှတ်ပွဲပေါ့၊ အဲဒီမှာ ကိုယ်သိသလောက်ဆိုရင် ရိုးရာလက်ဝှေ့ပွဲပါဝင်မှာက တွံတေးနဲ့ အင်းစိန်ပဲ ရှိမယ်။ အင်းစိန်လို့ ပြောရတာက ရိုးရာလက်ဝှေ့ပွဲတွေကို အင်းစိန်မီးရထား ဘောလုံးကွင်းထဲမှာ ကျင်းပမှာမို့လေ။ နေရာအကန့်အသတ်အရ ဒီလိုပဲခွဲပြီး ကျင်းပရတယ်။

ဒုံးယိမ်းပြိုင်ပွဲတွေကိုတော့ အာလိန်ငါးဆင့်မှာပဲ ဒီဇင်ဘာ ၁၇ ရက် ညမှာ ကျင်းပပြီး ၁၉ ရက် ညမှာ ဆုပေးပွဲ ကျင်းပမယ်။ ၂၀၁၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဖြစ်တဲ့ ပြာသိုလဆန်း ၁ ရက် (ဒီဇင်ဘာ ၁၈ ရက်)ကျတော့ မနက်ပိုင်း အလံတင်အခမ်းအနားနဲ့ ဟောပြောပွဲပြီးတဲ့အခါ ရိုးရာပျားဖွပ်ပြိုင်ပွဲကျင်းပမယ်။ ဒါက ခုခေတ်လူငယ်တွေ မကြားဖူးသလောက်ဖြစ်နေတဲ့ ရိုးရာဓလေ့တစ်ခုကို ပြန်ဖော်ထုတ်တဲ့အနေနဲ့ ကျင်းပတာပေါ့။ ပျားဖွပ်တာလည်း ပညာပါတယ်လေ။ အဲဒီလိုစီစဉ်ထားပြီး ညကျတော့ အာလိန်ငါးဆင့်မှာ ဒုံးယိမ်းနဲ့ အကပဒေသာ ဖျော်ဖြေရေးတွေရှိသလို မင်းဓမ္မလမ်းက မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) မှာလည်း ဒုံးယိမ်းအပါအဝင် ဖျော်ဖြေရေးပွဲတွေ တစ်ပြိုင်နက်တည်း ရှိနေမယ်။ ရိုးရာလက်ဝှေ့ပွဲတွေကိုလည်း ပရိသတ်တွေ လက်မလွတ်ရအောင် ဒီဇင်ဘာ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ မွန်းလွဲ ၂ နာရီ စတင်ကျင်းပမယ်”ဟု မန်းသန်းဝင်းဦးက ပြောကြားသည်။

အင်းစိန်မီးရထားဘောလုံးကွင်းတွင် ကျင်းပသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲများသည် လမိုင်းရှိသည်ဟု ဆိုရမည်လားမသိ။ အဆိုပါပွဲတွင် အောင်မြင်မှုရရှိသော လူသစ်တန်း ရိုးရာလက်ဝှေ့သမားများသည် မြန်မာ့ရိုးရာလက်ဝှေ့နယ်ပယ်တွင် ထင်ရှားကျော်ကြားသူများဖြစ်လာလေ့ရှိသည်။ ထားဝယ်သား စောဇွဲလေးသည် အင်းစိန်ပွဲတွင် အကောင်းဆုံးဆုကို ရရှိပြီးမှ အောင်မြင်ကျော်ကြားလာသကဲ့သို့ မြနန်းတော်သည်လည်း အထက်မြန်မာပြည် မန္တလေးမှ မှော်ဘီအခြေစိုက် မြန်မာပြည်သား ကလပ်ကို ခိုဝင်လာရင်း အင်းစိန်ပွဲတွင် အကောင်းဆုံးအောင်လံဆုရရှိပြီးမှ ပိုမိုအောင်မြင်မှုရရှိခဲ့သည်။ ယနေ့ နာမည်ကျော်နေသော တူးတူး (နဂါးမာန်)၊ စောဂေါ်မူတို (သတ္တိ)တို့သည်လည်း အင်းစိန်ပွဲတွင် အကြိုအောင်မြင်မှုရရှိခဲ့ကြသူများဖြစ်သည်။ အလဲထိုးဘုရင်အဖြစ် တစ်ခေတ်ထူထောင်နိုင်ခဲ့သော တွေ့မရှောင်သည်ပင် တနင်္သာရီမှ ရန်ကုန်နယ်မြေသို့ အခြေချလာသည့်အခါ အင်းစိန်ပွဲဖြင့် ပထမဆုံးပွဲထွက်ခွင့်ရရှိခဲ့ပြီးမှ ဆက်လက်၍ စန်းပွင့်လာခဲ့သည်ဟု ဆိုနိုင်သည်။ ရိုးရာလက်ဝှေ့သမားတို့အတွက် အောင်မြေနင်းရာနယ်မြေတစ်ခုဟု ဆိုနိုင်သော အင်းစိန်ပွဲတွင်

ယခုနှစ် အောင်မြေနင်းကြမည့် လူသစ်တန်း တွဲဆိုင်းများမှာ စောဖိုးထွန်း(သတ္တိ)နှင့် အဖိုးသွေး (အဖြူရောင်သွေးသစ်) စောမူထော်ဂေး (သတ္တိ)နှင့် ရဲသွေးအောင် (အဖြူရောင်သွေးသစ်)တို့ တွဲဆိုင်းများဖြစ်သည်။ အင်းစိန်ပွဲတွင် မလွတ်တမ်း အဓိကကူညီပံ့ပိုးမှုပေးလေ့ရှိသော ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ အကောင်းဆုံးလက်ဝှေ့သမားဆုကို မည်သူရမည်လဲဟု ဆိုခဲ့သည့် တွဲဆိုင်းအပါအဝင် လှိုင်သာယာ၊ ရွှေပြည်သာ၊ ထန်းတပင်၊ တောင်/မြောက်ဥက္ကလာ၊ ဒေါပုံဘက်မှ မျိုးဆက်သစ်တွဲဆိုင်းများ၏ ယှဉ်ပြိုင်မှုကို စောင့်ကြည့်အကဲခတ်ရမည်မှာ အသည်းယားစရာကောင်းလှပေသည်။ ထိုတွင် ယခုပွဲကို ပါဝင်ဆင်နွှဲလိုလှသဖြင့် ဥရောပတိုက်မှပင် အရောက်ပြန်လာခဲ့သူ ရှောင်န်(ခ) စောတင်းပုတ်(သတ္တိ)နှင့် ဖော်ဖော်(STL)တို့၏ ယမန်နှစ်က သရေကို မကျေဘဲ အဖြေရှာမည့်ပွဲလည်း ပါဝင်သည်။ အဓိက ငါးချိစိန်ခေါ်ပွဲကြီး ယှဉ်ကြမည့် တွဲဆိုင်းကလည်း ဂုဏ်သိက္ခာတိုက်ပွဲတစ်ရပ်ဖြစ်နေသည်။ စောအယ်လေး (ထော့မဲပါ)နှင့် ထွန်းနိုင်ဦး(STL)တို့ တွဲဆိုင်းဖြစ်သောကြောင့်ပင်။ စောအယ်လေးက အင်းစိန်ခဝဲခြံ အခြေစိုက် ထော့မဲပါကလပ်တွင် အနေကြာခဲ့ပြီး ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲ၌ အင်းစိန်ရုံစောင့်ကြီး ဖြစ်ခဲ့သည်မှာ အတန်ကြာပြီ။ ထွန်းနိုင်ဦးကလည်း တတိယအကြိမ် Air KBZ ရွှေအောင်လံဆုရရှိခဲ့ပြီး အလဲထိုးနိုင်ပွဲများဆက်နေသူ ဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်ကပင် တောင်ငူမြို့၌ ချိုင်းအိဆင် (ထိုင်း)ကို အလဲထိုးခဲ့သည်။ လာမည့် ဇန်နဝါရီ ၆ ရက်တွင် တောင်ငူမြို့၌ပင် ဝါရင့်ကြီးပါဝိ(ထိုင်း)နှင့် ယှဉ်ပြိုင်ဦးမည်ဖြစ်သည်။ ထို့ကြောင့် စောအယ်လေးဘက်က သူ၏ အင်းစိန်ရုံစောင့်ကြီးဘွဲ့ကို ထိန်းသိမ်းရမည့် အနေအထားရှိနေပြီး ထွန်းနိုင်ဦးကလည်း ယခုပွဲတွင် သိက္ခာမကျပါမှ သူ၏ ဇာတိမြို့ဖြစ်သော တောင်ငူသို့ ပွဲဝင်လှမည်ဖြစ်သည်။

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်)က ၂၀၁၇ ခုနှစ် ပွဲတော်တွင် ရိုးရာလက်ဝှေ့ပွဲများ ပါဝင်စေရန် စီမံလာခဲ့သည်မှာ ၁၅ နှစ်မျှ ရှိပြီဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး မြို့တော် ပုသိမ်တွင်မူကား ယခုနှစ်ကျမှပင် ရိုးရာလက်ဝှေ့ပွဲပါဝင်မှု အစဉ်အလာကို ပြန်လည်စတင်နိုင်မည့် သဘောရှိကြောင်း တွေ့ရသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၏ လမ်းညွှန်မှုကြောင့်သာ ဖြစ်ပေါ်လာရခြင်းဟုလည်း ကောက်ချက်ဆွဲနိုင်မည်ထင်သည်။ မည်သို့ပင်ဖြစ်စေ ကရင်အမျိုးသားအများစု ပျံ့နှံ့နေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်တွင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲများ ကျင်းပနိုင်ပြီဆိုလျှင် ထိုအစဉ်အလာကို တိုင်းဒေသကြီးအတွင်း ပျံ့နှံ့စေကာ ရိုးရာလက်ဝှေ့မျိုးဆက်သစ် အများအပြား ပေါ်ထွက်လာစေမည်ဟု မျှော်လင့်ရသည့်အတွက် ယခုပွဲဖြစ်မြောက်မှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရပေမည်။ ရိုးရာလက်ဝှေ့သမားအများစုသည်လည်း ကရင်အမျိုးသားများဖြစ်ပါလျက် ကရင်အမျိုးသားများ ပျံ့နှံ့နေထိုင်မှုအားကောင်းရာ ဧရာဝတီတိုင်းဒေသကြီးထဲတွင် ကရင်ရိုးရာလက်ရည်စမ်းပွဲဟုလည်းခေါ်ဆိုသော ရိုးရာလက်ဝှေ့ပွဲများ ပျောက်ကွယ်ရှားပါးနေရခြင်းအတွက် ဒေသခံ ကရင်အမျိုးသားအကြီးအကဲများ၏ စွမ်းဆောင်ရည်ဖြင့်သာ ပြန်လည်ပေါ်ထွန်းနိုင်မည်ဖြစ်ရာ ယခုပွဲမှာ အစပြု၍ မြို့နယ်အသီးသီးတွင် ရိုးရာလက်ဝှေ့ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်စေရန် ဆန္ဒပြုမိပါသည်။ ယခုပွဲဖြစ်မြောက်ရေးအတွက် တွဲဆိုင်းတာဝန်ခံအဖြစ် ပုသိမ်ဇာတိ အထက ၆ ကျောင်းထွက် ဝါရင့်ပွဲစီစဉ်သူကြီး ဦးစန်းလှိုင် (ခ) ဦးစိုင်းဖော်ဖော်က ဆောင်ရွက်သည့်အတွက်လည်း ပွဲဦးထွက်လှလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ရိုးရာလက်ဝှေ့ပွဲများကို ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ညစဉ် ၇ နာရီမှ စတင်ကျင်းပမည် ဖြစ်သည်။ ဒေသခံမျိုးဆက်သစ်ပွဲများနှင့်အတူ စာချုပ်စိန်ခေါ်ပွဲများကို နေ့စဉ် ခုနစ်ပွဲထက်မနည်း စီစဉ်ထားပြီး နေ့အလိုက် အဓိကစိန်ခေါ်ပွဲများအဖြစ် သူရအောင်(တိုက်ဂါး/ဘားအံ)နှင့် ထယ်ကြီး (STL)၊ စောထူးအောင် (တော်ဝင်ရိုးရာ)နှင့် မင်းထက်ကျော် (တိုက်ဂါး/ဘားအံ) ရွှေမင်းရာဇာ (မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် နေရှုဘီ(STL)တို့တွဲဆိုင်းများ ပါဝင်သည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ၂၀၁၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ရိုးရာလက်ဝှေ့ပွဲသတင်းက ဤမျှသာ ဖြစ်သော်လည်း ကရင်ပြည်နယ်အတွင်း ရက်ချင်းချိတ်၊ ရက်ချင်းထပ် ကျင်းပမည့် ရိုးရာလက်ဝှေ့ပွဲသတင်းများက လိုက်မမီအောင် များလှသည်။ ကျေးရွာတိုင်းနီးပါး မြေဝိုင်းပွဲများ ကျင်းပလေ့ရှိသောကြောင့် ဖြစ်သည်။ ထိုတွင်မှ ဒေသအလိုက် ကြိုးဝိုင်းဖြင့် ကျင်းပသောပွဲများလည်း ရှိသည်။ ယမန်နှစ်များက ခမ်းနားစွာကျင်းပလေ့ရှိသော ရွှေကုက္ကိုလ်မြိုင်ဒေသတွင် ယခုနှစ်အတွက် ဒေသတွင်းပွဲငယ်အဖြစ်သာ ကျင်းပမည်ဟု သိရပြီး မြိုင်ကြီးငူ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့ မြို့နယ် ဒိုင်းပြစ်ပြကျေးရွာတွင်လည်း ရိုးရာလက်ဝှေ့ပွဲများ ရှိနေသည်။ သံလွင်အနောက်ခြမ်း ကမမောင်းမြို့နယ် ပေပင်ဆိပ်ကျေးရွာတွင် ဒေသခံ BGF ၁၀၁၄ တပ်ရင်းမှ အရာရှိများနှင့် ကျေးရွာအုပ်စု ရပ်မိရပ်ဖများ စုပေါင်းကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲများကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့၌ နေ့ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ မူလက ညပွဲကျင်းပမည်ဟု လျာထားသော်လည်း သံလွင်အရှေ့ခြမ်း ဘားအံမြို့နယ် တောင်ကလေးပွဲနှင့် ဒီဇင်ဘာ ၁၉ ရက် ညပွဲချင်း မတိုက်ဆိုင်စေရန် ပေပင်ဆိပ်ပွဲကို နေ့ပွဲအဖြစ် စီမံလိုက်ကြခြင်း ဖြစ်သည်။ ပေပင်ဆိပ်ပွဲတွင် နေ့အလိုက် အဓိကစိန်ခေါ်ပွဲများ အဖြစ် ကျော်ထက် (ယူနိုက်တက်/မန္တလေး) နှင့် အောင်ခိုင် (ဘိလပ်မြေစက်ရုံ)၊ စိုးဝင်းသန်း (ရန်စစ်ငြိမ်း)နှင့် သူရအောင်(တိုက်ဂါး) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ တောင်ကလေးဆရာတော် ဦးစီးကျင်းပခဲ့သည်မှာ (၂၆) ကြိမ်မြောက် ရှိလာပြီဖြစ်သော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲများက ဒေသတွင်း၌ နာမည်ကျော်သည်။ ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ညစဉ် ကျင်းပမည့် ရိုးရာလက်ဝှေ့ပွဲတွေရဲ့ နေ့အလိုက် အဓိကစိန်ခေါ်ပွဲကြီး နှစ်ပွဲစီကို လေ့လာကြည့်လျှင် တောင်ကလေးပွဲရဲ့ အတိုင်းအတာကို သိနိုင်ပေလိမ့်မည်။ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ရဲရင့်အောင် (နဂါးမာန်)၊ သပြေညို (Adventure) နှင့် စောဘဦး (တောင်ကလေး)၊ စောမင်းအောင်(မြန်မာ)နှင့် ဖူထိုင်း(ထိုင်း)၊ စောငမန်း (မြန်မာ)နှင့် ခရွန်(ထိုင်း)၊ ရဲသွေးနီ (မြန်မာ) နှင့် ဖစ်မိုင်(ထိုင်း)၊ ဖျံသွေး(မြန်မာ)နှင့် လေတ(ထိုင်း)တို့ တွဲဆိုင်းများဖြစ်သည်။

တောင်ကလေးနှင့် ရက်ချင်းချိတ်နေသော ပွဲမှာ မြန်မာ-ထိုင်းနယ်စပ်မြို့ ဘုရားသုံးဆူတွင် ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီ စတင်ကျင်းပမည့်ပွဲများ ဖြစ်သည်။ နေ့အလိုက် အဓိကစိန်ခေါ်ပွဲများ အဖြစ် စောထူးဇော် (တို့ရိုးရာ)နှင့် ဖရွှန်ဖစ် (ထိုင်း)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် ဖစ်မိုင်(ထိုင်း)၊ စိုးလင်းဦး (တို့ရိုးရာ)နှင့် ချွေဝမ်ဂျန် (ထိုင်း) တို့တွဲဆိုင်းများ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါပွဲနှင့် ရက်ချင်းချိတ်၍ တောင်ကလေးပွဲနှင့် ရက်ချင်းထပ်နေသောပွဲမှာ မြဝတီခရိုင် ဆုံဆည်းမြိုင်တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ် ကျင်းပမည့်ပွဲဖြစ်သည်။ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့်အတူ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ကျရောက်သော (၂၃) နှစ်မြောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နေ့ အထိမ်းအမှတ်ပွဲ အဖြစ်လည်း ကျင်းပခြင်းဟု ယူဆရသည်။ နေ့အလိုက် အဓိကစိန်ခေါ်ပွဲများအဖြစ် ရွှေရာမာန်(မြန်မာ)နှင့် တကွန်ဆင်(ထိုင်း)၊ ရန်နိုင်ထွန်း(မြန်မာ)နှင့် ဖစ်ငန်း(ထိုင်း)၊ သွေးသစ်အောင်(မြန်မာ)နှင့် ပင်တော်(ထိုင်း) တို့ တွဲဆိုင်းများ ပါဝင်သည်။ ယခုကဲ့သို့ ရိုးရာလက်ဝှေ့များဒေသအသီးသီး၌ ကျင်းပနိုင်ခြင်းသည် မြန်မာ့ရိုးရာလက်ဝှေ့၏ အနာဂတ်အတွက် မျှော်လင့်ချက်ကောင်းများ ဖြစ်ပေါ်နိုင်စေသည့်အတွက် လာမည့် ၂၀၁၈ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင်လည်း ရိုးရာလက်ဝှေ့ပွဲများ တိုးတက်ပါဝင်နိုင်ပါစေဟု ဆန္ဒပြုဆုတောင်းလိုက်ရပါသည်။ ။

### ဒီဇင်ဘာ ၁၆ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၈**

| | | |
|---|---|---|
| လက်စတာ | ၀ - ၃ | ပဲလေ့စ် |
| အာဆင်နယ် | ၁ - ၀ | နယူးကာဆယ် |
| ဝက်ဖို့ဒ် | ၁ - ၄ | ဟက်ဒါဖီးလ် |
| ချယ်လ်ဆီး | ၁ - ၀ | ဆောက်သမ်တန် |
| ဘရိုက်တန် | ၀ - ၀ | ဘန်လေ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၇**

| | | |
|---|---|---|
| အော့စ်ဘတ် | ၃ - ၃ | ဖရိုင်းဘတ် |
| ဝါဒါဘရီမင် | ၂ - ၂ | မိန့်ဇ် |
| ဖရန့်ဖတ် | ၂ - ၂ | ရှော်လ်ကေး |
| ကိုလုံး | ၁ - ၀ | ဝုဖ်ဘတ် |
| ဂလာဘတ် | ၃ - ၁ | ဟမ်းဘတ် |
| စတုဂတ် | ၀ - ၁ | ဘိုင်ယန်မြူးနစ် |

**အီတလီစီးရီးအေ ပွဲစဉ် - ၁၇**

| | | |
|---|---|---|
| အင်တာ | ၁ - ၃ | အူဒီးနီးစ် |

ခိုင်ဝင်း

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) သို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်မှတစ်ပါး အစုရှယ်ယာများ သို့မဟုတ် အခြား မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း စာရွက်စာတမ်းများအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အပြည့်အဝ တံဆိပ်ခေါင်းကပ်ပြီး လွှဲပြောင်းပေးသူနှင့် လွှဲပြောင်း ပေးခြင်းခံရသူက လက်မှတ်ရေးထိုး ဆောင်ရွက်ထားမှ ကုမ္ပဏီ သည် လွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်းပြုရမည်။ ထို့အပြင် ကုမ္ပဏီ သို့ အောက်ပါအချက်အလက်များအား ပေးအပ်ရမည် -

(၁) လွှဲပြောင်းရန် အဆိုပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အကျိုးခံစားခွင့်များအတွက် သက်သေခံချက် ဖြစ်စေမည့် သက်ဆိုင်ရာအထောက်အထားလက်မှတ်များ နှင့်

(၂) လွှဲပြောင်းမှုအကြောင်းကြောင့် ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြား နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်း တို့ပေါင်းစည်းလျက် ကုမ္ပဏီ၏အစုရှယ်ယာများအပေါ် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ရရှိလာခြင်း သို့မဟုတ် ရပ်စဲသွားခြင်းအကြောင်းကြောင့် လွှဲပြောင်း ပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ၎င်းတို့နှစ်ဦးစလုံးက ပြုလုပ်သည့် ကြေညာချက်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံ လက်မှတ်တွင်ပါရှိသည့် စည်းကမ်းချက်များ၌ အတိအလင်း အခွင့်အာဏာအပ်နှင်းထားလျှင် သို့မဟုတ် ဤ ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ အခြားနည်း ခွင့်ပြုထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြား သက် ဆိုင်ရာဥပဒေအား လိုက်နာဆောင်ရွက်ရန် လိုအပ်လျှင် ဒါရိုက် တာအဖွဲ့သည် လွှဲပြောင်းခြင်းအတွက် လျှောက်လွှာနှင့် ဤပုဒ်မ အရ လိုအပ်သော အခြားစာရွက်စာတမ်းများကို လက်ခံရရှိ ပြီးနောက် ၂၁ ရက်အတွင်း လွှဲပြောင်းမှုအား ဖော်ပြထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ပြီး နောက် ခုနစ်ရက်အတွင်း အကြောင်းပြချက်များကို ထည့်သွင်း ဖော်ပြလျက် ငြင်းပယ်သည့် အကြောင်းကြားစာကို လွှဲပြောင်း ပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူများထံသို့ ပေးပို့ခဲ့လျှင်ကုမ္ပဏီ သည် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(င) ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှအစု ရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ဥပဒေအရ လွှဲပြောင်းပေးခြင်း ခံရသူတစ်ဦးဦးအား အစုရှယ်ယာရှင် သို့မဟုတ် ကုမ္ပဏီရှိ မှတ်ပုံတင်ထားသော အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသူအဖြစ် မှတ်ပုံတင်စာရင်းရေး သွင်းနိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက် စေခြင်း မရှိစေရ။

၈၄။ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အား လိုက်နာဆောင်ရွက်ရာတွင် ပျက်ကွက်မှုရှိခဲ့ပါက သိလျက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဒါရိုက်တာများသည် ပျက်ကွက်မှုဖြစ်ပေါ်သည့် ကာလအတွင်း ဒဏ်ကြေးငွေ ကျပ်တစ်သိန်း ငါးသောင်းစီ ပေးဆောင်ရမည်။

၈၅။ လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လွှဲပြောင်းပေးသူသည် သိလျက်ဖြင့် ဖြစ်စေ၊ ပေါ့လျော့၍ ဖြစ်စေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ ပြုလုပ်သည့် ကြေညာချက်တွင် ကုမ္ပဏီသို့ မမှန်ကန်သော ဖော်ပြချက် တစ်ရပ်ရပ် ပြုလုပ်ပါရှိစေခဲ့လျှင် ထိုသို့ပြုလုပ်မှုအတွက် ဒဏ်ကြေးငွေ ကျပ် ခုနစ်သိန်းငါးသောင်းစီ ပေးဆောင်ရမည်။

**အစုရှယ်ယာများနှင့် အခြားအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်း**

၈၆။ (က) အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစား ခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်သည့် ၂၁ ရက်အတွင်း ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် လွှဲပြောင်းမှု အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရ မည်။

(ခ) ထိုသို့လွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခု အဖြစ်သို့ ရောက်ရှိသည် သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်မှ ရပ်စဲသည်ဆိုသည်ကို အကြောင်းကြားစာတွင် ဖော်ပြရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစား ခွင့်များကို လွှဲပြောင်းခြင်း၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၈၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက် ခဲ့လျှင် သိလျက်ဖြင့် ဆောင်ရွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်ခုနစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**တရားဝင်ကိုယ်စားလှယ်ဖြင့်လွှဲပြောင်းခြင်း**

၈၈။ ကုမ္ပဏီရှိ ကွယ်လွန်ခဲ့သော ပါဝင်သူတစ်ဦးဦး သို့မဟုတ် အခြားအကျိုး ခံစားခွင့်ကို လက်ဝယ်ထားရှိသော ကွယ်လွန်သူတစ်ဦးဦး၏ အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်အား ၎င်းတို့၏ တရားဝင်ကိုယ်စား လှယ်ဖြင့် လွှဲပြောင်းခြင်းသည် ယင်းတရားဝင်ကိုယ်စားလှယ်မှာ အကျိုးခံစား ခွင့်နှင့်သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ မဟုတ်စေကာမူ အဆိုပါ လွှဲပြောင်းမှုစာချုပ်အား ချုပ်ဆိုဆောင်ရွက် သည့်အချိန်၌ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့်ကုမ္ပဏီ ပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ ဖြစ်သကဲ့သို့ တရားဝင်စေရမည်။

**အခန်း(၁၃)**

**မှတ်ပုံတင်စာရင်းများနှင့် ကုမ္ပဏီရှိ အကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း**

**ပိုင်ဆိုင်ခွင့်အထောက်အထားဖြစ်စေမည့် အစုရှယ်ယာများ၏သက်သေခံ လက်မှတ်**

၈၉။ (က) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်သည့်အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်ပါရှိပြီး ပုဒ်မ ၂၉ နှင့်အညီ ကုမ္ပဏီ၏ရုံးတံဆိပ် ခတ်နှိပ်ထားသော သို့မဟုတ် အခြားနည်းဖြင့် လက်မှတ်ရေးထိုး ထားသော သက်သေခံလက်မှတ်တစ်ခုသည် အဆိုပါအစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့်ကုမ္ပဏီ တွင်ပါဝင်သူ၏ မှန်ကန်ကြောင်း ထင်ရှားသော ပိုင်ဆိုင်ခွင့် အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာ များ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို ထုတ်ဝေသတ်မှတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ပြီး နောက် ၂၈ ရက်အတွင်း အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ထုတ်ဝေသတ်မှတ် ထားသော သို့မဟုတ် လွှဲပြောင်းထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာ စတော့ရှယ်ယာများ သို့မဟုတ် မှတ်ပုံ တင်ထားသော အကျိုးခံစားခွင့်များအားလုံး၏ သက်သေခံ လက်မှတ်ကိုထုတ်ဝေခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များ အား အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ပြီးစီးအောင် ဆောင်ရွက်၍ ပေးအပ်ရန်အတွက် အသင့်ပြုလုပ်ထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပေးသော သက်သေခံလက်မှတ် အားလုံးတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏အမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊

(၃) အစုရှယ်ယာသက်သေခံလက်မှတ်နှင့် သက်ဆိုင်လျှင် အစုရှယ်ယာအရေအတွက်၊ အစုရှယ်ယာများ၏ အမျိုးအစား၊ အစုရှယ်ယာများအတွက် ပေးချေထားသည့် ငွေပမာဏ၊ အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏနှင့် အစုရှယ်ယာများ အတွက် ငွေပေးချေပြီးဖြစ်သည့် ရာခိုင်နှုန်းနှင့်

(၄) မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များဖြစ်လျှင် အဆိုပါ ငွေချေးသက်သေခံ လက်မှတ်အရေအတွက်၊ အမျိုးအစားနှင့် ပေးချေထားသော ငွေပမာဏ၊ အစုရှယ်ယာအဖြစ် လဲလှယ် နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြစ်လျှင် ထိုသို့ လဲလှယ်နိုင်မည့် အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ၏ အရေအတွက်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်ခြင်းသည်အစု ရှယ်ယာ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိသူတစ်ဦးဦး၏ အခွင့်အရေးများကို အကျိုးသက် ရောက်စေခြင်းမရှိစေရ။

**ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း**

၉၀။ (က) ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်ရန်အတွက် လျှောက်လွှာ တွင် ဖော်ပြပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် အမည်ဖော်ပြ ထားသူများကို ကုမ္ပဏီတွင် ပါဝင်သူများဖြစ်သည်ဟု သဘောတူ လက်ခံထားကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မှတ်ပုံတင်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း ၌ ၎င်းတို့အား ကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် သဘောတူလက်ခံထား၍ ၎င်း၏ အမည်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြထားသူများသည် ကုမ္ပဏီတွင် ပါဝင်သူများဖြစ်သည်။

(ဂ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ၎င်းတို့ကုမ္ပဏီတွင် ပါဝင်သူများ၏ နောက်ဆုံးအချက်အလက်များအထိ ပါရှိသော မှတ်ပုံတင်စာရင်းကို ထားရှိရမည်ဖြစ်ပြီး အောက်ပါအချက်အလက်များကိုလည်း ယင်းမှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြရမည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသား ဖြစ်သည်ဟူသောအချက်များ၊

(၂) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ကုမ္ပဏီ တွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြ သည့် ရက်စွဲနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်ရက်စွဲ။

(ဃ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာ မတည်ငွေရင်းရှိခဲ့လျှင် ကုမ္ပဏီတွင်ပါဝင် သူများ၏ မှတ်ပုံတင်စာရင်း၌ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် နှင့်အညီ အောက်ပါတို့ကိုလည်းဖော်ပြရမည် -

(၁) အစုရှယ်ယာများကို ထုတ်ဝေမှုပြုလုပ်သည့်ရက်စွဲ၊

(၂) ထုတ်ဝေမှုတစ်ရပ်စီတွင်ပါရှိသည့် အစုရှယ်ယာအရေ အတွက်၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်သည့် အစု ရှယ်ယာများ၊

(၄) အစုရှယ်ယာများ၏ အမျိုးအစား၊

(၅) အစုရှယ်ယာအမှတ်စဉ်များနှင့် အစုရှယ်ယာသက်သေခံ လက်မှတ်များ၏ အမှတ်စဉ်များ၊

(၆) အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊

(၇) အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေထားခြင်း ရှိ၊ မရှိနှင့်

(၈) အစုရှယ်ယာများအတွက်ပေးချေရန် ကျန်ရှိသည့်ငွေပမာဏ ရှိခဲ့လျှင် ယင်းငွေပမာဏ။

**ကုမ္ပဏီတွင် ပါဝင်သူများနှင့် စပ်လျဉ်းသည့်အညွှန်းစာရင်း**

၉၁။ (က) ပါဝင်သူဦးရေ ၅၀ အထက်ရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီ တွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အညွှန်းစာရင်းတစ်ရပ် အဖြစ် ပြုစုထားရှိခြင်းမဟုတ်လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အမည်များအတွက် နောက်ဆုံးအချက်အလက်များပါရှိသော အညွှန်း စာရင်းတစ်ရပ်ကို ပြုစုထားရှိရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုတစ်ရပ် ရပ် ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း အညွှန်းစာရင်းတွင် လိုအပ်သောပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်ရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများအတွက် အညွှန်းစာရင်းတွင် ၎င်းနှင့် သက်ဆိုင်သည့် အချက်အလက်များအား မှတ်ပုံတင်စာရင်း၌ လွယ်ကူစွာ ရှာဖွေသိရှိနိုင်ရန်အတွက် လုံလောက်သည့် အညွှန်းသင်္ကေတများကို ထည့်သွင်းဖော်ပြရမည်။

**အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်း**

၉၂။ (က) ထုတ်ဝေခြင်းမပြုရသေးသော အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို အော့ပ်ရှင် (option) ပြုထားသော ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော အော့ပ်ရှင် (option) ရှိသူများမှတ်ပုံတင် စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) ကုမ္ပဏီတွင် အော့ပ်ရှင် (option) ရှိသူများ၏ အမည် များ၊နေရပ်လိပ်စာများနှင့် မည်သည့် နိုင်ငံသားဖြစ်သည် ဟူသောအချက်များအပြင် အော့ပ်ရှင် (option) ပြုထား သည့် အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့် များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများအတွက် အော့ပ်ရှင်(option) ရှိသူတစ်ဦး အဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲ၊

(၃) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်နိုင်သည့် ကာလ သို့မဟုတ် အချိန်၊

(၄) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်ခြင်း မပြုမီက ပေါ်ပေါက်ရမည့် အဖြစ်အပျက် တစ်ရပ်ရပ်၊

(၅) အော့ပ်ရှင် (option) ပေးခြင်းအတွက် ပေးချေရသည့် ငွေပမာဏ တစ်ရပ်ရပ်၊

(၆) အော့ပ်ရှင် (option) ကျင့်သုံးဆောင်ရွက်မှုအတွက် ပေးချေရမည့် ငွေပမာဏ တစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ငွေပမာဏအား သတ်မှတ်သည့် နည်းလမ်းနှင့်

(၇) ပုဂ္ဂိုလ်တစ်ဦးအား အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ခ) အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းသည် အော့ပ်ရှင်(option) များအား ကျင့်သုံးဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက် များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

(ဂ) အော့ပ်ရှင် (option) များအား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ ပေးပို့သည့် အခါမှသာလျှင် ကုမ္ပဏီသည် အော့ပ်ရှင် (option) တစ်ရပ်အား လွှဲပြောင်းခြင်းအတွက် အော့ပ်ရှင်(option)ရှိသူများ၏ မှတ်ပုံ တင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့်အချက်အလက်များ ဖြင့် ဖြည့်စွက်ရန်လိုအပ်မည် ဖြစ်သည်။ ကုမ္ပဏီမှ အော့ပ်ရှင် (option)အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အော့ပ်ရှင်(option) လွှဲပြောင်းမှုကို ထိခိုက်စေခြင်းမရှိစေရ။

**ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း**

၉၃။ ဒီဘင်ချာများထုတ်ဝေသည့် ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင် ထားသော ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း တစ်ခုကို ပြုလုပ်ထားရှိရ မည် -

(က) ဒီဘင်ချာရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည် သည့်နိုင်ငံသားဖြစ်သည် ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့လက်ဝယ်ရှိသည့် ဒီဘင်ချာ များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊


(ခ) ပုဂ္ဂိုလ်တစ်ဦးစီအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်း တွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲနှင့်

(ဂ) ပုဂ္ဂိုလ်တစ်ဦးအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

**ဆက်လက်ဖော်ပြပါမည်။**












END

# ပညာအလင်းရောင် ဘဝတန်ဆောင်

ကိုရင်ဩ


ဓာတ်ပုံ- the conversation.com

ပြင်သစ်နိုင်ငံရှိ အခြေခံပညာသင်ကျောင်းများ၌ ကလေးငယ်များ မိုဘိုင်းဖုန်း အသုံးပြုမှုကို အစိုးရအမိန့်ဖြင့် တားမြစ်ပိတ်ပင်တော့မည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုရလေသောအခါ ၂၁ ရာစုခေတ်၌ ထွန်းကားလာသော 'ဖုန်းယဉ်ကျေးမှု' ၏ ဘေးထွက် ဆိုးကျိုးတစ်ရပ်ကို လူထုတစ်ရပ်လုံးက တပ်လှန့်သတိပေးရာ ရောက်သည်ဟု ကျွန်ုပ်တွေးတောမိလေ၏။

ပြင်သစ်နိုင်ငံ၌ လာမည့် ပညာသင်နှစ် စတင်ချိန် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ အစပြု၍ အခြေခံပညာသင်ကျောင်းများတွင် စာသင်သားများ မိုဘိုင်းဖုန်းအသုံးပြုမှုကို လုံးလုံးလျားလျား တားမြစ်ပိတ်ပင်တော့မည်ဟု ပညာရေးဝန်ကြီး ဂျင်မိုက်ကယ်ဘလန်ကာက အတည်ပြုပြောကြားခဲ့လေသည်။

ပြင်သစ်နိုင်ငံရှိ အခြေခံပညာကျောင်းများ၌ စာသင်ခန်းများအတွင်း မိုဘိုင်းဖုန်း အသုံးမပြုရန် နဂိုကပင်လျှင် ပိတ်ပင်ထားပြီးဖြစ်၏။ သို့ရာတွင် ယခုတစ်ကြိမ် ပိတ်ပင်မည့် အစီအစဉ်မှာ လုံးလုံးလျားလျား ပိတ်ပင်မှုဖြစ်သဖြင့် ခေတ္တအနားပေးချိန်၊ နေ့လယ်စာ စားချိန်၊ သင်ခန်းစာပို့ချပေးမည့် ဆရာ၊ ဆရာမများ အကူးအပြောင်း လုပ်ချိန်တို့အတွင်းမှာပင် ဖုန်းသုံးစွဲမှုကို လုံးဝ ခွင့်ပြုပေးတော့မည်မဟုတ်ချေ။

ပြင်သစ်နိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အထိဖြစ်သော အသက်အရွယ်အပိုင်းအခြား အမျိုးမျိုးရှိ ကျောင်းသူ၊ ကျောင်းသားများအနက် ၉၃ ရာခိုင်နှုန်းခန့်မှာ မိုဘိုင်းဖုန်း ပိုင်ဆိုင်ကြ၏။

"ဒီကနေ့ခေတ်မှာ ကလေးတွေဟာ အားလပ်ချိန်မှာတောင် မကစားကြတော့ဘူး၊ စမတ်ဖုန်းရှေ့ သူတို့ရောက်နေကြတယ်၊ ပညာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ဒါဟာပြဿနာတစ်ရပ်ပါပဲ" ဟု ပညာရေးဝန်ကြီး ဘလန်ကာက ဆိုမိန့်သည်။

"ဥပဒေ၊ စည်းမျဉ်းတွေ လေးစားလိုက်နာကြဖို့ သေချာလှတယ်ဗျ၊ စာသင်ကျောင်းတွေမှာ ကလေးတွေ မိုဘိုင်းဖုန်းသုံးတာကို ကျွန်တော်တို့ တားမြစ်မယ်၊ ကျောင်းအုပ်ကြီးတွေ၊ ဆရာ၊ ဆရာမတွေ၊ မိဘတွေနဲ့အတူ လုပ်ဆောင်သွားမှာက ဖုန်းတွေနဲ့ မှန်သားပြင်တွေပေါ် ကြည့်နေတာကြောင့် စာထဲစိတ်မရောက်ဖြစ်မှုကနေ ကလေးတွေကို ကာကွယ်ပေးသွားဖို့ပါပဲ" ဟု ဘလန်ကာက ကျောင်းစည်းကမ်း အာဏာသက်ဝင်ရေး ရှုမြော်တွေးကာ ရှင်းပြလေသည်။

ပြင်သစ်နိုင်ငံရှိ စာသင်ကျောင်းများ၌ စာသင်ခန်းများအတွင်း မိုဘိုင်းဖုန်း အသုံးပြုမှု ဆက်လက်ရှိနေကြောင်း၊ ဖုန်းဖြင့် သတင်းစကား (ဝါ) Message ပို့ခြင်းနှင့် ယူခြင်းတို့ ပြုလုပ်ကြလေ့ရှိကြောင်း လေ့လာချက်များတွင် ဖော်ပြထားသည်ဆို၏။

ကျောင်းအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုနှင့် ဆက်နွှယ်နေသော ပြစ်ချက်များမှာ ကျောင်းအုပ်ကြီးများ ချမှတ်သော ပြစ်ဒဏ်အရေအတွက်၏ ၄၀ ရာခိုင်နှုန်းအထိရှိသည်ဟု မြို့တော်ပါရီမှ ကျောင်းအုပ်ကြီးတစ်ဦးဖြစ်သူ ဖီးလ်စ်တန်နီယာက ဆိုသည်။ သို့ရာတွင် ကျောင်းအတွင်း ဖုန်းအသုံးပြုမှု ပိတ်ပင်ရေးအမိန့် အာဏာသက်ဝင်ရေးမှာ ဆရာ၊ ဆရာမများအတွက် ခဲရာခဲဆစ်နိုင်လိမ့်မည်ဟု ယူဆရကြောင်း၊ ဆိုပါစို့ တပည့်များ၏ လွယ်အိတ်တိုင်းကို ရှာဖွေစစ်ဆေးခြင်းမပြုဘဲ အာဏာသက်ဝင်အောင်လုပ်ဖို့ ခဲယဉ်းမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးက သူ့အမြင်ကို ဖော်ထုတ်သည်။

ယင်း တားမြစ်ပိတ်ပင်ရေးအမိန့် အလုပ်ဖြစ်မည်လားဟူ၍ကား လောလောဆယ် တိတိပပ မသိနိုင်ချေ။ ကျောင်းသားကလေးများသည် စာသင်ချိန်အတောအတွင်း ဖုန်းများ အသုံးပြုခြင်းမရှိစေရန် ကျောင်းများ၌ ပုဂ္ဂလိကပစ္စည်း သိမ်းဆည်းရာ အံဆွဲများ ထားရှိသင့်သည်ဟု ယခင်ကပင်လျှင် ကျောင်းအုပ်ကြီးများက အကြံပြုခဲ့သည်များ ရှိခဲ့လေသည်။

သင်ကြားမှု အထောက်အကူပြုပစ္စည်းတစ်မျိုးအဖြစ် ဖုန်းများလိုအပ်သည်မှာလည်း အမှန်ပင်ဖြစ်၏။ မိသားစု အရေးတကြီးကိစ္စရပ်များ ပေါ်ပေါက်ချိန်တွင် ဖုန်းသုံးစွဲရန်လည်း လိုအပ်နေသေး၏။

အစိုးရဝန်ကြီးများ အစည်းအဝေးပြုလုပ်ချိန်တွင် ဖုန်းများပိတ်ထားရသလို စာသင်ကြားနေချိန်တွင်လည်း ဖုန်းများ ပိတ်ထားရန်လိုအပ်သည်ဟု ကျောင်းအုပ်ကြီးများက ရှုမြင်ကြလေသည်။ စာသင်နေချိန်အတွင်း ဖုန်းများကို ကျောင်းဝင်ပေါက် မလှမ်းမကမ်းရှိ ရုံးခန်း၌ကလေးများ၏ ကျောပိုးအိတ်များအတွင်း ထည့်သွင်း ထားစေကာ အိမ်ပြန်ချိန်ရောက်မှ ပြန်ယူစေသည့် စနစ်တစ်ရပ်လည်း ရှိနေပေသည်။ ကျောင်းသူကျောင်းသားများ၏ ဖုန်းများမှာ များပြားလှသဖြင့် မိမိဖုန်းကိုမိမိ ပြန်ယူချိန်တွင် မှားယူတတ်မှု၊ ပျောက်ဆုံးတတ်မှုစသည့် ပြဿနာများကိုလည်း တွေ့ကြုံရတတ်သေးသည်။

အခြေခံပညာသင်ကျောင်းများ၌ မိုဘိုင်းဖုန်းများအသုံးပြုမှု လုံးလုံးလျားလျား ပိတ်ပင်ရေးအယူအဆကို ယခင် ပညာရေးဝန်ကြီးများက လက်ခံခြင်းမရှိကြပေ။ ယနေ့ကာလ၌ ဖုန်းများသည် ကလေးလူကြီးမရွေး လူတို့၏ နိစ္စဓူဝ လူနေမှုဘဝတွင် အရေးပါလျက်ရှိပေရာ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရန် လိုအပ်ပုံကို လျစ်လျူရှုထား၍လည်း မရနိုင်ပေ။ ကလေးသူငယ်များသည် သူတို့၏မိဘများနှင့် လုံးလုံးလျားလျား အဆက်အသွယ် ဖြတ်တောက်ထားပုံမျိုး မဖြစ်သင့်ဟုလည်း ယူဆရဖွယ်ရှိ၏။

ပညာရေးဝန်ကြီး ဘလန်ကာ၏ ဖုန်းပိတ်ပင်ရေးအမိန့် ပေါ်ထွက်လာမည့်အရေး သဘောထားကွဲလွဲစွာ အငြင်းပွားမှုများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။ သို့ဖြစ်လင့်ကစား ဝန်ကြီး ဘလန်ကာကမူ "ပြည်သူ့ကျန်းမာရေး" အလို့ငှာ စာသင်ကျောင်းများ၌ ကျောင်းသူ၊ ကျောင်းသားများ ဖုန်းသုံးစွဲမှု လုံးလုံးလျားလျား ပိတ်ပင်မှုကို လာမည့်ပညာသင်နှစ် စတင်ချိန် စက်တင်ဘာလတွင် စတင်မည်ဟုဆိုသည်။

ငယ်ရွယ်နွဲ့နှောင်းသော ကလေးသူငယ်များသည် ကစားခုန်စား လုပ်ရမည့်အစား ဖုန်းပွတ်နေလျှင်၊ ဖုန်းဆော့နေလျှင် ကိုယ်ကာယဖွံ့ဖြိုးရေး ထိခိုက်နိုင်ခြင်းကြောင့် ယင်းသို့ပိတ်ပင်ရခြင်းဖြစ်ကြောင်း ဝန်ကြီး ဘလန်ကာက အကြောင်းပြပြောဆိုသည်။

ဝန်ကြီး ဘလန်ကာ ပြောဆိုသကဲ့သို့ပင် ဗလငါးတန် ဖွံ့ဖြိုးရေး၌ ကိုယ်ကာယဖွံ့ဖြိုးရေးပါဝင်ပေရာ အရွယ်မရောက်သေးသူ ကလေးများအပေါ် ကျရောက်လာနိုင်သော ခေတ်သစ်နည်းပညာ၏ ဘေးထွက် ဆိုးကျိုးများကို ပိုင်းခြားထင်ထင် ကြိုမြင်ထားရန် လိုအပ်ပေလိမ့်မည်။

ဤတွင်ရှေ့ကား ကျောင်းသူ ကျောင်းသားများအနေဖြင့် ဆဲလ်ဖုန်းများကို တာဝန်သိသိ၊ တာဝန်ရှိရှိ မည်သို့မည်ပုံ သုံးစွဲသင့်သည်ကို လေ့လာအပ်၏ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဖုန်းကို မိမိအရွယ်နှင့်အညီ တော်တည့်မှန်ကန်စွာ အသုံးပြုရန် လိုအပ်မည်ထင်သည်။ Angry Birds ဂိမ်းကစားခြင်း၊ တေးဂီတနားဆင်ခြင်း၊ သူငယ်ချင်းများအား ညဏ်စမ်းပဟေဠိ အဖြေညှိနိုင်ရန် စာသားပေးပို့ခြင်းစသည်တို့ကို လုပ်ကောင်းသည်ဟု ကျွန်ုပ်မထင်မိချေ။ ဖုန်းများနှင့် တက်ဘလက်များကို တာဝန်သိသိ အသုံးပြုသင့်ပြီး ပညာသင်ယူရေး ရည်မှန်းချက်များနှင့် အညီအညွတ် ဖြစ်စွာသာလျှင် အသုံးပြုသင့်ပေသည်။

အင်္ဂလိပ်စာတိုးတက်ရေး ဗဟုသုတရှာမှီးခြင်း၊ ကျောင်းသင်ခန်းစာနှင့်ဆက်နွှယ်သော အကြောင်းခြင်းရာများကို ရှာဖွေခြင်းစသည်တို့ပြုလုပ်ရန်အတွက်မူ ကျောင်းသူကျောင်းသားများအနေဖြင့် ဖုန်းများကို သုံးစွဲ ကောင်းပေလိမ့်မည်။ ဆရာ ဆရာမများအနေဖြင့်လည်း ကလေးများအနေဖြင့် ဖုန်းများကို တော်တည့်မှန်ကန်စွာ အသုံးပြုခြင်း ရှိ၊ မရှိ လေ့လာစောင့်ကြည့်သင့်ပေသည်။

ဩစတြေးလျနိုင်ငံ၌ စာသင်ကျောင်းများ၌ ကျောင်းသူကျောင်းသားများက ဖုန်းများကို အလွဲသုံးမှု မရှိစေရန် အထူးတည်ဆောက်ထားသော ကွန်ပျူတာဆော့ဖ်ဝဲတစ်မျိုးကိုအသုံးပြု၍ လေ့လာစောင့်ကြည့်သည်ဟု ကျွန်ုပ်မှတ်သားရဖူးလေသည်။ ယင်းနိုင်ငံရှိ Family Zone အမည်ရှိ ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော ထောက်လှမ်းရေးဆော့ဖ်ဝဲသည် ကျောင်းသူ၊ ကျောင်းသားကလေးများ၏ ဖုန်းသုံးစွဲပုံ အမူအကျင့်ကို ထောက်လှမ်းဖော်ထုတ်ပေးနိုင်ရန်ရည်ရွယ်ပြီး ယခုအခါ စာသင်ကျောင်း ၄၀ ၌ အသုံးပြုလျက်ရှိသည်။ အရွယ်နှင့်မလျော်ကန်သော အင်တာနက်ဝက်ဘ်ဆိုက်များအား စာသင်သားနုပျိုတို့ ဝင်ရောက်နိုင်ခြင်းမရှိစေရန် ယင်းဆော့ဖ်ဝဲက ပိတ်ပင်ပေးနိုင်သည့်အပြင် ဖုန်းအပလီကေးရှင်းများ အလုပ်မဖြစ်အောင်လည်း ဟန့်တားပေး နိုင်သည်။ ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းမပြုနိုင်စေရန် ယင်းဆော့ဖ်ဝဲလ်က စွမ်းဆောင်ပေးနိုင်သည်။

ပုဂ္ဂလိကလွတ်လပ်ခွင့် အလေးပေးသူတို့ကမူ ကလေးများအား ထောက်လှမ်းစောင့်ကြည့်ခြင်းကို မလိုလားကြပေ။

အထူးအားဖြင့် ညစ်ညမ်းရုပ်ပုံများ၊ စာသားများ၊ တလွဲသွေးဆောင်စည်းရုံးသော လှုံ့ဆော်မှုများမှ ကလေးများအား ကာကွယ်ပေးခြင်း၊ Cyber bully (ဝါ) ကွန်ပျူတာကွန်ရက်ဆိုင်ရာ အနိုင်ကျင့်ခြင်းတို့မှ လူမမည်လေးများအား ကာကွယ်ပေးခြင်းတို့ကို မိဘ၊ ဆရာပူးပေါင်း၍ ဆောင်ရွက်ပေးရန်ကား လိုအပ်ပေလိမ့်မည်။

ဩစတြေးလျနိုင်ငံ၌ စာသင်ကျောင်းသို့ ကလေးများရောက်ရှိချိန်မှစ၍ လုံခြုံရေး အရစိစစ်မှုများ စတင်ပြုလုပ်တော့သည်။ Swipe cards စနစ်နှင့် biometrics စနစ်တို့ကို ကျောင်းများ၌အသုံးပြုသည်။ CCTV လုံခြုံရေးကင်မရာများက စောင့်ကြည့်သလို အွန်လိုင်းမှတစ်ဆင့်လည်း စောင့်ကြည့်လေသည်။

ဖုန်းများကို သင်ထောက်ကူပစ္စည်းတစ်မျိုးအဖြစ် အသုံးပြုသင့်သည်ကား အမှန်ပင်ဖြစ်၏။ ဖုန်းများရှိ အပလီကေးရှင်း အများအပြားမှာ နက္ခတ္တဗေဒ၊ သိပ္ပံနှင့် ခန္ဓာဗေဒ ဘာသာရပ်များကဲ့သို့သော ဘာသာရပ်များ လေ့လာရာတွင် ရုပ်ပုံလွှာများ (Visual representations)ကို ဖော်ပြနိုင်ရန် ပြုလုပ်ထားပေရာ ဘာသာရပ် လေ့လာမှုအတွက် ဖုန်းများကို အသုံးပြုသင့်လှပေသည်။ အရေးကြီးလှသည်မှာ ကလေးများ ကျောင်းနေပျော်၍ စာတော်ရန်ဖြစ်၏။ ကလေးသူငယ်များအနေဖြင့် မိမိ၏ ကိုယ်ကာယ ကြံ့ခိုင်မှုအတွက် ဖုန်းမျက်နှာပြင်ပေါ်တွင် အချိန်များစွာ စီးမျောမနေသင့်ကြဘဲ ကစားချိန်ကစား၊ စားချိန်စား၊ နားချိန်နား၊ လေ့လာချိန် လေ့လာ၊ စာအံချိန် စာအံ၊ အပန်းဖြေချိန် အပန်းဖြေ၊ မိဘများနှင့်နွေးထွေးချိန်နွေးထွေး ရှိသင့်ပေသည်သာတည်း။

တန်လျှင်ဆေး၊ လွန်လျှင်ဘေး ဟူဘိသို့ပင် လွန်ကဲလာလျှင် မည်သည့်အရာမျှ မကောင်း၊ ဖေ့စ်ဘုတ်ကို သုံးစွဲလွန်းလည်း မကောင်း၊ အရွယ်မရောက်မီ အရွယ်ရောက်ပြီးသူတို့၏ အပြုအမူကို ပုံတူကူးလျှင်လည်း မကောင်း၊ လူမှုကွန်ရက်မီဒီယာကို စွဲလမ်းနေလျှင်လည်း မကောင်းဟု ကျွန်ုပ်တွေးတောမိလေသည်။

ကလေးသူငယ်များအပေါ် ဘေးဥပါဒ်မကျရောက်စေခြင်းအတွက် တားဆီးပေးရန်မှာ ဆရာ၊ ဆရာမများနှင့် မိဘများ၏ တာဝန်ဝတ္တရားတစ်ရပ် ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ မြန်မာ့ယဉ်ကျေးမှု ရှုထောင့်အမြင်အရ ကြည့်လျှင် ကျင့်ဝတ်ဆယ်ပါးအနက် ကျောင်းသူ၊ ကျောင်းသားများနှင့် ဆက်နွှယ်နေသော သားသမီးဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်တို့မှာ အရေးကြီးလှပေသည်။

သားသမီးဝတ်မှာ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

မိဘဝတ်မှာ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

တပည့်ဝတ်မှာ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ထွေးအံ့ရွတ် တပည့်ဝတ်၊ မချွတ် ငါးခုတာ။

ဆရာဝတ်မှာ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာဟူ၍ ကျွန်ုပ်တို့ငယ်စဉ် စာသင်သားဘဝက ရွတ်ဆိုခဲ့ကြရသည်ကို ပြန်ပြောင်း သတိရမိလေသည်။

ဖုန်းကိုအလွဲသုံးခြင်းမှတစ်ဆင့် ကလေးသူငယ်များကိုယ်တိုင် ကြိုတင်မရည်ရွယ်ဘဲ ပြစ်မှုကျူးလွန်ရာ ရောက်တတ်သည်ကိုလည်း ကျွန်ုပ်တို့ သတိမူရပေလိမ့်မည်။ သူငယ်ချင်းအချင်းချင်း အလွဲသွေးဆောင်စည်းရုံးမှုကြောင့် နုနယ်လှသည့်ဘဝလေးများ ထိခိုက်ရသည့်သာဓကများလည်း ရှိပေသည်။

ဤလောက၌ သဘာဝတရားအရ မည်သည့်အရာတွင်မဟူ လွန်ကဲခြင်းသည် မကောင်းနိုင်ပေ။ အတတ်ကျူး ဘီလူးဖြစ်တတ်သည် ဟူသော သတိပေးချက်မှာ လွန်ကဲမှုကိုမဖြစ်စေဖို့ နှိုးဆော်ချက်တစ်ရပ်ဖြစ်နိုင်ပေသည်။ ကလေးသူငယ်များသည် ပညာရှာ ပမာသူဖုန်းစားကဲ့သို့ ကျင့်ကြံရမည့်အချိန်တွင် ဖုန်းပွတ်ကာ အာရုံနောက်နေခြင်းမျိုး မရှိသင့်လှပေ။ စာသင်နုပျိုတို့သည် ပညာသင်ယူချိန်တွင် မြတ်ဆရာ၏ အသင်အပြ၊ အဆုံးအမနှင့် ဩဝါဒတို့ကို မြေဝယ်မကျ နားထောင်ကြခြင်းဖြင့် ယနေ့လူငယ် နောင်ဝယ်လူကြီး သင်လည်း တစ်ဦးသားထူးသားမြတ် ဖြစ်အပ်ရာ၏ဟူသော မြတ်ဆရာတစ်ဦး၏ သွန်သင်ချက်တစ်ရပ်ကို ပြန်လည်ကြားယောင်မိရင်း "ပညာအလင်းရောင် ဘဝတန်ဆောင်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref:*
*France will ban Kids from using their phones (The verge)*




# “ပန်းနှစ်ပွင့် စီးချင်း” ရုပ်သံဇာတ်လမ်းတွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရွှေနေအမျိုးသမီးနှစ်ဦး၏ ယှဉ်ပြိုင်မှုများကို အဓိကထားရိုက်ကူးထားသည့် ပန်းနှစ်ပွင့်စီးချင်း ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဇန်နဝါရီ ၃ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာနေ့တိုင်း ည ၇ နာရီတွင် ပြသသွားမည်ဟု ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ပါ့ခ်ရွိုင်ယယ်ဟိုတယ်၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

“ဒီဇာတ်လမ်းမှာ အဓိကကျောရိုးကတော့ ဥပဒေပေါ့၊ ဒီဇာတ်ကားကနေ ဥပဒေကြောင်းအရ ဗဟုသုတတွေ၊ ဥပဒေနဲ့ ပတ်သက်တဲ့ အခေါ်အဝေါ်တွေ ဒါတွေကိုကြည့်တဲ့ ပရိသတ်က ရသွားမယ်၊ ဒ့ါကြောင့် ဒီဇာတ်လမ်းလေးကို သေချာကြည့်ဖြစ်အောင် ကြည့်ပြီး ခံစားကြည့်ပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်တယ်၊ ဒီဇာတ်လမ်းက ကြည့်ရှုသူပြည်သူတွေအတွက် တစ်စုံတစ်ခုသော အကျိုးကို ရရှိစေမယ်လို့လည်း ယူဆတယ်”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးရဲထွန်းက ပြောသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို ဇာတ်ညွှန်း ထက်မြက်နိုင်ဇင် ရေးသား၍ အောင်ပြည့်အန်တာတိမ်းမန့်က စီစဉ်ထုတ်လုပ်ကာ ဒါရိုက်တာ မင်းခိုက်စိုးစန် ရိုက်ကူးတင်ဆက်မည်ဖြစ်သည်။ အဓိကသရုပ်ဆောင်များအဖြစ် ပိုင်ဖြိုးသုနှင့် မေဘရက်ဇီသော်တို့က ပါဝင်သရုပ်ဆောင်ထားပြီး စိုးရန်အောင်၊ ထက်ကိုကိုလင်း၊ Marco နှင့် ဝါရင့်အနုပညာရှင်များစွာက ပါဝင်သရုပ်ဆောင်သွားမည် ဖြစ်သည်။

“အခုနောက်ပိုင်းဆို မြန်မာဇာတ်လမ်းတွဲတွေက ပရိသတ်ကြားမှာ ရေပန်းစားလာပြီ၊ အစ်မတို့အနေနဲ့လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာ ဇာတ်လမ်းတွဲတစ်ခု ပြချင်တော့ ပုံမှန် သမားရိုးကျဇာတ်လမ်းထဲက ကွဲထွက်ပြီး ထူးထူးခြားခြားလေးဖြစ်အောင် ဥပဒေကို အခြေခံထားပြီးတော့ ရွှေနေအမျိုးသမီးနှစ်ယောက်ရဲ့ သူတို့အလုပ်ပေါ်မှာ ကြိုးစားအားထုတ်ပြီး ယှဉ်ပြိုင်ကြပုံလေးတွေကို ဇာတ်လမ်း၊ ဇာတ်အိမ်လေးတွေနဲ့ ဖန်တီး ရိုက်ကူးလိုက်တာပါ၊ ပထမဆုံးပွဲဦးထွက် ဇာတ်လမ်းတွဲမို့ အားပေးကြည့်ရှုကြပါ၊ လိုအပ်တာတွေ ရှိခဲ့ရင်လည်း အကြံဉာဏ်ပေးကြပါလို့ ပြောချင်ပါတယ်”ဟု ဒေါ်မေသူဖေ အောင်ပြည့်အန်တာတိမ်းမန့်မှ ပရောဂျက်ဒါရိုက်တာက ပြောသည်။

ပန်းနှစ်ပွင့်စီးချင်း ရုပ်သံဇာတ်လမ်းတွဲသည် ရွှေနေအမျိုးသမီးနှစ်ဦး၏ ယှဉ်ပြိုင်မှုကို အဓိကထား ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။ ဇာတ်လမ်းထဲတွင် ရဲရင့်တက်ကြွသည့် ရွှေနေမလေး ရွှေဇဝါအဖြစ် ပိုင်ဖြိုးသုနှင့် ဇွဲမလျှော့တမ်း ကြိုးစားတတ်သည့် ရွှေနေမလေး မေခတ္တာအဖြစ် မေဘရက်ဇီသော်တို့၏ သရုပ်ဆောင်မှုများကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ကျောင်းနေစဉ်ကလေးဘဝထဲမှ လုပ်ငန်းနယ်ပယ်အထိ ယှဉ်ပြိုင်နေကြသည့် သူတို့နှစ်ဦးသည် လူသတ်မှုတစ်ခုတွင် ရင်ဆိုင်တွေ့ကြသည့်အခါ မည်သူက အမှန်တရားဘက်မှာလဲ သို့မဟုတ် အမှန်တရားက မည်သူ့ဘက်မှာလဲဆိုတာ လာမည့် ဇန်နဝါရီ ၃ ရက်တွင် စောင့်မျှော်ကြည့်ရှုနိုင်မည်ဖြစ်သည်။ အဆိုပါဇာတ်လမ်းတွဲကို အပိုင်း ၃၀ ဖြင့် တင်ဆက်သွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# စာရေးဆရာ အီကြာကွေး ကွယ်လွန်ခြင်း ၈ နှစ်ပြည့် အမှတ်တရပွဲ ကျင်းပ

**ခနဲ့ဖြူ ဒီဇင်ဘာ ၁၆**

ခနဲ့ဖြူမြို့၏ စာရေးဆရာတစ်ဦးဖြစ်သည့် ခနဲ့ဖြူ ကျော်ထွန်း (ခ) ဆရာအီကြာကွေး၏ ကွယ်လွန်ခြင်း ၈ နှစ်ပြည့်အခမ်းအနားအား ခနဲ့ဖြူမြို့ သမိုင်းဝင် ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီးအတွင်းရှိ အီကြာကွေးတန်ဆောင်းတွင် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ မြို့ခံစာရေးဆရာများနှင့် စာပေဝါသနာရှင်များမှ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆရာအီကြာကွေးအား ရည်စူး၍လှူဒါန်းပေးခဲ့ကြသည်။ ထို့နောက် စာရေးဆရာများနှင့် စာပေဝါသနာရှင်များက ဆရာရေးသားခဲ့သော ကဗျာများနှင့် ဝတ္ထုများအကြောင်း သတိရဖွယ် ပြောဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆရာအီကြာကွေးသည် ၁၉၃၈ ခုနှစ် မတ်လတွင် ခနဲ့ဖြူမြို့ မင်းပိုင်းရပ်၌ အဖ ဦးမောင်နှစ်၊ အမိ ဒေါ်ညွန့်မေတို့က မွေးဖွားခဲ့သော တစ်ဦးတည်းသောသားဖြစ်သည်။ အမည်ရင်းမှာ ကိုကျော်ထွန်း ဖြစ်သည်။ ခနဲ့ဖြူ ကိုကျော်ထွန်းအမည်ဖြင့် ၁၉၅၄ ခုနှစ် ဇန်နဝါရီလတွင် ချစ်တိုင်းပြည်ကဗျာဖြင့် စာပေနယ်ပယ်သို့ဝင်ရောက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အီကြာကွေး ကလောင်အမည်၊ ခနဲ့ဖြူကျော်ထွန်း ကလောင်အမည်နှစ်မျိုးဖြင့် စာနယ်ဇင်းများစွာတွင်ရေးသားခဲ့ရာ ကဗျာပေါင်း ၁၂၀၀၊ ဝတ္ထုတို ၁၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် သုံးပုဒ်၊ လုံးခြင်းအုပ် ၃၀ ဝန်းကျင် ခန့် ရေးသားခဲ့ပြီး ပီမိုးနင်း၏ ဝတ္ထုတိုအတတ်ပညာ စာပေကျမ်း (၁)ကျမ်း ပြုစုခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မှ စာရေးဆရာများဖိတ်ကြား၍ စာဆိုတော်နေ့ (စာပေဟောပြောပွဲ)စတင်ကျင်းပပေးခဲ့သည်။

ဆရာအီကြာကွေးသည် အမှတ်(၇၆၅) မင်္ဂလာလမ်း ၁၂ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ရင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်(အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် အသက် ၇၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။**



## ရောဘတ်ပတ်တီဆန် အက်ဖ်ကေအေတွစ်ကို တကယ်ပဲ ထားခဲ့ပြီလား

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ရောဘတ်ပတ်တီဆန်ကိုတော့ “Twilight ”ဇာတ်လမ်းတွဲရဲ့ ဇာတ်ဆောင်မင်းသားအဖြစ် လူသိများပါတယ်။ သူဟာ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ခရစ်စတင်းစတူးပ်နဲ့ ချစ်သူတွေအဖြစ် နှစ်အတော်ကြာ လက်တွဲခဲ့ပြီးတဲ့နောက် လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက်မှာတော့ တေးသံရှင်တစ်ဦးဖြစ်တဲ့ အက်ဖ်ကေအေတွစ်နဲ့ လက်တွဲခဲ့ပြီး စေ့စပ်ခဲ့ကြပါတယ်။ ဒါပေမယ့် ယခုနှစ်အစောပိုင်းမှာ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပေမယ့် ကာယကံရှင်တွေက တုံ့ပြန်ခဲ့ခြင်းမရှိပါဘူး။ လတ်တလောမှာတော့ ရောဘတ်ပတ်တီဆန်ကို အခြားသော အမျိုးသမီးတစ်ဦးနဲ့ ပါတီပွဲအတူတက်ရောက်လာတာကို တွေ့မြင်ခဲ့ရတာကြောင့် ရောဘတ်အနေနဲ့ တွစ်ကို ချန်ထားခဲ့ပြီလားရယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က လော့စ်အိန်ဂျလိစ်မှာပြုလုပ်ခဲ့တဲ့ ပါတီပွဲကို ရောဘတ်ပတ်တီဆန် တက်ရောက်ခဲ့ပြီး သူနဲ့အတူ ဆံပင်ရွှေရောင်နဲ့ အမျိုးသမီးတစ်ဦးလည်း အတူပါလာတာကို တွေ့ခဲ့ရပါတယ်။ သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ သူတို့နှစ်ဦးဟာ ပါတီပွဲမှာ တစ်ညလုံး အချိန်တွေ အတူကုန်ဆုံးခဲ့ကာ ရင်းနှီးတဲ့ဆက်ဆံရေးရှိနေတာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရောဘတ်ပတ်တီဆန်နဲ့ အက်ဖ်အေကေတွစ်တို့ဟာ သုံးနှစ်ကျော်ကြာလက်တွဲခဲ့ပြီးနောက်မှာ လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲခဲ့ရတဲ့အကြောင်းကတော့ သူတို့နှစ်ဦးရဲ့ နေရပ်တွေဟာ အလွန်ကို ဝေးကွာလွန်းတာကြောင့် ဖြစ်တယ်လို့လည်း သတင်းတွေ ပေါ်ထွက်နေတာဖြစ်ပါတယ်။

## တိတ်တိတ်လေး လက်တွဲနေတာလား



“Spider-Man: Homecoming ”ရုပ်ရှင်မှာ ဇာတ်ဆောင်မင်းသား မင်းသမီးတွေအဖြစ် ပါဝင်ထားကြတဲ့ ပင့်ကူလူသား တွမ်ဟော်လန်းဒ်နဲ့ မင်းသမီး ဇန်ဒါယာတို့ဟာ ယင်းရုပ်ရှင်ရိုက်ကူးနေစဉ်မှာပင် ချစ်သူတွေဖြစ်ခဲ့ကြကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် သူတို့နှစ်ဦးကတော့ အမြဲတမ်း ငြင်းချက်ထုတ်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာလည်း အီးတီဒေ့ါကွန်းဟာ အဆိုပါကြယ်ပွင့်နှစ်ဦးဟာ လျှို့ဝှက်ချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့ကြောင်း အခိုင်အမာစွပ်စွဲခဲ့တာ ဖြစ်ပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားကာ အဆိုပါမီဒီယာက တွမ်ဟော်လန်းဒ်နဲ့ ဇန်ဒါယာတို့ဟာ သူတို့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းပြချက်တွေကြောင့် နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ထားကြတာဖြစ်ကြောင်း၊ လတ်တလောမှာ နှစ်ဦးအကြားက ဆက်ဆံရေးဟာ ပိုမိုလေးနက်ခိုင်မာလာပြီဖြစ်ကာ တွမ်ဟော်လန်းဒ်အနေနဲ့ ဇန်ဒါယာရဲ့ မိဘတွေနဲ့ တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက “Spider-Man: Homecoming”ရုပ်ရှင်ရဲ့ သတင်းစာရှင်းလင်းပွဲအပြီးမှာ နှစ်ဦးသား ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပြန်လည်ပေါ်ထွက်ခဲ့ပြီး နှစ်ဦးစလုံးကတော့ ကောလာဟလတွေကို ကန့်လန့်ကာချထားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဇန်ဒါယာက သူ့အတွက်တော့ တွမ်ဟော်လန်းဒ်ဟာ အကောင်းဆုံးသူငယ်ချင်းတစ်ယောက်သာ ဖြစ်တယ်လို့ တုံ့ပြန်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဒီဇင်ဘာလ တတိယပတ် လူထု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်မြန်မာ့အားကစားလောကအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများ" အဖြစ် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝန်းရှိ အမြို့မြို့အနယ်နယ်များတွင် ကျင်းပလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ လုပ်သားပြည်သူများ၏ စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက နေပြည်တော် မြို့မဈေးရှေ့မှ စတင်တာလွှတ်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဝန်ကြီးဌာနပေါင်းစုံမှ အရာထမ်းနှင့် အမှုထမ်းများ၊ လုပ်သားပြည်သူများ စုစုပေါင်းအင်အား ၁၁၀၀၀ ခန့် တပျော်တပါး စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေနေပြည်တော် ဒီဇင်ဘာလူထု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် မြို့မဈေးရှေ့မှ နံနက် ၅နာရီခွဲက စတင်တာလွှတ်ရာ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများက နေပြည်တော်မြို့မဈေးစုရပ်မှတစ်ဆင့် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းကိုကျော်လွန်၍ မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ ပန်းဝင်ကြသည်။ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား မဏိရတနာကျောက်စိမ်းခန်းမရှေ့ ပန်းဝင်ရာနေရာတွင် အားကစားနှင့်ကာယပညာဦးစီးဌာနက တာဝန်ရှိသူတို့မှ ရေသန့်ဘူးနှင့်မုန့်များကို ပေးဝေကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတို့ကို စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မြို့ဦးပရဟိတကျောင်းသို့ အလှူငွေများ သွားရောက်လှူဒါန်း

**လွိုင်ကော် ဒီဇင်ဘာ ၁၆**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုရှီ၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးတို့သည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့ မြို့ဦးပရဟိတကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွက် လိုအပ်သည်များ ထည့်ဝင်လှူဒါန်းနိုင်ရေး လျှောက်ထားတင်ပြခဲ့ရာ ကျောင်းအတွင်း ပညာသင်ကြားနေသော ကျောင်းသားများနှင့် အနီးအနားရှိ အထက်တန်း တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ ပညာရေးအခက်အခဲရှိပါက ပို့ချမည့်ဆရာ၊ ဆရာမများစုစည်းပြီး ပညာဒါနဆောင်ရွက်ရန်လျာထားသဖြင့် စာသင်ခုံများလိုအပ်ကြောင်း သိရသဖြင့် စာသင်ခုံ အစုံ ၂၀ အတွက် လှူဒါန်းငွေကျပ် ခြောက်သိန်း၊ ကလေးငယ် ၅၈ ဦးအား အာဟာရကျွေးမွေးနိုင်ရန်အတွက် လှူဒါန်းငွေကျပ်သုံးသောင်း စုစုပေါင်း ကျပ် ၆၃၀၀၀၀ အားပေး အပ်လှူဒါန်းခဲ့သည်။



အဆိုပါ မြို့ဦးပရဟိတကျောင်းသည် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု (ဒုတိယအဆင့်) ရရှိထားသည့် ကျောင်းဖြစ်ပြီး လက်ရှိတွင် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူ ၅၈ ဦးအား ပြုစုပျိုးထောင်ပေးထားသည့်ပရဟိတကျောင်း ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် နောင်ယားကန်သာဘေးတွင် ညဈေးဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ညဈေးအား စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးစီမံဆောင်ရွက်ရန်၊ မီးများစနစ်တကျ တပ်ဆင်ရန်၊ အလှမီးများဖြင့် ပြင်ဆင်သွားရန်၊ ဈေးရောင်းဝယ်သူများအတွက် နောင်ယားကန်ထိခိုက်မှုမရှိစေရေး၊ စည်းကမ်းချက်များစနစ်တကျ သတ်မှတ်သွားရန်၊ ညစဉ်ဈေးရောင်းချပြီးပါက သန့်ရှင်းရေးပြုလုပ်သွားရန်၊ ရေများ အသုံးပြုနိုင်ရေးအတွက် ရေဘုံပိုင်များ တပ်ဆင်ပေးရန်၊ စနစ်တကျ ရောင်းချနိုင်ရေးအတွက် မြေဖို့ခြင်း၊ မြေညှိခြင်းများ ဆောင်ရွက်ပေးသွားရန်နှင့် အကောင်အထည်ဖော်မည့် ကုန်ကျစရိတ်များနှင့် ဆောင်ရွက်မည့် အစီအမံတို့အား စနစ်တကျ ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပန်းပွဲတော်ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှစတင်ကျင်းပရာမန္တလေး၊ ပြင်ဦးလွင်နှင့် အနီးဝန်းကျင်မြို့များမှ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ပြင်ဦးလွင်ပန်းပွဲတော်တွင် ဒီဇင်ဘာဆောင်းရာသီနှင့်ကိုက်ညီသည့် ပြင်ဦးလွင်ပန်းအမျိုးမျိုး၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှပန်းမျိုးစိတ် ၂၅ မျိုး၊ ပန်းမျိုးကွဲ ၉၀ ခန့်အားစိုက်ပျိုးပြသထားသည်။



ပန်းပွဲတော်တွင်ပန်းများဖြင့် ဖန်တီးပုံဖော်ထားသောရုပ်လုံး၊ ရုပ်ကြွများ၊ စာလုံးသရုပ်ဖော်မှုများစသည့် ဖန်တီးမှုများအားပန်းအတုများဖြင့်သာပြုလုပ်ထားရာ ယခုနှစ်တွင် ပန်းအတု ၂၀ ရာခိုင်နှုန်းထည့်သွင်းအသုံးပြု၍ အလှဖန်တီးထားသည်။ ယခင်နှစ်များထက် ပိုမိုအရောင်စုံ၍ သာယာလှပစွာပြသနိုင်ရန် ပန်းမျိုးစုံသုံးသိန်းကျော်စိုက်ပျိုးခဲ့ရာ ပန်းပင်ပေါင်း ၁၇၆၀၀၀ စိုက်ပျိုးပြသထားကြောင်း သိရ သည်။

ပြင်ဦးလွင်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှ ၃၁ ရက်အထိ ပြသမည်ဖြစ်ပြီး ဥယျာဉ်ဝင်ကြေးမှာ လူကြီးတစ်ဦး ကျပ်၁၀၀၀၊ ကလေးတစ်ဦးကျပ် ၅၀၀ အဖြစ် သတ်မှတ်ထားရာ ကျောင်းသားကျောင်းသူများ၊ ပရဟိတအဖွဲ့များအားဝင်ကြေးလျှော့ချပြီး ဝင်ခွင့်ပြုကြောင်း သိရသည်။

ပန်းပွဲတော်နှင့်အတူလိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ သစ်ခွဥယျာဉ်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းများလည်း ဖွင့်လှစ်ပြသထားပြီး ပြင်ဦးလွင်ဒေသထွက်ကုန်အရောင်းဆိုင်များ၊ ဆွယ်တာဆိုင်များလည်းဖွင့်လှစ်ရောင်းချပေးရာ လာရောက်လေ့လာအပန်းဖြေသူများဖြင့်စည်ကားလျက်ရှိသည်။

ပန်းပွဲတော်ဖွင့်ပွဲနှင့်အတူ ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံကျော်တေးသံရှင်ဆုန်သင်းပါရ်က ဖျော်ဖြေခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် Violet တေးဂီတ တေးသံရှင်ဒေါင်းဝေ၊ ပြည့်ဘုန်းမော်၊ မင်းဇော်၊ ထက်ထက်မြင့်အောင်၊ မေနှစ်တို့က သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးမြို့မ တူရိယာအသင်းက ဖျော်ဖြေပေးမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် Big Bag၊ Idiots၊ ဝေလ၊ ဒယ်ဒီ၊ ရွှေထူး၊ လွှမ်းပိုင်၊ ဝိုင်းလေး၊ တို့ကနန်းမြင့်မျှော်စင်တွင် ဖျော်ဖြေပေးမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# ပဲခူးမြို့အတွင်း ယာဉ်များ စည်းကမ်းမဲ့ရပ်နားမှုရှိနေ

**ပဲခူး ဒီဇင်ဘာ ၁၆**

ပဲခူးမြို့၌ခရီးသည်တင်မီနီဘတ်အဝေးပြေးယာဉ်လိုင်းများ၊ မြို့တွင်းခရီးသည်ပြေးဆွဲနေကြသည့် ခွေးဘီးလူးယာဉ်လိုင်းများနှင့် ခရီးသည်တင်သုံးဘီးဆိုင်ကယ်လိုင်းများအားလုံး ပဲခူးမြို့ ကွန်းသာယာယာဉ်ရပ်နားဝင်းအတွင်း ယာဉ်လိုင်းဂိတ် အသီးသီးသတ်မှတ်ပေးထားပြီး မိမိတို့ယာဉ်လိုင်းဂိတ်များမှ စနစ်တကျဝင်ရောက်ဂိတ်ထိုးအလှည့်ကျထွက်ကြရန် ညွှန်ကြားထားရှိပြီဖြစ်ကြောင်း ပဲခူးမြို့ ယာဉ်ကြီးကြပ်ရေးကော်မတီထံမှသိရသည်။

ထိုခရီးသည်တင်အဝေးပြေးမြို့တွင်းပြေးယာဉ်လိုင်းများတို့မှာသတ်မှတ်ထားသော ယင်းယာဉ်ရပ်နားဝင်းအတွင်း ဝင်ရောက်ဂိတ်ထိုးကြခြင်းများမရှိကြတော့ဘဲ ပဲခူးမြို့၏ မြို့တွင်းဈေးထိပ်လမ်းမကြီး၊ ပဲခူးမြစ်ကူးတံတားထိပ်၊ ပဲခူး ရန်ကုန်လမ်းမကြီး၏အစိုးရရုံးရှေ့တို့တွင် စည်းကမ်းမဲ့ ယာဉ်ကြောနှစ်ထပ်၊ သုံးထပ်ရပ်နားကြကာ ခရီးသည်အတင်အချပြုလုပ်လျက်ရှိနေကြသဖြင့် ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးခြင်းဖြစ်နေကြောင်းသိရသည်။

"အခုကုန်တင်ယာဉ်ကြီးများ နေ့လယ်ပိုင်းပဲခူးမြို့အတွင်းက ဖြတ်သန်းမောင်းနှင်ခွင့်မပေးတော့ပါဘူး၊ မြို့ရှောင်လမ်းကသာမောင်းနှင်ခွင့်ပေးထားပါတယ်၊ ဒါပေမယ့် ဒီခရီးသည်တင်အဝေးပြေးမီနီဘတ်ယာဉ်တွေနဲ့ မြို့တွင်းပြေးခရီးသည်တင်ယာဉ်တွေ၊ သုံးဘီးဆိုင်ကယ်တွေ စည်းကမ်းမဲ့မြို့တွင်းမှာ အထပ်ထပ်ရပ်နေကြတော့ယာဉ်ကြောကအရင်လိုပဲ ရှုပ်ထွေးပိတ်ဆို့နေပြီး မလိုလားတဲ့ယာဉ်အန္တရာယ်တွေကမကြာခဏဖြစ်နေတာပါ"လို့ ဒေသခံတစ်ဦးမှဆို၏။

**၅၈၇**

# မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့်လှည့်လည်ဟောပြော

**လှိုင်သာယာ ဒီဇင်ဘာ ၁၆**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် ၂ ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် ရန်ကုန် - ညောင်တုန်းလမ်းမကြီးထောင့်တွင် ဒီဇင်ဘာ ၁၄ ရက်က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီးရဲမှူးရုံးမှ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ကျင်းပရာ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးမျိုးမြင့်၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၆၈ မှ ဒုရဲမျှူးစောဟန်သက်မောင်၊ လူကုန်ကူး တပ်ဖွဲ့(၆)မှ ဒုရဲအုပ်ကျော်လင်းထိုက်တို့ဦးဆောင်သောအဖွဲ့တို့က မှုခင်းပြခန်းယာဉ်ဖြင့် ဟောပြောဆောင်ရွက်ကြကြောင်းသိရသည်။

**၁၂၉**

# ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မုပ္ပလင်၊ စစ်တောင်း၊ ဘိုက္ကား၊ အင်္ဂဘိုနှင့် အင်းဝကျေးရွာများတွင် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျိုက်ထိုမြို့နယ်ဦးစီးမှူးအဖွဲ့တို့က ဒီဇင်ဘာ ၁၃ ရက်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဆိုပါကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**



ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်းဦးစီး၍လှည်းကူးမြို့နယ် စွယ်လတ်ကျေးရွာအုပ်စု စစ်တန်းကျေးရွာရာအိမ်မှူးဦးဝင်းဇော်ထိုက်၏ ခြံဝင်းအတွင်း၌ ဒီဇင်ဘာ ၁၄ရက် နံနက်က စစ်တန်းကျေးရွာသူ ကျေးရွာသား ၃၅ ဦးခန့်အား မှုခင်းပညာပေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေးဟောပြောစဉ်။

**ကြေးမုံ**

# မှုခင်း အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**တိုက်ကြီး ဒီဇင်ဘာ ၁၆**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ သမ္ဘာန်ကျော်ကျေးရွာ နတ်စင်ကုန်း၌ ဒီဇင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ဥက္ကံနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်က သက်ငယ် မုဒိမ်းပပျောက်ရေး၊ မှုခင်းအသိပညာပေးဆွေးနွေးပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဇော်မျိုးဦးနှင့် ကျေးရွာပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**


မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင် ပစ္စည်းအရောင်းစင်တာ
PRO 1 HOME CENTER
Global
"One Place, Get All."
YEAR END SALE
15th Dec 2017 ~15th Jan 2018
Bluetooth Speaker
Induction Cooker
Rice Cooker
Lucky Draw
PRO 1 MYANMAR
လမ်းသစ်ဆိုင်ခွဲ
စက်ဆန်းဆိုင်ခွဲ
အရှေ့ဒဂုံဆိုင်ခွဲ


mazda
DRIVE A MAZDA THIS CHRISTMAS.
ENJOY DISCOUNT UP TO US$ 6,000.
COME EXPERIENCE ALL NEW CX-9
SKYACTIV TECHNOLOGY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline : 09 456 1111 04, 09 456 1111 05
Made in JAPAN
3 YEARS MAZDA WARRANTY

X'mas & New Year **PROMOTION In YANGON**

# 5BB BROADBAND
Global Technology Company

အကောင်းဆုံးနှင့်
အတန်ဆုံး
ဖိုင်ဘာ အင်တာနက်

The **Best** and **Cheapest** FTTH Internet

3 Mbps **XS** | 9 Mbps **S** | 14 Mbps **M** | 22 Mbps **L** | 40 Mbps **XL**

| For Home User | | | Initial Fees | Monthly Fees | |
|---|---|---|---|---|---|
| XS | Plan | 3 Mbps | 300,000 ks | 49,500 ks | 6 Months Free |
| S | Plan | 9 Mbps | 300,000 ks | 99,500 ks | 3 Months Free |

| For High Speed User | | | | Monthly Fees |
|---|---|---|---|---|
| M | Plan | 14 Mbps | ~~300,000 ks~~ | 149,500 ks |
| L | Plan | 22 Mbps | ~~300,000 ks~~ | 249,500 ks |
| XL | Plan | 40 Mbps | ~~300,000 ks~~ | 449,500 ks |

Terms and Conditions Apply

**Promotion Period 11st - 22nd December 2017**

- ဈေးအတန်ဆုံးအင်တာနက်
- လိုင်းအကောင်းဆုံးအငြိမ်ဆုံး
- အကန့်အသတ်မရှိ (Unlimited Data Download)
- 24x7 Call Center
- Lifetime warranty for Equipments



**SPEED**
လက်ဆောင်လာပါပြီ။

X'mas & New Year
အထိမ်းအမှတ်အဖြစ်
**SPEED**
အထူးလက်ဆောင်လာပါပြီ....




471, Pyay Road, Kamayut Township, Yangon, Myanmar
Phone : 01524978,0949208223,0949208224 Call Center : 012305425
5BBbroadband
www.5BB.com.mm

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြာရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနရှိ ရန်ကုန် ပုံနှိပ်စက်ရုံ များနှင့် နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) တို့မှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို(၁၂-၁၂-၂၀၁၇မှ ၁၉-၁၂-၂၀၁၇ထိ)နေ့စဉ်(နံနက်၉း၃၀နာရီမှ ညနေ၄း၀၀နာရီ)အတွင်း ဝယ်ယူနိုင်ပြီးတင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ (၁၉-၁၂-၂၀၁၇)ရက် ညနေ(၄း၀၀)နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁ ၈၂၅၁၉၀၈၊ ၀၆၇- ၃၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေးရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၅၃

ဦးရွှေကို (မန်နေဂျာ) (ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်မြို့) **(တရားလို)**
နှင့်
ဒေါ်ခင်ကလျာထွန်း (Famous Media) **(တရားပြိုင်)**

ဗိုလ်တထောင်မြို့နယ်၊ တိုက်(၂၀၂)၊ အခန်း(၁၀၂)၊ ရာဇဓိရာဇ်အိမ်ရာနေ (ယခုနေရပ်လိပ်စာမသိ)ဒေါ်ခင်ကလျာထွန်း သိစေရမည်။

သင့်အပေါ်၌ ဦးရွှေကို မန်နေဂျာ(ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်မြို့)က ကြော်ငြာကြေးညှပ်ခနှင့် ကြွေးကျန်ငွေကျပ်သိန်း(၁၀၀)နှင့် ဒဏ်ကြေးငွေကျပ် (၄၃၂၀၀၀) စုစုပေါင်းငွေကျပ် (၁၀၄၃၂၀၀၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၇ရက်၊ (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း၊ ၁၀ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည် (၁)စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ၊ ၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## [illegible]

[illegible]

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

**အမှတ်(၁)၊ ပင်ရှူညောင်လမ်း၊ (II.BC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။**
**E.mail : saikhungnoung1996@gmail.com**










4G LTE
telenor
ဒုတိယတစ်ပတ်ရဲ့
KIA ကား အသစ်
ကံထူးရှင်
telenor
KIA
Car Winner
ဒေါ်သက်သက်လွင်
OPTIMA
နောက်အပတ်တွေမှာ ကားကံထူးရှင်ဖြစ်ဖို့ ၁၀၀၀ ဖိုး
ပိုသုံးပြီး ကံစမ်းရအောင် *7777# ကိုခေါ်ဆိုလိုက်ပါ
ဒုတိယတစ်ပတ်ရဲ့ SAMSUNG GALAXY NOTE 8 ကံထူးရှင်များ
ကိုအောင်ကျော်ခင်
ကိုသိန်းဝင်း
ကိုဝင်းသူ
မလှလှဝင်း
မဝင်းကြည်
SAMSUNG
Galaxy Note8
ကံထူးရှင်များအတွက် တယ်လီနောမှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

သာသနာတော်နှစ် - ၂၅၆၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြန်မာသက္ကရာဇ် - ၁၃၇၉

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော

# နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်



### ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ



### ဒေါက်တာအရှင် ဥာဏိဿရ



### အရှင် ဆန္ဒာဓိက

၁၃၇၉-ခုနှစ် ၊ ပြာသိုလပြည့်နေ့
၁-၁-၂၀၁၈ ( တနင်္လာနေ့ )

၁၃၇၉-ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁) ရက်
၂-၁-၂၀၁၈ ( အင်္ဂါနေ့ )

၁၃၇၉-ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၂) ရက်
၃-၁-၂၀၁၈ ( ဗုဒ္ဓဟူးနေ့ )

တရားအလှူပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အချိန် - ညနေ (၇ : ၃၀) နာရီ ၊ နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးဖြေတော်ရင်။ ပြည်သူ့ဥယျာဉ် ၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းရန် • ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ - ဖုန်း - ၀၁-၂၁၀၃၇၂ ၀၉-၅၂၃၃၄၃၀ • ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး - ဖုန်း - ၀၁-၆၆၅၅၂၃၊ ၀၉-၈၆၀၂၈၃၊
• နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ကျင်းပရေးကော်မတီရုံး ပြည်သူ့ဥယျာဉ်
• ကမ္ဘာ့ဒီနိုင်ငွေမြင့် (တွဲဖက်အတွင်းရေးမှူး -၂)-ဖုန်း - ၀၉-၅၀၁၀၄၂၅၊ ၀၉-၇၈၈၈၈၄၂၇၅ • ဦးနေမျိုးဝင်း (တွဲဖက်အတွင်းရေးမှူး -၃) ဖုန်း - ၀၉-၂၅၄၂၈၄၄၈၃၊ ၀၉-၇၈၈၈၈၄၂၃၆
• KBZ Bank Account - 225-302-00701449101 • AYA Bank Account - 0053202010014853 • Shwe Bank Account - 130 100 200 200 728 50012



အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့



အာရှမြင့်၏

# စကြာမင်း

အမှတ်တံဆိပ်

## သမြားနီ အသည်းဆေး

သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်း ပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။

TMR 013845(1020)



## မညာတံစွန်

ဒီမီကလေးတို့ ...

(၁၀၀%) ...



## တက်နေဝန်း

အိမ်ပြောင်း / အိမ်ရွှေ့ လုပ်ငန်း

(10'/14')Box ကားများဖြင့်

လုပ်သားအပြီးအစီး

ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721





# Topsyne®

Herbal Cream

Apple Production Co.,Ltd. - 09 429316408, 09 428618081


## အများသိစေရန်ကြေညာချက်

1203 S LA CIENEGA BLVD APT C LOS ANGELES CA 90035-2566 နေ (အဖ) ဦးတင်မောင်၏ သား၊ ဦးတင်ဝင်း [၁၂/ကတတ(နိုင်)၀၂၄၅၅၃]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဝင်း [၁၂/ကတတ(နိုင်)၀၂၄၅၅၃]သည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ နှင်းဆီအိမ်ရာ၊ အမှတ်(၁၈၂/၁၉၄)၊ ၉-လွှာနေ (အဖ) ဦးစိန်လင်း၏သမီး ဒေါ်စန္ဒာလင်း [၁၂/ကတတ(နိုင်)၀၀၁၉၀၇]နှင့် အစ္စလာမ်ဓလေ့ထုံးတမ်းအရ နိကာဟ်စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ပြီး ဒေါ်စန္ဒာလင်းတို့မှာ စိတ်သဘောထားချင်းမတိုက်ဆိုင်ခြင်း၊ ဒေါ်စန္ဒာလင်းမှာ အိမ်ထောင်ရေးပြစ်မှုများ အကြိမ်ကြိမ်ကျူးလွန်ခြင်းတို့ကြောင့် လွန်ခဲ့သောနှစ်(၂၀)ခန့်ကတည်းက လင်မယားအဖြစ်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။ ကျွန်ုပ်၏ မိတ်ဆွေနှင့် ဒေါ်စန္ဒာလင်းတို့မှာ သားသမီး ၂ ဦးဖြစ်သောနေမျိုးဝင်း၊ ဂျူဂျူဝင်းတို့အား မွေးဖွားခဲ့ပြီး အဆိုပါသားသမီးနှစ်ဦးမှာ ဦးတင်ဝင်း၏အုပ်ထိန်းမှုအောက်တွင်ရှိပြီး ဦးတင်ဝင်းမှပင် ကျွေးမွေးပြုစုစောင့်ရှောက်လျက်ရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။သို့ပါ၍ မစန္ဒာလင်း[၁၂/ကတတ(နိုင်)၀၀၁၉၀၇]အား အစ္စလာမ်ဘာသာတရားနှင့်အညီ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ယနေ့မှစ၍ ၎င်း၏စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စများကို တာဝန်မယူကြောင်း ညွှန်ကြားသဖြင့် အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၉)**
**အမှတ်(၅၅)၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**


## AA ယာဉ်မောင်းသင်တန်း

09-43158300, 09-254051326
09-782793051



## သီဟာလင်း

အိမ်ပြောင်း / အိမ်ရွှေ့ လုပ်ငန်း

(10',14',16',18',22')ကား

01-570307
09-5112729
09-5126394








**Prestige Automobiles Co., Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon Showroom:** Tel: +95 1 230 6133 **Service Hotline:** 01-230 6144
**Mandalay Pavilion Showroom:** Tel: +95 9 78888 2089 **Service Hotline:** 09 78888 2086
**Email:** info@pac-bmw.com **Website:** www.bmwmyanmar.com

Join BMW Myanmar
www.facebook.com/BMWPAC

## အ.ထ.က(၂) ဗဟန်း(နန်းယန်)(၁၉၆၅–၂၀၁၇)
## (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရက်စွဲ - ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)

နေရာ - "ဧရွှေနန်းသန်စန်းမ" (အ.ထ.က(၂) ဗဟန်း)

အချိန် - (က) နံနက် (၅း၀၀)နာရီ

ကွယ်လွန်ပြီးသောဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားရည်စူး၍ အရှင်ဆွမ်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေခြင်း၊

(ခ) နံနက် (၉း၀၀) နာရီ

- အာစရိယပူဇော်ပွဲအခမ်းအနား
- စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခြင်း
- ပျော်ပြေရေးနှင့် ပျော်ပွဲရွှင်ပွဲ

အငြိမ်းစားနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူဟောင်းများ၊ လက်ရှိကျောင်းသား/ကျောင်းသူများ အားလုံးကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

## ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၇၂-၈၀ ဝန်း)
## ကျောင်းသားကျောင်းသူများ၏အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

▲ အာစရိယပူဇော်ပွဲအစီအစဉ်

▲ ဖိတ်ဆိုညစာစားပွဲအစီအစဉ်

နေရာ - Rose Garden Hotel ( Top Floor )

▲ အကျွမ်းတဝင်ဆက်သွယ်ရန်

## တက္ကသိုလ်ဝင်အဆင့် ဓာတုဗေဒဂျာနယ် (၂၀၁၇)

ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသင်ကြား၊ သင်ယူမှုနှင့် စာမေးပွဲအထောက်အကူပြုဖြစ်စေရန်အတွက် မြန်မာနိုင်ငံ ဓာတုသိပ္ပံအသင်းမှထုတ်ဝေသည့် တက္ကသိုလ်ဝင်အဆင့် ဓာတုဗေဒဂျာနယ်(၂၀၁၇)ကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါပြီ။

**မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။**

| | | |
|---|---|---|
| ဖုန်း-၀၁-၅၃၆၇၉၂ | ဖုန်း-၀၉-၇၃၁၅၇၃၅၂ | ဖုန်း-၀၉-၅၀၃၃၁၀၀ |
| ဖုန်း-၀၉-၅၄၀၆၂၅၂ | ဖုန်း-၀၉-၅၀၀၂၉၂၃ | ဖုန်း-၀၉-၇၉၅၉၀၆၀၉၉ |
| ဖုန်း-၀၉-၇၃၁၈၆၅၃၅ | ဖုန်း-၀၉-၃၃၈၃၈၅၀၆ | |

ဧဠာ သူရိယ

ပန်းနာရင်ကျပ်ချောင်းဆိုးပျောက်ဆေးပြား

TMR 013849 (1020)

## မြန်မာနိုင်ငံဆရာဝန်အသင်း
## ဝန်ထမ်းခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံဆရာဝန်အသင်း၏(ဖွံ့ဖြိုး) Public Health Projects, Program Management Department တွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများသို့ (၂၅-၁၂-၂၀၁၇)ရက်နေ့ ညနေ(၀၆း၀၀)နာရီ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

| | |
|---|---|
| (က) Senior Manager | (၁) ဦး |
| (ခ) Manager (HR/Admin) | (၁) ဦး |
| (ဂ) Manager (M & E) | (၁) ဦး |
| (ဃ) Manager (Finance) | (၁) ဦး |
| (င) M & E Officer | (၁) ဦး |
| (စ) Finance Officer | (၁) ဦး |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်01-378863,01-394141နှင့် www.themimu.info webတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




◉ နိုးထုတ်ပိဋကထားရာပြန့်ပွားရေး ◉

## "(၇)ရက် တရားစခန်းပွဲ"

(26.12.2017 မှ 1.1.2018)နေ့ထိ ဒီဇင်ဘာ(၇)ရက် တရားစခန်းပွဲ

အဝင်နေ့ > (25.12.2017)နေ့ ညနေ (၄)နာရီထက် နောက်မကျ၍ အရောက် လာရမည် ဖြစ်ပါသည် . . .၊

ဖုန်း . . . 09-428 120 352၊ 09-420 301 845၊ 09-251 064 103 သို့ ဆက်သွယ်နိုင်ပါသည် . . .၊

## ညောင်ကန်အေးပညာဒါန
## အင်္ဂလိပ်စာသင်တန်း

ဆောင်းရာသီ (ဒုတိယအကြိမ်) သံဃာတော်များနှင့် ရှင်သာမဏေများသာ ကျောင်းနေသံဃာလက်ခံမည်။ ၂၇-၁၂-၂၀၁၇ နောက်ဆုံး စာရင်းပေးရမည်။

**ဖုန်း-၀၉-၇၈၂၉၆၉၈၈၇**

## ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

Ph:09-512-1284, 09-420-707802,09-250-066210

"(၁၂-၁၂-၂၀၁၇)နေ့စွဲပါကြေးမုံသတင်းစာစာမျက်နှာ (၃၀)ရှိ အများသိစေရန် အသိပေးကြေညာခြင်း" ခေါင်းစဉ်အပေါ် နောက်ဆက်တွဲပြည့်စွက်၍ အများသိစေရန်ကြေညာချက်"

TU-E BRILLIANT TRANSFORMATION MYANMAR CO.,LTD ၏ DIRECTOR နှင့် REP ဖြစ်သူ ... 1.HABITAT,1.HUMANITY, GIDIFA HOUSING PROJECT နှင့်ပတ်သက်၍-

(၁) GLOBAL INFRACTURE DEVELOPMENT AND INTERNATIONAL FINANCE AGENCY (GIDIFA) ... Housing Project ...

(၂) GIDIFA HOUSING PROJECT ... (၁၂-၁၂-၂၀၁၇) ...

(၃) GIDIFA HOUSING PROJECT ...

... GIDIFA HOUSING PROJECT နှင့် ...

ဦးအေးအောင် LL.B

ဒေါ်ကြူကြူမာ LL.B

ဒေါ်ခင်သီတာအောင် LL.B

ကြော်ငြာ


Royal Gandamar Travels & Tours

Dec-22
Dec-29,Jan-3
Dec-29,Jan-3
Dec-29,Jan-3
Dec-29,Jan-3

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533



ရွှေလမ်းညွှန် 09-420087371, 09-259302029
68000
57000
55000
48000
48000
Dec 22,29, Jan 5,12



09 4210 61860
09 4211 29597



Asia Dragon
ရောင်းသာ ငွေဆောင်
09 300 300 30 , 09 300 300 90



CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803



NEW GENERATION
Ngapali Beach Tour Package



Since 1997
OD TOUR
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd

(4D 3N) Dec.23,30,Jan.4,
(4D 3N) Dec.23,31,Jan.4,
(5D 4N) Dec.30,Jan.10,
(4D 3N) Dec.31,Jan.16,
(6D 5N) Jan.4,
(6D 5N) Jan.4, Disney
(5D 4N) Dec.23,30,Jan.4,
(5D 4N) Dec.30,Jan.4,
(5D 4N) Dec.23,30,Jan.4,

Jan.17
Feb.24,Mar.24
Jan.17,Feb.24
Feb.24,Mar.24

www.facebook/ODTour
www.odtourmyanmar.com
ရန်ကုန်ရုံး- အမှတ် ၅၂၊ ... ဖုန်း- 01 504808, 523187, 095187045



Ph: 09 443120453, 09 32127835



GOLDEN EDEN
SLEEP SOLUTIONS
CHRISTMAS အကြို SALE
Bedsheet set | Comforter | Pillow | Bolsters

PLACE : MLEDAN CENTER
DATE : 18 DEC 2017
Imported from SINGAPORE



ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန
DMA အသိအမှတ်ပြု
M.S.C Training Centre
နိုင်ငံခြား သင်္ဘောသား
Ship's Cook Course
Ship's Cook Upgrade Course
General Steward G/S Course
Crowd Management Course
ရေယာဉ်စားဖိုမှူး နှင့် စားပွဲထိုးသင်တန်း
၄၃ - ဒေါ်ပုံသင်္ဘောကျင်းလမ်းမကြီး ၊ ဒေါပုံမြို့နယ် ရန်ကုန်မြို့
09 540 2 550
09 430 64421



ကျန်းမာရေးဆိုင်ရာ တောင်ဖြေပွဲ အခမဲ့အနား
Fortis
Dr.Manav Wadhawan
Dr. Rajeev Sood
Dr. Rahul Bhargava
ရန်ကုန်
မန္တလေး
Tele : 09 4539 555 01, 09 4539 555 02
Tele : 09 979 020 763



ptt Lubricants
JOURNEY OF POWER
" ကံစမ်းမဲအစီအစဉ် "
10 ANNIVERSARY YEARS


Suzuki Ertiga ကား 1 စီး
Toshiba LED 32" TV 50 လုံး
Samsung Smart Phone 50 လုံး
AEK DVD Player 50 လုံး
TGL Air Cooler 50 လုံး

PTT စက်ဆီချောဆီအား အစဉ်တစိုက်ယုံကြည်အားပေးခဲ့ကြသော Customer များအား ကျေးဇူးတင်ရှိကြောင်း
Tunn Star Co., Ltd မှ PTT စက်ချောဆီအား မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချခြင်း 10 နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါသည်။


**ကံစမ်းမဲအစီအစဉ်**

ကံစမ်းမဲ ကူပွန်တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ ဝယ်ယူသည့်ဆိုင်တို့ကို ပြည့်စုံစွာ ဖြည့်စွက်ပြီး စာပို့ရာ အင်ကျင်ဝိုင်အရောင်းဆိုင်ရှိ ကံစမ်းမဲပုံးများ (သို့မဟုတ်) စာတိုက်သေတ္တာအမှတ် 1056 သို့ ပေးပို့ရပါမည်။
ကံစမ်းမဲ ကူပွန်များအား 31st March 2018 နောက်ဆုံးထား၍ ပေးပို့ ရပါမည်။ 0.8 Litres နှင့် အထက် 1 ဘူး ဝယ်ယူတိုင်း ကံစမ်းမဲ ကူပွန် 1 စောင်ရရှိမည်။
အသေးစိတ် အချက်အလက်များကို PTT Lubricants Myanmar Facebook Page ကို Like & Follow လုပ်ထားရုံဖြင့် သိရှိနိုင်မည်ဖြစ်ပြီး မေးမြန်းလိုသည်များကိုလည်း စုံစမ်းမေးမြန်းနိုင်ပါသည်။ (သို့မဟုတ်) ဖုန်းနံပါတ် 09 762010200, 09 762010300, 01 298124 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကံစမ်းမဲ ကာလ 15th December 2017 - 31st March 2018

PTT Lubricants Myanmar

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ




ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်




■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ်(၃)လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီ လက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက(၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိန်ကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

# ယေရှုခရစ်တော်၏ မွေးနေ့တော်(ခရစ္စမတ်)အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ယေရှုခရစ်တော်၏မွေးနေ့တော်(ခရစ္စမတ်) အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ခရစ်ယာန်အသင်းတော်များ စုပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့်ဇနီး၊ ခရစ်ယာန်အသင်းတော်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဆရာ ဒေါက်တာရန်ခိုပေါင်က ပဏာမဆုတောင်းပေးပြီး ဆရာတော်မန်းဂွန်ဆိမ်းယိုနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)တည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီး

**ခန္တီး ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းအထက်ပိုင်း ဒေသများရှိ မြို့ရွာများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ခန္တီးမြို့တွင် ချင်းတွင်းမြစ်ကို ဖြတ်သန်းပြီး ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းများ **စာမျက်နှာ ၈ ကော်လံ ၂ သို့** ❖



# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၉၆၇ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ပဉ္စမနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် ၁၀၀၀ အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ ၁၁၅၀ အနက်မှ ကျောက်စိမ်းတွဲ စုစုပေါင်း ၉၆၇ တွဲအား ပြည်တွင်း ပြည်ပ ရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။

အဆိုပါကျောက်စိမ်းအတွဲ ၉၆၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၃၇ ဒသမ ၀၂၁ သန်းခန့်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❍






မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၁၇၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# ကိုတာရာနှင့် သူ၏အိမ်သူ မခင်မူ

လင်းရိပ်ညို



(၁)

"ညနေခင်း" ဟု အမည်ရသော လက်ဖက်ရည်ဆိုင်လေးတွင် ဖြစ်သည်။ ဆိုင်နာမည်နှင့်လိုက်ဖက်စွာ ညနေခင်း၌သာ စည်ကားစွာ ဖွင့်လေ့ရှိသည်။ ဆူဆူညံညံမရှိသဖြင့် အေးအေးဆေးဆေးအနားယူနိုင်ပါ၏။

"ကျွန်တော်တို့လိုစာပေလောကထဲမှာ ကျင်လည်နေတဲ့ လူတွေဆိုတာ တစ်ခါတလေတော့လည်း ငတ်တစ်လှည့် ပြတ်တစ်လှည့်ပါပဲဗျာ"

"မှန်တယ်ကိုဝင်းရေ. . . . ကျွန်တော့်အိမ်က မိန်းမ ကလေ စာမူခလေးများမှန်မှန်မရရင် မီးလောင်ခံထားရတဲ့ သရက်သီးကြီးလို မျက်နှာကရှုံ့တွနေတော့တာပဲ" ဟာသ စာပေကိုသာ စွဲစွဲမြဲမြဲရေးလေ့ရှိသော စာရေးဆရာ လှိုင်သစ်ဆိုသူက ဝင်ထောက်ခံ၏။

"ဒါပေမယ့်လည်း ကိုယ်ဝါသနာပါတဲ့အလုပ်ကိုလုပ် နေရတော့ တစ်ခါတလေကျရင်ငတ်လို့ ငတ်မှန်းတောင် သတိ မထားမိပါဘူးဗျာ" ကိုမင်းခေတ်က လက်ဖက်ရည် သောက်ရင်း. . . . "ကိုတာရာတို့ကတော့ စာရေးနေရ ရင်ကို ထမင်းမေ့ ဟင်းမေ့ လူစားမျိုးကိုးဗျ. . . အဲ့ဒါ ကြောင့်လည်း ခင်ဗျားရဲ့အိမ်သူ မခင်မူက မောင်လာရာ လမ်း ငရုတ်ကျည်ပွေ့ထမ်းပြီး အမြဲစောင့်နေတာနေမှာ"

"ဟား. . . . ဟား. . . . . " ရယ်သံတို့ ဆူညံသွား သည်။

ဆိုင်၏ချောင်ကျကျနေရာလေးတွင် တနင်္ဂနွေ ညနေတိုင်း သူတို့သူငယ်ချင်းလေးယောက် စုဝေးလေ့ရှိ သည်။ အထက်တန်းကျောင်းမှစ၍ စိတ်တူကိုယ်တူခင်မင် လာခဲ့ကြသော သူတို့လေးယောက်လုံးသည် ယခုလက်ရှိ တွင် စာပေလောကသားများဖြစ်သော်လည်း တစ်ယောက် နှင့် တစ်ယောက် ရေးသားသည့်လိုင်းကတော့မတူပေ။

ဝင်းသစ္စာက လျှို့ဝှက်သည်းဖိုလုံးချင်းများ ရေးသည်။ ကိစ္စတိုင်းကို စိတ္တဇဆန်ဆန်တွေးတတ်လွန်းသဖြင့် တော်ရုံ မိန်းမများ သူ့အနားမကပ်ရဲဘဲ လူပျိုကြီးဖြစ်နေသူဖြစ်သည်။

လှိုင်သစ်ကတော့ရှင်းသည်။ ကလေးရောလူကြီးပါ နားလည်နိုင်သည့် ဟာသစာပေများရေးသည်။ သူ့ပုံစံ ကလည်း သမိန်ပေါသွပ်နှင့် သူလားငါလားပင်ဖြစ်သည်။ တက္ကသိုလ် ဒုတိယနှစ်တွင် ကောင်မလေးတစ်ယောက်ကို ရွှတ်နောက်နောက်နှင့် လက်တည့်စမ်းပြီး ရည်းစားစာ ပေးမိရာမှ တစ်သက်တာလက်တွဲဖော်အထိ ဖြစ်သွားရ သည်။

မင်းခေတ်ကတော့ ကဗျာဆရာဖြစ်သည်။ မော်ဒန်ရော ကာရန်ပါ ပိုင်နိုင်စွာရေးနိုင်သည်။ တက်သစ်စလူငယ် လေးများ၏ ပါးစပ်ဖျားတွင် သူ့ကဗျာကာရန်များက စွဲနေ တတ်သည်။ ကဗျာဆန်လွန်းသည့် ဇနီးသည်နှင့်အတူ သားသမီးမရှိသေးဘဲ အေးချမ်းစွာနေသူလည်းဖြစ်၏။

ကိုတာရာမှာတော့ သူတို့လေးယောက်ထဲတွင် အရိုးဆုံး နှင့် အနေအအေးဆုံးပင်ဖြစ်သည်။ နှလုံးသားနှင့် သက်ဆိုင် သော အချစ်ဝတ္ထုနုနုရွရွကလေးများကို လူငယ်တို့အကြိုက် ရေးဖွဲ့တတ်သူဖြစ်သည်။ အချစ်ဝတ္ထုဆိုသော်လည်း အချစ် ချည်းပဲ သီးသန့်မဟုတ်ဘဲ ဘဝအတွက် အတုယူစရာ သင်ခန်းစာများပါ ထည့်ရေးလေ့ရှိသဖြင့် အတော်အသင့် အောင်မြင်သော စာရေးဆရာတစ်ယောက်ဖြစ်၏။ သို့သော် သူ့ဝတ္ထုများကို တစ်ဦးတည်းသောလူကတော့ ဘယ်တော့မှ ခံစား၍မရနိုင်ခဲ့ပါ။ ထိုသူကတော့(သူငယ်ချင်းများ အခေါ် အရ )သူ၏အိမ်သူ မခင်မူပင် ဖြစ်သည်။ မခင်မူနှင့် ကိုတာရာဘယ်အတွက်ကြောင့် လက်ထပ်ခဲ့ကြသည်ကို ဘယ်သူမှ ဂဃနဏမသိကြ။ အကြောင်းမှာ မခင်မူနှင့် ကိုတာရာ၏ စရိုက်ကား ဆီနှင့်ရေလိုကွာခြားသောကြောင့် ပင်တည်း။ ကိုတာရာက အနေအေးသည်။ ရိုးသားသည်။ ကိုယ်လုံးကိုယ်ထည်မှာလည်း လေတိုက်လျှင်ပင် ကြွေတော့ မည့် သစ်ရွက်ခြောက်နှယ်ဖြစ်သည်။ ရင်းနှီးသူများနှင့် မဟုတ်လျှင် စကားကို ဆယ်ခွန်းပြည့်အောင်ပင်မပြောတတ်။ စာပေကိုချစ်သည်။ စာအုပ်ဖတ်နေရလျှင်သော် လည်းကောင်း၊ စာရေးနေရလျှင်သော်လည်းကောင်း ထမင်း လည်းမေ့ ဟင်းလည်းမေ့ ဇနီးလည်းမေ့ တစ်လောကလုံးကို မေ့လျော့နေသူဖြစ်၏။ မခင်မူမှာတော့ ထိုသို့မဟုတ်။ စွာကျယ်ကျယ်နိုင်သည်။ ကိုတာရာထက် သုံးဆကျော်ကျော် ကိုယ်ထည်တောင့်တင်းသည်။ အမြဲလိုလို မျက်နှာထားတင်း သည်။ ယောက်ျားဖြစ်သူ၏ အသက်မွေးဝမ်းကျောင်း အလုပ်ကို အားပေးအားမြှောက်မပြု။ ကိုယ်တိုင်လည်း စာမဖတ်။ စာမူခနည်းလျှင်လည်း အမျိုးမျိုး ရန်လုပ်တတ် သည်။ သူ့အလိုနှင့်မညီတိုင်း အိမ်ပေါ်မှ ဆင်းသွားတတ် သည်မှာ ဘယ်နှကြိမ်ရှိခဲ့မှန်းပင်မသိတော့။ ရိုးအလွန်းသော ကိုတာရာကတော့ မိန်းမကိုအိမ်တွင် မတွေ့လျှင် သူ့အမေဆီ လွမ်းလို့ပြန်တာဖြစ်မှာပေါ့လေ ဟုသာတွေးပြီး စာဆက်ရေးနေလေ့ရှိ၏။

**ဝင်းသစ္စာ။** ။ ကိုတာရာရယ်. . . . ခင်ဗျားလည်း တစ်ခါတလေ ဘီယာလေးဘာလေး သောက်ပါလား ဗျ. . . . ခင်ဗျားရဲ့အိမ်သူမခင်မူလည်း ချောင်းကြည့်မနေ ပါဘူး။

**တာရာ။** ။ ကျွန်တော်ကိုယ်တိုင်က မသောက်တတ် လို့ပါ။

များစွာသောစာရေးဆရာတို့သည် အရက်သောက် တတ်ကြ၏။ အရက်မသောက်သော စာရေးဆရာအလွန် နည်း၏။ ချီးကျူးဖွယ်ကောင်းအောင်နည်း၏။

**လှိုင်သစ်။** ။ အေးဗျာ. . . ဒီလောက်ထိရိုးသားတဲ့ ကျွန်တော်တို့သူငယ်ချင်းကြီး မိန်းမရတာတော့ ကံမကောင်း ဘူးလို့ ပြောရမယ်။

**မင်းခေတ်။** ။ မှန်တာပေါ့ဗျာ။

သူ့သူငယ်ချင်းများ ဆက်ပြောမည့်စကားတွင် မခင်မူချင်းထပ်နေတော့မည်ကိုရိပ်မိသော ကိုတာရာ က. . . "ကဲပါဗျာ. . . ကျုပ်လည်း အိမ်ပြန်ချိန်ရောက်ပြီ. . . သွားလိုက်ဦးမယ်. . နောက်မှ တွေ့မယ်နော်"

**လှိုင်သစ်။** ။ သူ့မိန်းမအကြောင်းပြောရင် ပြေးပြီ ဗျို့. . . ထုံးစံပဲ. . ဟားဟားဟား။

**ဝင်းသစ္စာ။** ။ အမှန်ပဲ. . . . . နောက်နေ့ကျမိန်းမ နိုင်နည်း ဂါထာရှာပြီးပေးမယ်ဗျို့။

ရယ်သံတို့ တသောသောညံသွားသည်။ ကိုတာရာ ကတော့ပြုံးစိစိဖြင့် ဆိုင်ထဲမှခပ်သုတ်သုတ်ထွက်သွားလေ၏။

(၂)

ညနေ ၆ နာရီကျော်ပြီဖြစ်၍ ကိုယ်စီကိုယ်စီ အလုပ်မှ ပြန်လာသောဝန်ထမ်းတို့ဖြင့် ကိုတာရာတို့ရပ်ကွက်ကလေး စည်ကားနေ၏။

"ဒေါက်. . . . ဒေါက်. . . . ဒေါက်"အိမ်တံခါးခေါက် ကြည့်သည်။ အထဲမှတုံ့ပြန်သံ မကြားရ။

"မိန်းမရေ. . . . ခင်မူ" ဖြတ်သွားဖြတ်လာတို့ ကွက်ကြည့်ကွက်ကြည့်လုပ်သွားသည်။

အသံထပ်မြှင့်ကာ. . . . "ခင်မူရေ. . . . မိန်းမ. . . . ခင်. . . . . " "ဂျောင်း" "အမယ်လေးဟ" ငရဲတံခါးပွင့်သံ အလားဆောင့်ကြီးအောင့်ကြီးဖြင့် တံခါးရွက်က ပွင့်သွား သည်။ ကိုတာရာအိမ်ထဲလှမ်းကြည့်တော့ မိန်းမဖြစ်သူ၏ ပြည့်ဖောင်းဖောင်းနောက်ကျောကိုသာ တွေ့လိုက်ရသည်။

သူကတော့ ဖြည်းညင်းစွာ တံခါးပြန်ပိတ်လိုက်သည်။ တိုင်ကပ်နာရီကြည့်လိုက်တော့ ၆ နာရီခွဲလုပြီ။

"ဒီနေ့ ကိုယ် မင်းခေတ်တို့နဲ့တွေ့နေလို့ ခင်မူရေ. . . . စာအကြောင်း ဘာအကြောင်းလည်း ဆွေးနွေးရင်း ၆ နာရီ ကျော်သွားတာတောင်မသိလိုက်လို့" အခန်းထဲတွင် အင်္ကျီ ချွတ်လဲရင်း နောက်ဖေးရှိ မိန်းမဖြစ်သူအား အကျိုး အကြောင်း ရှင်းပြရ၏။ သို့တိုင် ဘာသံမှပြန်မကြားရ။

စွပ်ကျယ်လက်တိုကို လဲလှယ်ဝတ်ဆင်ပြီး နောက်ဖေး မီးဖိုချောင်သို့ ထွက်လာခဲ့သည်။ "ဒီနေ့ညနေ ဘာဟင်းနဲ့ စားရမှာလဲ ခင်မူ" ပျော့ပျောင်းသောအသံလေးဖြင့် ချစ်စဖွယ်မေးလိုက်သော်လည်း "ခဏစောင့်. . . . စားလို့ ရရင် ခေါ်လိုက်မယ်" ကိုတာရာ မျက်ခုံးတစ်ချက်ဝင့် သွားပြီး. . . . . . "အေး. . . အေးပါကွာ. . . . အဲ့ဒါဆို ကိုယ်အခန်းထဲခဏဝင်လှဲလိုက်ဦးမယ်. . . စားလို့ရရင် ခေါ်လိုက်နော်" မခင်မူကား အခွံခွာလက်စကြက်သွန်နီ အပေါ်တွင်သာအာရုံရောက်ပြီး ကိုတာရာကိုစကားမပြန်။

ကိုတာရာ အခန်းထဲသို့ဝင်လှဲရင်း ရေးလက်စဝတ္ထုလေး အကြောင်း တွေးနေမိသည်။

(၃)

"စားလို့ရပြီ" "ဂွမ်. . . . ဒုန်း"

"ဟာ. . . ဘာတွေဖြစ်ကုန်တာလဲဟ" မိန်းမဖြစ်သူ၏ စစ်ကြေညာသံကဲ့သို့ အသံစူးစူး၏နောက်၌ ဒယ်အိုးဖုံး ပစ်ချသံ၊ ပန်းကန်တို့ဆောင့်ချသံတို့ပါ ပူးတွဲလာ၏။

ကိုတာရာ နောက်ဖေးမီးဖိုချောင်သို့ ခပ်မြန်မြန် သွား၍. . . "ဘာဖြစ်တာလဲခင်မူ. . . "

"ဘာဖြစ်ဖြစ်ပေါ့. . . . ရှင့်ကို စားလို့ရပြီလို့ပြောတာ မကြားဘူးလား"

"ဒုန်း" ပြောရင်းဆိုရင်း စဥ့်တီတုံးကို ကျောက်ပြား ပေါ်သို့ ပစ်ချလိုက်ပြန်သည်။

"ခင်မူ. . . . မင်းတရားလွန်နေပြီနော်" ကိုတာရာ၏ ဒေါသတို့ရှေ့တန်းတက်လာလေပြီ။

"ဘာရှင့်. . . . . ရှင်ဘယ်တုန်းက ကျွန်မကိုအဲလို ပြန်ပြောဖူးလဲ ပြောစမ်း"

"အေး. . . အရင်တုန်းကသည်းခံခဲ့လည်း အခုပြော တယ်ကွာ. . ဘယ်နှယ့်ကွာ. . . တစ်ပတ်မှ တစ်ရက်လေး ကိုယ့်သူငယ်ချင်းတွေနဲ့တွေ့လို့ အိမ်ပြန်ချိန် ၁၀ မိနစ် လောက်လေးနောက်ကျမိပါတယ်. . . မင်းလက်အောက်က ကျောင်းသားလို ငါ့ကိုကြိမ်းလားဟောက်လားနဲ့. . . . ဒီမှာ မင်းသိထားဖို့က ဒီအိမ်မှာ ငါကအိမ်ထောင်ဦးစီးနော်" အိမ်နီးချင်းတို့ပြတင်းပေါက်မှ ခေါင်းပြူကြည့်ကြလေပြီ။

ကိုတာရာလိုလူမျိုးက ဤကဲ့သို့ အော်ဟစ်ပြောဆိုနေ သည်ကိုတွေ့နေရသည်မှာ အထူးဆန်းဆုံး မြင်ကွင်းပင် မဟုတ်ပါလား။

"ဩော်. . . အိမ်ထောင်ဦးစီးက အိမ်အတွက် ဘယ် လောက်များ ကူဖော်လောင်ဖက်ရလဲပြောစမ်းပါဦး. . . . ပြောရင်စာရေးနေပါတယ်. . . စာမူခရတော့မှာ ဘာညာနဲ့. . တစ်ခါလာလည်း မဟုတ်ကဟုတ်က ကလေး ကလားစာတွေရေး. . . စာမူခလေးတစ်ပဲခြောက်ပြား လောက်ရတာများ သူက သူဌေးလိုစားဖို့ ထမင်းဝိုင်း အဆင်သင့် အိပ်ဖို့အိပ်ရာအဆင်သင့် နေချင်နေသေး တယ်. . အံ့ပါ့တော်" ကိုတာရာ ပုဆိုးကိုပြင်ဝတ်ရင်း. . . .

"ဒီမှာ မခင်မူ. . . မင်းငါ့အလုပ်ကိုတော့ အပြစ်လာ မပြောနဲ့. . . ငါ့ဝါသနာနဲ့ငါလုပ်တာ. . . မင်းထမင်း မငတ်ရင်ပြီးရောမဟုတ်လား. . . "

"ဩော်. . . . ထမင်းမငတ်အောင်ထားတာကိုပဲ ရှင့်ကို ရှိခိုးရတော့မယ်ပေါ့ဟုတ်လား. . . ဝေးသေး ကိုတာရာကြီး ရေ. . . . ဒါတောင်အခုကျုပ်တို့မှာ သားသမီးမရှိသေး လို့. . . သားသမီးများရှိလို့ကတော့ ခင်မူတို့အကြွေးနစ်ပြီး သေမှာပဲ" ဒေါသကြောင့် နှစ်ယောက်လုံးမျက်နှာများ နီရဲ လာကြသည်။

"ခင်မူ. . . . . မင်းငါ့ကိုတစ်ခွန်းမှပြန်မပြောနဲ့. . . ဒီတစ်ခါတော့ ငါသည်းခံတော့မှာမဟုတ်ဘူးနော်. . . . "

"သည်းမခံတော့ ရှင်ကဘာလုပ်ချင်လို့လဲပြော"

"ရိုက်တယ်ကွာ" "ဖျန်း"

(၄)

"ကိုတာရာ. . . . . ကိုတာရာ. . . အမယ်လေး. . ခဏလေးလှဲမယ်ဆိုပြီး အိပ်ပျော်နေလိုက်တာ ကာလနဂါး ဝင်စီးနေသလားပဲ . . . ထတော့. . . . ထမင်းစားမယ်" လက်မောင်းကို ခပ်ကြမ်းကြမ်းလှုပ်ခါခံရသည့် ခံစားမှုမျိုး ဖြစ်ပေါ်လာသည်။

"ဟင်. . . . " မျက်ခွံတို့လေးလံနေ၏။ ခြေထောက် တစ်ချက်လှုပ်လိုက်တော့ အုံခဲနေသောခြင်တို့ အလန့် တကြား ထပျံကုန်သည်။ အားစိုက်ပြီး ဖွင့်ကြည့်တော့အိမ်သူ သက်ထားဇနီးမယား၏ တစ်တောင်လောက်စူထားသော နှုတ်ခမ်းကို အရင်ဆုံးတွေ့ရသည်။

တိုင်ကပ်နာရီကတော့ ည ၈ နာရီကိုညွှန်ပြလျက်ရှိသည်။ ပတ်ဝန်းကျင်တွင် အတော်အတန်တိတ်ဆိတ်နေလေပြီ။

"အိပ်မက်ထဲမှာခင်မူရယ်. . . . . . "ဟု အစချီပြီး ပြန်ပြောပြလိုက်လျှင် သူ့အတွက်အခြေအနေမကောင်းနိုင် မှန်းသိ၍ ရေငုံနှုတ်ပိတ်နေလိုက်၏။

"အေး. . . အေးပါကွာ. . . ကိုယ်လာခဲ့ပါ့မယ်. . . " မခင်မူကား ခပ်ဆောင့်ဆောင့်လေး ပြန်ထွက်သွားသည်။ ကိုတာရာ မတ်တတ်ရပ်လိုက်ရင်း ကျွတ်ကျလုနီးပါး ပုဆိုးကို ပြင်ဝတ်လိုက်၏။ အိပ်မက်ထဲမှာလို ရန်ဖြစ်ရန်တော့ မဟုတ်။

အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ရန် အလွန် ခက်ခဲကြောင်း ကိုတာရာ နားလည်လိုက်သည်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ကြေးမုံ
အထူးကဏ္ဍ

ဆောင်းပါး

နောင်ရိုး(ကန့်ဘလူ)

# တတ်အောင်သင်၊ အောင် အောင်စစ်နှင့် ယနေ့ခေတ်ပညာရေး

ပညာရေးဌာနအတွင်းသို့ ရောက်ရှိလာခဲ့သော စာရေးသူ၏ လုပ်သက်မှာ မကြာသေးပါ။ ထို့အတွက် ဤကဲ့သို့သော ဆောင်းပါးမျိုးကို ရေးသားရန် ဝန်လေးနေမိသည်ကို ဦးစွာ ဝန်ခံစကားဆိုလိုက်ချင်ပါသည်။ မှန်ပါသည်။ပညာရေးဌာန၏ လုပ်ငန်းစဉ်များ၊ နည်းလမ်းများဖြင့် တိုင်းတာကြည့်မည်ဆိုပါက စာရေးသူ၏ ပညာရေးဌာနပါး မပြည့်ဝသေးကြောင်းကို ထင်ထင်ရှားရှား တွေ့မြင်ရပေမည်။ သို့ဖြစ်၍ ရေးချင်မိသော အကြောင်းအရာများစွာကို မရေးသားဘဲ ရှောင်ရှားနေခဲ့သည်။ ယခုတော့ ထိုအကြောင်းအရာများစွာမှ အနည်းငယ်သော အကြောင်းအရာကို ရေးသားဖော်ပြလိုပါသည်။

စာရေးသူတို့ ပညာရေးဌာနတွင် အသုံးတွင်ကျယ်နေသော စကားတစ်ရပ်ရှိပါသည်။ ထိုစကားသည် "တတ်အောင်သင်၊ အောင် အောင်စစ်"ဟူသော စကားဖြစ်ပါသည်။

သေချာတွေးကြည့်လျှင် ဆီလျော်မှုမရှိကြောင်းကို ဦးစွာပထမ တွေ့ရပေမည်။ အဘယ်ကြောင့်ဆိုသော် "တတ်အောင်သင်"ဆိုသောစကား၏နောက်တွင် "အောင် အောင်စစ်"ဟူသော စကားကပ်၍ ပါနေခြင်းကြောင့်ဖြစ်သည်။

သို့သော် ထိုစကားရပ်တစ်ခုလုံးသည် ဆရာ ဆရာမများကို ညွှန်ကြားသော၊ တစ်နည်းအားဖြင့် ဖိအားပေးသော စကားအဖြစ်သာ သက်ရောက်သွားပါသည်။စာရေးသူကတော့ ရိုးရိုးရှင်းရှင်းပဲ တွေးပါသည်။ "တတ်အောင်သင်လျှင် အောင် အောင်စစ်စရာမလိုပါ" "တတ်အောင်သင်လျှင် စစ်တိုင်းအောင်ပါသည်"။

ထိုစကားလေးတစ်ရပ်နှင့်ပင် စာရေးသူတို့ ပညာရေးဌာနမှ ဆရာ ဆရာမများ အချိန်ကုန်ပြီး အလုပ်များနေသည်။ အချိန်ကုန်အလုပ်များသလောက် ပညာရေးခရီးကတော့ မပေါက်ပါ။ စာရေးသူ နေ့စားအဖြစ် အလုပ်စ၍ ဝင်ပြီး တစ်လလောက်နေသောအခါ အခန်းဆုံးစာမေးပွဲစစ်ရသည်။ မေးခွန်းထုတ်သည်။ ဖြေခိုင်းသည်။ စစ်ပေးသည်။ တပည့်တစ်ယောက် ကျပါသည်။ ထို့အတွက် ကုစားပြန်ဖြေပေးရသည်။ မှတ်တမ်းထားရသည်။ ဤသို့ဖြင့် "ကျလျှင် ကုစား၊ မှတ်တမ်းထား၊ ကျောင်းသားကတော့ အောင်လို့သွား"ဟူသော သံသရာတစ်ကြောဝယ် စာရေးသူလို ဆရာ ဆရာမများ မည်မျှရှိနေပါသနည်း။

မတွေးနိုင်ပါ။ မတွေးဝံ့သည်ဆိုပါက ပို၍မှန်မည်။ မတွေးချင်လည်း ဆက်၍တွေးရပါသည်။ စာရေးသူထုတ်သော မေးခွန်းသည် လွန်စွာခက်ခဲ၍များ ဖြစ်နေသလားဟု ကိုယ့်မေးခွန်းကို သေချာပြန်စစ်ပါသည်။ အမှန်ဆိုရလျှင် စာစောစောက စာမေးပွဲကျသူထက် အတန်းငယ်သောကလေး ဖြေလျှင်တောင်မှ သူလောက်မကသောအမှတ်ကို ရနိုင်ပါသည်။ မေးခွန်းက အောင်မှတ်ရဖို့ရန် လွယ်ကူပါသည်။

မေးခွန်းနှင့်ပတ်သက်၍ ပြောရပေဦးမည်။ မေးခွန်းသည် အညံ့ဆုံးကျောင်းသား အောင်မှတ်ရအောင် ဖြေနိုင်သည့် မေးခွန်းမျိုးဖြစ်ရမည်ဟု ဆိုပါသည်။ ထိုမှတစ်ဆင့် ဉာဏ်ရည်သင့်သော ကျောင်းသား၊ ဉာဏ်ရည်ကောင်းသော ကျောင်းသားတို့အတွက် ထည့်သွင်းစဉ်းစား၍ ထုတ်ရမည်ဖြစ်သည်။ သို့ရာတွင် ပုံနှိပ်စာအုပ်ထဲမှအပ မတွန့်ရ၊ မကွန့်ရ၊ မညွှန့်ရဟူသော အချက်ကိုလည်း ရင်ဝယ်ပိုက်ထားရပါသည်။

ဤနေရာတွင် ကလေးများ၏ ဉာဏ်ရည်ကို ထည့်သွင်းစဉ်းစားရပေတော့မည်။ အချို့ကလေးသည် မည်မျှလွယ်ကူပါစေ ဉာဏ်ရည်နိမ့်ပါးသဖြင့် အောင်မှတ်မရပါ။ ကလေးက ဘယ်လောက်များ ဉာဏ်ရည်နိမ့်နေတာမို့လဲဟု မေးကောင်းမေးကြပါလိမ့်မည်။ ရှိပါသည်။စတုတ္ထတန်း ရောက်သည်အထိ မိမိနာမည်ကို မှန်အောင်မပေါင်းတတ်သည့်ကလေးမျိုး။ မြန်မာကိန်းဂဏန်းနှစ်ကို ပြောင်းပြန်လှည့်၍ ရှေ့ထိုးနောက်ထိုး မှားရေးသည့် ကလေးမျိုးတွေရှိကြောင်းကို စာရေးသူကဲ့သို့ပင် ဆရာ ဆရာမများလည်း ထိတွေ့ ကြားမြင်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။

ထိုကဲ့သို့ ကလေးမျိုး အောင်မှတ်ရရန်အတွက် စာရေးသူတို့က မည်ကဲ့သို့မေးခွန်းထုတ်ကြရမည်နည်း။ အခြေခံမှ သင်ကြားပေးသော ဆရာ ဆရာမ ညံ့ဖျင်းမှုကြောင့်ဟု မတွေးတတ်ပါ။ နောက်ပြီး ပြောကောင်းပြောကြပါလိမ့်မည်။ ပြောမှသာ ပြောကြပါစေတော့။ ပြောခံနေရုံပဲရှိတော့သည်။ စကားတစ်ခုရှိပါသေးသည်။

"ကျောင်းသား ၁၀၀ ဖြေလျှင် ၁၀၁ ယောက်အောင်ရမည်"ဟူ၍ ဖြစ်ပါသည်။ ထိုစကားကိုကြားစဉ်က စာရေးသူ လွန်စွာမှအံ့သြမိသည်။ အံ့သြမိသည်ဆိုခြင်းထက် နားမလည်တာဟူ၍ပင် ဆိုပါရစေတော့။

"ကျောင်းသား ၁၀၀ ဖြေလျှင် ၁၀၁ ယောက်အောင်ရမည်"ဟူသော စကား၏အဓိပ္ပာယ်မှာကား ဆရာ၏ အရည်အချင်း အရည်အသွေးကို တိုင်းတာခြင်းဟုဆိုလေ၏။ အကြောင်းမှာ ဖြေဆိုသူကလေးများ အားလုံးအောင်မှ ဆရာလည်း စာအသင်အပြ ကောင်းသည်ဟုသတ်မှတ်လေသည်။ ထို့ကြောင့် ဆရာများကလည်း "တပည့်တွေလည်း အောင်မြင်၊ ဆရာတွေလည်း အသင်အပြကောင်း"ဟူသော အတွေးနှင့် "မအောင်မရှိ ငါ့တပည့်"ဟူသော စကားတစ်ခုကို ပညာရေးဌာနတွင် မွေးဖွားသန့်စင် ထည့်သွင်းလိုက်ကြသည်လားဟုပင် တွေးထင်နေမိပါသည်။

"မအောင်မရှိ ငါ့တပည့်"ဟု လုပ်လိုက်ကြသည်မှာ ဆရာ့အင်္ဂါရပ်နှင့်မညီသော်လည်း ဆရာတွေဘက်ကကြည့်လျှင် လုပ်ငန်းသဘောတရားအရတော့ မှန်ကန်နေပါသည်။ ထိုသို့မလုပ်လျှင်လည်း အဆင်မပြေ။ မလုပ်ချင်လည်း လုပ်နေရပါသည်။ အဘယ်ကြောင့်ဆိုသော် ဉာဏ်ရည်နိမ့်သောကျောင်းသားများကြောင့် တစ်ခါဖြေ၊ တစ်ခါကျ၊ တစ်ခါကုစား တစ်ခါမှတ်တမ်းထား၊ အချိန်ပိုခေါ်သင်ဆိုတာတွေလုပ်နေရတာနှင့် သင်ခန်းစာသည် ရှေ့ဆက်၍ပင် မတက်ရတော့ပေ။ ဒီကြားထဲ လပိုင်း မာတိကာတွေနှင့် ကိုက်ညီအောင်လည်း သင်ကြားနိုင်ရန်လည်း ကြိုးစားရသည်။

ဤသို့ဆိုလျှင် စာရေးသူ၏ဆောင်းပါးသည် ဆရာ ဆရာမများဘက်မှ ရေးသားထားသော အတ္တဆန်သည့် ဆောင်းပါးတစ်ပုဒ်ဟုပင် ယူဆနိုင်ပေသည်။ ထိုကဲ့သို့ ယူဆသည်ဆိုပါကလည်း စာရေးသူအနေဖြင့် ငြင်းချက်ထုတ်ရန် မကြိုးစားလိုပါ။ တစ်ခါတစ်ရံတွင် ကြိုးစားသမျှတိုင်းသည်လည်း အရာမထင်တတ်ခဲ့ပါပေ။ ဤကဲ့သို့ ပြောရခြင်းသည် စာရေးသူအနေဖြင့် ပညာရေးဌာနကို မနှစ်သက်၍ မဟုတ်။ ချစ်လွန်း၍သာဖြစ်ကြောင်းကိုမူ ကိုယ်တိုင်မှ တစ်ပါး စာနာတွေးတောမည့်သူရှိ ကောင်းရှိလိမ့်မည်ထင်ပါသည်။

ယခုဆိုလျှင် စာရေးသူတို့ ပညာရေးဌာနသည် လူအများ စိတ်အဝင်စားဆုံး ဌာနတစ်ခုလည်းဖြစ်၍လာပေပြီ။ ထိုသို့ စိတ်ဝင်စားမှုခံလာရချိန်မှာ လိုအပ်ချက်များစွာနှင့် လွဲချော်မှုများစွာကို စာရေးသူတို့ကဲ့သို့သော ဆရာ ဆရာမများ၏ လက်တွေ့ဖြတ်သန်းမှုများကသာ ထင်ဟပ်စေနိုင်ပေမည်။ ထိုကဲ့သို့ ထင်ဟပ်သောပုံရိပ်များကို စုတ်ချက်ပီပြင်စွာဖြင့် လှပသေသပ်စွာ ပုံဖော်ကြမည့်သူများလည်း လိုအပ်နေပါသည်။ သို့ဖြစ်၍ "အချိန်မီချုပ် အစုတ်သက်သာ"ဟူသော စကားအတိုင်း အနည်းငယ်မျှ သက်သာလို သက်သာငြား ဤဆောင်းပါးတိုလေးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။ ။

ထက်လူအောင်

# စာနာစိတ်ဖြင့် ဖေးကူပါ

ဒီဇင်ဘာ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းနေ့ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မသန်စွမ်းသူအမျိုးအစားကို ခုနစ်မျိုးခန့်ခွဲခြားထားသည်။ ကိုယ်အင်္ဂါချွတ်ယွင်းသူ၊ အမြင်အာရုံနည်းသူ၊ အကြားအာရုံနည်းသူ၊ ဉာဏ်ရည်နိမ့်သူ၊ အရေပြားရောဂါရှိသူ၊ အတက်ရောဂါရှိသူ၊ အပြုအမူထူးခြားသူဟူ၍ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၏ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူမှုစစ်တမ်းများအရ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် မသန်စွမ်းလူဦးရေ ငါးသန်းခန့်ရှိပါသည်။ နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အကြောင်းအမျိုးအမျိုးကြောင့် မသန်စွမ်းဖြစ်နေရသူများမှာ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်ထုတ်ပြန်ထားပါသည်။ ဒီဇင်ဘာ ၃ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းနေ့အထိမ်းအမှတ်ပွဲများကို ကျွန်တော်တို့နိုင်ငံ၌လည်း ကျင်းပပါသည်။

သို့သော် ကျယ်ပြန့်မှုမရှိသေးဘဲ အများပြည်သူသိရှိပါဝင်မှု အားနည်းလျက်ရှိပါသည်။ ကျွန်တော်တို့နိုင်ငံရှိ လူမှုအသိုက်အဝန်းသည် မသန်စွမ်းများအပေါ် နှိမ့်ချဆက်ဆံမှု၊ ခွဲခြားဆက်ဆံခြင်းများပြုလုပ်သူ နည်းပါးသော်လည်း ဖေးမကူညီရာတွင်လည်းကောင်း၊ အားပေးနှစ်သိမ့်ရာတွင်လည်းကောင်း အားနည်းမှုများရှိနေပါသည်။ မသန်စွမ်းများနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ရာတွင် အသိပညာအားနည်းလျက်ရှိပါသည်။

လူမှုပတ်ဝန်းကျင်တွင် လူများ၏ နေ့စဉ်ဘဝများ၌ အခက်အခဲအတားအဆီးက အမြဲတမ်းရှိနေသည်။ထို့အတူ မသန်စွမ်းများ၏ နေ့စဉ်ဘဝများတွင် အခက်အခဲ အတားအဆီးများက ပို၍ရှိနေသည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအခက်အခဲ အတားအဆီးများကို အလွယ်တကူ ကျော်ဖြတ်နိုင်ရန် ကျွန်တော်တို့ လူမှုအသိုက်အဝန်း၏ ဖေးမကူညီမှုများစွာလိုအပ်ပါသည်။ ထိုသို့ ဖေးမကူညီရာတွင်လည်း မသန်စွမ်းများကို နှိမ့်ချရာရောက်သော အပြုအမူများမဖြစ်ရအောင် သတိထားရမည်ဖြစ်သည်။ စာနာနားလည်မှု စိတ်ဓာတ်တက်ကြွစရာ အမူအရာများဖြင့် မသန်စွမ်းများ၏ အခက်အခဲများကို ကူညီဖေးမရမည်ဖြစ်သည်။ မသန်စွမ်းများသည် လူမှုပတ်ဝန်းကျင်ကို သူတို့တတ်စွမ်းသည့် စွမ်းရည်များဖြင့် ပြန်လည်အကျိုးပြုနိုင်ကြသူများဖြစ်ကြသည်။ သို့သော် ထိုအချက်ကို နားလည်လက်ခံပြီး လူမှုဝန်းကျင်၌ မသန်စွမ်းများ၏စွမ်းရည်ကို အသုံးချနိုင်ရန် အလုပ်အကိုင် ဖန်တီးပေးမှုသည် အလွန်တရာနည်းပါးနေသည်ကို တွေ့မြင်ရသည်။ ကျွန်တော်တို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံများတွင် မသန်စွမ်းများကို အလုပ်လုပ်ကိုင်နိုင်သည့် အမျိုးအစားအလိုက် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ပေးကာ လုပ်ငန်းရှင်များကိုလည်း မသန်စွမ်းများအား အလုပ်ခန့်အပ်ပေးရန်အတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖတ်ရှုကြားသိရသည်။

အချို့သော မသန်စွမ်းများသည် မွေးရာပါမသန်စွမ်း

> "တချို့သော လူ့ရှင်တော်များသည် မသန်စွမ်းများ၏ ပုံသဏ္ဌာန်ဖြင့် ပြက်လုံးထုတ်ကြသည်။ ထိုအပြုအမူမှာ မပြုလုပ်သင့်သော အပြုအမူဖြစ်သည်။ ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်သော်လည်း လှောင်ပြောင်သည့်သဘောဟု အထင်မှား၊ အမြင်မှားမှုများ ဖြစ်စေနိုင်"

အဖြစ် မွေးဖွားလာကြခြင်းဖြစ်သည်။ အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဘဝကို ရောက်ရှိသွားရခြင်းဖြစ်သည်။ မွေးရာပါ မသန်စွမ်းအဖြစ် မွေးဖွားလာသူများထဲတွင် အချို့သည် မိသားစုထဲတွင် နှိမ့်ချဆက်ဆံခံရခြင်းများ၊ မိတ်ဆွေသူငယ်ချင်းများက ခွဲခြားဆက်ဆံခြင်းများကို ခံစားရတတ်ပါသည်။ ထိုသို့ ပြုမူခံရသူများသည် မိမိကိုယ်မိမိ သိမ်ငယ်စိတ်များဝင်ကာ လူမှုအသိုက်အဝန်းနှင့် ဝေးကွာသွားတတ်ပါသည်။ ထို့ကြောင့် မသန်စွမ်းများကို နောက်ပြောင်သည့်သဘောကိုဖြစ်စေ၊ ခွဲခြားသည့်သဘောကိုဖြစ်စေ ပြုမူခြင်းများကို ရှောင်ရှားကြရမည်ဖြစ်သည်။ ဖေးမမှုပါဝင်သော ကူညီမှုမျိုးကိုသာ ပေးကြရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံတွင် မသန်စွမ်းများ လွယ်ကူဘေးကင်းလုံခြုံစွာဖြင့် ခရီးသွားလာနိုင်သည့် သီးသန့်လမ်းများ မရှိသေးချေ။ မသန်စွမ်းများအတွက် သီးသန့်လမ်းများ ပြုလုပ်ပေးခြင်းသည် ထိရောက်သော ကူညီဖေးမမှုဖြစ်၏။ မသန်စွမ်းကလေးငယ်များအဖြစ် မွေးဖွားလာကြသော ကလေးငယ်များ၏ အနာဂတ်အတွက် မိဘများကို မသန်စွမ်းကလေးငယ် ပြုစုပျိုးထောင်ခြင်းဆိုင်ရာ သင်တန်းများ ပိုမိုကျယ်ပြန့်လာအောင် ပြုလုပ်ပေးသင့်သည်။ မသန်စွမ်းသူများအတွက် အားကစားပြိုင်ပွဲများကို ကျင်းပပေးပြီး မသန်စွမ်းများ၏ စိတ်ဓာတ်နှင့် ခန္ဓာကြံ့ခိုင်စေရန် ပြုလုပ်ပေးရမည်ဖြစ်သည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော မသန်စွမ်းအားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပိုမိုပေးခြင်းများ ပြုလုပ်၍ အားပေးရမည်ဖြစ်သည်။

မြို့ပြနှင့် ဝေးကွာသော ကျေးလက်ဒေသများတွင် နေထိုင်သော မသန်စွမ်းများအတွက် ပညာရေး၊ ကျန်းမာရေး အဆင်ပြေစေရန် နိုင်ငံတော်အနေဖြင့် စီမံချက်တစ်ခုချမှတ်ကာ ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ကျေးလက်နေ မသန်စွမ်းများ၏ နေ့စဉ် လူမှုဘဝများလည်း တိုးတက်လာမည်ဖြစ်သည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေသည် ပြဋ္ဌာန်းပြီးဖြစ်သော်လည်း အသက်ဝင်မှုနည်းပါးနေသေးသဖြင့် မသန်စွမ်းများ၏ အခွင့်အရေးကို အပြည့်အဝဖော်ဆောင်ပေးနိုင်ခြင်း မရှိသေးချေ။ မသန်စွမ်းသူများ အသုံးပြုသော အသုံးအဆောင်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ ငွေကြေးဆင်းရဲသော မသန်စွမ်းများ၏ နေ့စဉ်ဘဝများ လွယ်ကူအဆင်ပြေလာမည်ဖြစ်သည်။

တချို့သော လူ့ရှင်တော်များသည် မသန်စွမ်းများ၏ ပုံသဏ္ဌာန်ဖြင့် ပြက်လုံးထုတ်ကြသည်။ ထိုအပြုအမူမှာ မပြုလုပ်သင့်သော အပြုအမူဖြစ်သည်။ ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်သော်လည်း လှောင်ပြောင်သည့်သဘောဟု အထင်မှား၊ အမြင်မှားမှုများ ဖြစ်စေနိုင်ပါသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် မသန်စွမ်းများ၏လှုပ်ရှားပြုမူပုံကို ဟာသဇာတ်ဝင်ခန်းများအဖြစ် ရိုက်ကူးခဲ့၍ မသန်စွမ်းအသင်းအဖွဲ့များနှင့် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများ၊ သရုပ်ဆောင်များ တွေ့ဆုံကာ ညှိနှိုင်းဖြေရှင်းကြသည်ဟု ကြားသိရသည်။ ညှိနှိုင်းမှုအဆင်ပြေကြောင်း ကြားသိရ၍ ဝမ်းမြောက်ရပါသည်။ သို့သော် ထိုသို့သော အဖြစ်အပျက်များ ထပ်မံမဖြစ်ပွားရန် ကျွန်တော်တို့ လူမှုအသိုက်အဝန်းတစ်ခုလုံး သတိထားကြရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများသည် မေတ္တာစေတနာ အားကောင်းကြသူများဖြစ်ကြပါသည်။ ထိုစေတနာ၊ မေတ္တာများကို အသိပညာများထည့်၍ မသန်စွမ်းများကို ဖေးမကူညီမှုများပေးကြလျှင် မသန်စွမ်းများအတွက် ပြည့်စုံသော ဖေးမကူညီမှုများ ဖြစ်လာမည်ဖြစ်ပါသည်။ နိုင်ငံနှင့် လူမှုအသိုက်အဝန်းအတွက် မသန်စွမ်းများ၏ပညာနှင့် စွမ်းဆောင်ရည်များကို ပိုမိုအသုံးပြုနိုင်လာမည်ဖြစ်သည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အတိုင်းအသက်ဝင်နိုင်ရန် ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားများ ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

လူတိုင်း လူတိုင်းသည် မျှော်လင့်ချက်များ ပြည့်ဝနိုင်ရန် ကြိုးစားရှန်းကန်နေကြပါသည်။ ထို့အတူ မသန်စွမ်းများ၏ ဘဝမျှော်လင့်ချက်များ ပြည့်စုံလာစေရန် ဖေးကူရန်မှာ ကျွန်တော်တို့ လူမှုအသိုက်အဝန်း၏ တာဝန်တစ်ခုသာဖြစ်ပါသည်။ ထို့ကြောင့် စာနာစိတ်ပြည့်ဝသော ဖေးကူမှုများကို မသန်စွမ်းများအား ပေးနိုင်ရန်အတွက် ယနေ့မှစ၍ စတင်ဆောင်ရွက်လိုက်ပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

## နှင်းရန့်

နှင်းသည်းမြူလွှမ်း လပြာသို
ပွင့်ပန်း မြခွာညို။
ညစဉ်လိုလို ချမ်းလေသွေး
ဆောင်းခို ပန်းတွေမွှေး။
နှင်းစုခြုံထွေး လှပါပေ
အိပ်စက် ညတာရှည်။
နံနက်လေပြည် ဝင်းရွှေနေ
မြက်ဖျား နှင်းတွေဥ။
နှင်းမြူထုကြီး အပွေ့ခံ
ခံတွင်း အငွေ့ပျံ။
နှင်းခိုးဝေလျှံ သင်းပျံ့ပျံ့
ဒီဇင်ဘာ နှင်းရန့်။ ။

စစ်မိုးအိမ်

ဝတ္ထုတို

# တဒင်္ဂ

■ အဘာသား



သုံးလိပ်မြောက်ဆေးလိပ်ကို မီးညှိလိုက်တယ်။ စဉ်းစားလေလေ မွန်းကျပ်လေလေ။ သူကိုယ်တိုင်က ဆေးလိပ်သောက်တာကိုသိပ်မကြိုက်။ ဒါပေမယ့် သူဆက်သောက်ဖြစ်နေတယ်။ ဆေးလိပ်သောက်လိုက်မှ စိတ်မွန်းကျပ်တာတွေပြေလျော့သလို ခံစားမိတယ်။

"ဟူး. . . "

ဆေးလိပ်ငွေ့များနဲ့အတူ သူ့ရဲ့သက်ပြင်းချသံပါ တစ်ပါတည်းထွက်ကျလာတယ်။ အခိုးအငွေ့များကား တလိပ်လိပ်တက်နေဆဲ။ စိတ်အစဉ်ဟာလည်း ဇဝေဇဝါဖြစ်နေဆဲ။ သူဆုံးဖြတ်ရန်ဝန်လေးနေမိတယ်။ သွားရင်ကောင်းမှာလား။ မသွားဘဲနေလိုက်ရမှာလား။ တကယ်လို့များ သူထင်ထားသလို ဖြစ်လာခဲ့လျှင်. . .။ ရင်ဆိုင်ဖို့ အင်အားသူ့မှာမရှိ။ အဖေအမေကို ဘယ်လိုမျက်နှာနဲ့ ပြောရပါမလဲ။ အရှက်တကွဲ အကျိုးနည်းရမယ့်အဖြစ်။

အမေ။ မေတ္တာတရားကြီးမားတဲ့အမေ။ သူများမြို့မှာ လိမ်လိမ်မာမာနေဖို့ အရက်သေစာမသောက်ဖို့ တွေ့တဲ့သူနဲ့သင့်အောင်ပေါင်းဖို့ တတွတ်တွတ်မှာတတ်တဲ့အမေ။ အမေ့ကိုဘယ်လိုမျက်နှာပြရပါမလဲ။ မှတ်မိပါသေးတယ်။ ဆယ်တန်းအောင်စာရင်း သိရတဲ့နေ့ကပေါ့။ အဲဒီနှစ်က သူတို့ရွာမှာ ဆယ်တန်းဖြေသူခုနစ်ယောက်မှာ သုံးယောက်ပဲအောင်တယ်။ သူကဂုဏ်ထူးတောင် နှစ်ဘာသာပါသေးတော့ ရွာမှာမျက်နှာအရှိဆုံး။ မျက်နှာအပွင့်ဆုံး။ အမေရဲ့မျက်နှာက ပြီးပြည့်စုံတဲ့လမင်းကြီးလို ကြည်လင်တောက်ပလို့။ မိတ်ဆွေအပေါင်းအသင်း၊ ရွာသူရွာသားများကိုတောင် ထမင်းခေါ်ကျွေးပါသေးရဲ့။ သူလည်း သူ့သူငယ်ချင်းများကိုခေါ်ပြီး အပျော်စားဖြစ်တယ်။ ဆယ်တန်းအောင်တဲ့အထိမ်းအမှတ်နဲ့ ရွာချက်အရက်နဲ့ ကြက်ခြေထောက်တွေမြည်းပြီး ပျော်ခဲ့ကြတယ်။ သူတို့မူးမူးရူးရူးနဲ့ ကသူက ဆိုသူဆိုခဲ့ကြတယ်။ အမေကတော့ သူ့ကို စကားတွေပြောချင်ပေမယ့် မပြောခဲ့။နောက်တစ်နေ့မှ. .

"သား. . . အရက်ဆိုတာ အမှားတကာတို့ရဲ့ရှေ့ပြေးဆိုတာ သိရဲ့လား၊ အရက်သောက်ထားရင် သူတစ်ပါးကိုလိမ်ဖို့လည်း ဝန်မလေး၊ သူတစ်ပါးပစ္စည်းကို ခိုးဖို့လည်း ဝန်မလေး၊ သူတစ်ပါးအသက်ကို သတ်ဖို့လည်း ဝန်မလေး၊ သူတစ်ပါးသားမယားကို ပြစ်မှားဖို့လည်း ဝန်မလေးဘူး"

တဲ့။ ခန့်မှန်းမရနိုင်တဲ့ မေတ္တာထုထည်နဲ့ ဆုံးမခဲ့တဲ့အမေရဲ့စကားသံတို့ကား သူ့နားထဲမှာ ပဲ့တင်ထပ်နေပြန်တယ်။

ရင်တစ်ခုလုံးမွန်းကျပ်မှုနဲ့အတူ အဖေရဲ့မျက်နှာကိုလည်း တရေးရေးမြင်မိတယ်။ နွားတွေနဲ့ ရုန်းကန်ရင်းလယ်ထဲမှာ ဘဝတစ်ခုလုံးကိုနှစ်ထားသူ။ သားသမီးတို့အပေါ် တာဝန်ကျေခဲ့သူ။ သူဆယ်တန်းအောင်ပြီး စစ်တွေနည်းပညာတက္ကသိုလ်တက်ခွင့်ရတော့ အဖေပျော်လိုက်ပုံတွေ၊ သားအတွက်ဂုဏ်ယူလိုက်ပုံတွေက ဘယ်လိုပြောရမှာလဲမသိတော့။ လယ်တောထဲမှာ ရွှံ့တလူးလူး၊ ချွေးတလူးလူးနဲ့နေရပေမယ့် အင်ဂျင်နီယာဖြစ်လာမယ့်သားအတွက် ဘယ်တော့မှမျက်နှာမညှိုးခဲ့။

"စာကိုသာ ကြိုးစားစမ်းပါသားလေးရယ်၊ အဖေဘယ်လောက်လုပ်ရလုပ်ရ သားအတွက်သေပျော်ပြီ၊ သားအတွက်အဖေလက်မထောင်နိုင်ပြီ"

အဖေရဲ့စကားလုံးတွေက အားမာန်အပြည့်။ သားအတွက်ဆိုရင် ဖွဲ့ လှံ့လ၊ ဝီရိယတို့ကို နှစ်ဆ၊ သုံးဆမြှင့်တင်ခဲ့သူ။ ဘယ်အချိန်ငွေမှာမှာ မညည်းညူခဲ့သူ။ အဖေ့ကိုသူဘယ်လိုပြန်ပြောရပ့ါမလဲ။ ဘယ်လိုရင်ဆိုင်ရပ့ါမလဲ။ အဖေရဲ့အိပ်မက်တွေကို ရိုက်မချိုးချင်ပါဘူး။

ကံကြမ္မာကိုယိုးမယ်ဖွဲ့ချင်တဲ့ လူသားထဲမှာ သူမပါ။ ကံဟူသည်အလုပ်တဲ့။ မိမိပြုသောကံက မိမိကိုယ်သာ သက်ရောက်မှာကို သူသိတယ်။ အဖေနဲ့အမေကိုပြောဖို့ ရှက်ရွံ့သလို ချစ်သူနွယ်ကိုလည်း ရင်မဆိုင်ဝံ့အား။

သူမနာမည်က နွယ်သစ္စာ။ သူမလည်းပဲ သူနဲ့အတန်းတူ B.E(Civil)။ စစ်တွေနည်းပညာတက္ကသိုလ်မှာငါးနှစ်အတူတူဖြတ်သန်းရင်း ချစ်မိခဲ့ရသူ။ သူ့အပေါ်ညီမတစ်ယောက်လိုတစ်မျိုး၊ အစ်မတစ်ယောက်လိုတစ်ဖုံ၊ အမေတစ်ယောက်လိုလည်း ဆုံးမသွန်သင်ပြတတ်သူ။ နှစ်ယောက်အတူ ဘဝတစ်ခုကိုဖြတ်သန်းဖို့ ဆုံးဖြတ်ထားခဲ့ကြတယ်။

"အစ်ကိုရယ်. . . နွယ်ကတော့ B.E ပြီးရင် လုပ်ငန်းခွင်ကိုဝင်ချင်တယ်၊ အကိုနဲ့အတူ ဘဝတစ်ခုကိုထူထောင်ကြမယ်လေ. . . "

နွယ်ရဲ့ ချစ်စဖွယ်စကားသံများက သူ့ရင်ကို အထပ်ထပ်အခါခါ ပဲ့တင်ထပ်စေတယ်၊ ကြည်နူးခဲ့ရတဲ့အချိန်တွေ။ ခုတော့ နွယ့်ကို သူဘယ်လို ရှင်းပြရပ့ါမလဲ။ နွယ်ကကော ခွင့်လွှတ်နိုင်ပ့ါမလား။ သို့လော၊ သို့လောဖြင့်လည်း ဘဝကိုမဖြတ်သန်းချင်။ သူဆုံးဖြတ်ချက်တစ်ခုကို မဖြစ်မနေချရတော့မယ်။

"ဟူး. . . . "

ဆေးလိပ်မီးခိုးငွေ့များနဲ့အတူ သက်ပြင်းရှည်တစ်ချက်ပါ မှုတ်ထုတ်လိုက်တယ်။ ပြီးတော့ ဆေးလိပ်ကိုခြေဖြင့် နင်းခြေလိုက်တယ်။

"ဆိုက်ကား"

ထိုင်နေရာမှထကာ ဆိုက်ကားတစ်စီးကို လက်တားလိုက်တယ်။

"ဘယ်သွားမှာလဲ. . . ငါ့ညီ"

" ထွန်း အထွေထွေရောဂါကုဆေးခန်း"

× × ×

စစ်တွေနွေရာသီအပူက ပြင်းလွန်းတယ်။ လမ်းမပေါ်က ကတ္တရာများပင် ပျော့စိစိဖြစ်နေတယ်။ လူသွားလူလာလည်း မရှိသလောက်။ အပူဒဏ်ကို ရှောင်နေကြလို့ဖြစ်မယ်။ ဒါပေမယ့် ရင်ထဲကအပူမီးတို့ကိုကား သူရှောင်လွှဲလို့မရ။ ရင်ထဲမှမီးဟာ အပြင်ကအပူတကာတို့ထက် ပို၍ပူလွန်းတယ်။ ဆိုက်ကားသမားရဲ့မောဟိုက်သံ၊ ဆိုက်ကားဘီးလှိမ့်သံတို့က သူ့ရဲ့အပူမီးကို လောင်စာလောင်းပေးနေသလို။ တဒင်္ဂဖြစ်ရပ်များဟာ ခုလောက်ထိပူလောင်ခဲ့လိမ့်မယ်လို့ သူမထင်ခဲ့။ တကယ်လို့သာသိခဲ့လျှင်. . . .။

× × ×

River Valley စားသောက်ဆိုင်ကြီးကား လူတွေနဲ့ စည်ကားနေတယ်။ မီးပန်းမီးဆိုင်းတွေနဲ့ အလှဆင်ထားတဲ့ ခန်းမကြီးထဲမှာ စကားပြောသံ၊ ရယ်မောသံတွေနဲ့ အသက်ဝင်နေတယ်။ လူကုံထံအသိုင်းအဝိုင်းများရဲ့ စားသောက်ဝိုင်းများက စားဖွယ်စုံဟင်းလျာတွေ၊ သောက်ဖွယ်စုံယမကာတွေက ဈေးကြီးလွန်းမယ်ထင်တယ်။ Day ကျောင်းသူတစ်စုရဲ့ ဖျော်ရည်မှာသံတွေကလည်း လက်ပံပင်မှာ ဆက်ရက်ကျနေသလို ဆူညံနေတယ်။

"ဘာမှာမလဲ အစ်ကို"

အနီရောင်ရှပ်အင်္ကျီ၊ အနက်ရောင်ဘောင်းဘီအရှည် ဝတ်ဆင်ထားတဲ့ ဆိုင်ဝန်ထမ်းမိန်းကလေးက မေးလာတော့. .။

"Black Label ဝမ်းလီတာတစ်လုံး"

ကိုထွန်းဝင်းက မတုံ့မဆိုင်း ဖြေလိုက်တယ်။

"ဟ. . ဝမ်းလီတာဆိုတော့ များမယ်နော် ကိုထွန်းဝင်း"

"ကျော်ကြီး မင်းကိုသီးသန့်ဒကာခံချင်လို့ မြောက်ဦးကနေ ဒီအထိလာခဲ့တာ၊ မင်းနဲ့ငါမတွေ့တာလည်း တော်တော်ကြာပြီလေ၊ စကားပြောရင်းသောက်တာပေါ့၊ မကုန်နိုင်လည်း ထားခဲ့လိုက်မယ်လေ၊ မဟုတ်ဘူးလား၊ မင်းလည်း စားချင်တာမှာလေ"

ထွန်းဝင်းရဲ့စကားကို သူပြန်မဖြေခဲ့။ အမှန်တော့ ထွန်းဝင်းဆိုတာက သူနဲ့ဆယ်တန်းရောက်မှ သိလာကြတာပါ။ သူ့ထက်အသက်နှစ်နှစ်လောက်ကြီးမယ်။ သူဆယ်တန်းရောက်တော့ ထွန်းဝင်းကဆယ်တန်းမှာ နှစ်နှစ်ကျဖြစ်နေပြီ။ ဆယ်တန်းအောင်ပြန်တော့လည်း စင်ကာပူဆိုလား၊ မလေးဆိုလား ထွက်သွားတယ်လို့သာ ပြောသံကြားလိုက်ရတယ်။ ရုပ်ဖြောင့်၊ ငွေရှင်သူတစ်ဦးလို့ဆိုရမယ်။

သူတို့စကားတပြောပြောနဲ့ သောက်လိုက်ကြတာ အချိန်ဘယ်လောက် ကုန်သွားတယ်မသိ။ ပုလင်းထဲမှာ ယမကာတစ်လက်မလောက်သာကျန်တော့တယ်။ ထွန်းဝင်းရဲ့ နိုင်ငံခြားအတွေ့အကြုံတွေ၊ ငွေရှာခဲ့ပုံတွေကိုနားထောင်ရင်း သူကတော့ စကားသိပ်မပြောဖြစ်။ ဦးနှောက်ထဲမှာ ပြောစရာစကားများလည်း စဉ်းစားလို့မရ။ ဆိုင်မှဖွင့်ထားသော သီချင်းသံများကိုပင် ကြားတစ်ချက်မကြားတစ်ချက်။

"ကျော်ကြီး. . ဟဲ့ကောင်ကျော်ကြီး. . မင်းမူးနေပြီလား"

"မမူးသေးပါဘူး. . ကိုထွန်းဝင်းရာ"

မမူးသေးပါဘူးလို့သာ ပြောရသော်လည်း သူကား သူ့စိတ်ကိုထိန်းမရချင်တော့။ ရွာမှာလို စိတ်လွှတ်ကိုယ်လွှတ်နေလိုက်ချင်မိတယ်။ ကချင်လည်းကမယ်။ခုန်ချင်လည်းခုန်မယ်။ အိပ်ချင်လည်းအိပ်မယ်။ လူအများနဲ့ ခုလိုဆိုင်မှာတော့သိပ်မကောင်း။

"ကျော်ကြီး. . . . "

"ဘာလဲ. . . . ကိုထွန်းဝင်း"

"ပြီးရင်. . . KTVသွားရအောင်ကွာ. . . "

". . . သွား. . . သွားလေ"

စစ်တွေနည်းပညာတက္ကသိုလ်တွင် ငါးနှစ်တာ ကျောင်းတက်လာခဲ့ပေမယ့် KTV တို့၊ မာဆတ်တို့ကို တစ်ခါမှ သူမရောက်ဖူးခဲ့။ ရောက်ဖူးအောင်လည်း ငွေရေးကြေးရေးက မရှိ။ ခုလိုကိုထွန်းဝင်းကခေါ်လာတော့ သွားချင်မိသည်ကအမှန်။ သူငယ်ချင်းများပြောသော ဇာတ်လမ်းများကိုနားထောင်ဖူးပြီ။ ကိုယ်တိုင်တစ်ခါလောက်တော့ ပျော်ဖူးချင်ရဲ့။

ကိုထွန်းဝင်းက ဆိုင်မှာငွေရှင်းသည်ကို သူက ကိုထွန်းဝင်းရဲ့ပါရာဒိုကားထဲမှာ စောင့်နေလိုက်တယ်။ ခဏကြာတော့ ကိုထွန်းဝင်းကားထဲဝင်လာပြီး ကားကိုအသာအယာမောင်းလိုက်တယ်။

KTVကိုရောက်တော့ ကိုထွန်းဝင်းရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့ အခန်းတစ်ခန်းထဲမှာ ကောင်မလေးနှစ်ယောက်နဲ့အတူ သီချင်းဆို၊ ဘီယာသောက်ကာ အပျော်ကြီးပျော်ခဲ့တယ်။

"ကိုကြီး. . . သောက်လည်းသောက်၊ စားလည်းစား. . နော်"

ညုတုတုစကားသံများနဲ့အတူ ခွံ့ကျွေးလာတဲ့ လိမ္မော်သီးခြမ်းတွေကိုစားရင်း KTVမေများရဲ့ဆွဲအားကို သူ ရုန်းကန်ဖို့ခက်ခဲနေမိတယ်။ ပေါင်တံသွယ်သွယ်၊ ရင်အုံမောက်မောက်၊ ဆွဲဆောင်မှုအပြည့်ရှိတဲ့နှုတ်ခမ်းတွေက ပွင့်ကျလာတဲ့ စကားသံတွေကို သူငြင်းဆန်မှုမပြုနိုင်။ မိန်းကလေးတစ်ယောက်ရဲ့အပြုစုကို ခုလောက် တစ်ကြိမ်တစ်ခါမှ သူမခံစားခဲ့ဖူး။ နွယ်သည်ပင် သူ့ကို ခုလိုဂရုစိုက်မယ်လို့သူမထင်။ နီယွန်မီးတစ်ချက်တစ်ချက်မှာဖြာကျလာတဲ့ မျက်ဝန်းအစုံတို့ကား သူ့ရင်ကို မုန်တိုင်းထန်စေတယ်။ ဆာလောင်မှုတစ်ခုခုကြောင့် သူရဲ့ အာခေါင်တွေခြောက်ကပ်လာတယ်။ အသွေးအသားတို့က တဆတ်ဆတ်တုန်ရီနေမိတယ်။ ကြိုးနဲ့တုတ်နှောင်ခံထားရတဲ့ မြင်းရိုင်းတစ်ကောင်ရဲ့ လွတ်လပ်လိုမှုတွေကို သူမတားဆီးချင်တော့။ ရင်ထဲမှာ ရထားဆယ်စင်းပြိုင်တူမောင်းနှင်နေသလို။

"ကျော်ကြီး. . . သွားမယ်ကွာ"

"ဗျာ. . . "

"လာ. . သွားမယ်"

ကိုထွန်းဝင်းခေါ်ရာနောက်သို့ သူလိုက်သွားတယ်။ ဘယ်နေရာတော့သူကောင်းစွာမမှတ်မိ။ ကားနဲ့ ဆယ်မိနစ်လောက်ကြာမယ်ထင်တယ်။ တည်းခိုခန်းတစ်ခု။ သူတို့ဝင်လိုက်ကြတယ်။

ကိုထွန်းဝင်းက သူ့ကို အခန်းတစ်ခန်းမှာ ထားပြီး သူကိုယ်တိုင်ကတော့ နောက်တစ်ခန်းကို ဝင်သွားတယ်။ သူ့အခန်းထဲမှာတော့ သူ့ဆာလောင်မှုများကို ဖြေသိမ့်လိုက်မိတယ်။ လေးကြိုးကို အခါခါဆွဲလို့လွှတ်မိတယ်။ ကြိုးတုတ်ခံထားရတဲ့ မြင်းရိုင်းကြီးက ကွင်းပြင်မှာ ကဆုန်စိုင်းလို့။ ဘယ်အချိန်၊ ဘယ်မျှ၊ ဘယ်လိုဆိုတာ သူမသိနိုင်လိုက်တော့။

ပြဿနာက ကိုထွန်းဝင်းပြန်ပြီး တစ်လလောက်အကြာမှ ဖြစ်လာတယ်။ သူရဲ့အင်္ဂါစပ်တစ်ဝိုက်မှာယားယံတဲ့ အဖုအပိမ့်တွေ ပေါ်လာတယ်။ ညညဆိုအိပ်မရအောင် ယားယံတယ်။ ခန္ဓာကိုယ်ကလည်း အပူရှိန်တငွေ့ငွေ့နဲ့ ဖျားတော့တယ်။ အစားအစာတွေကိုလည်း စားချင်စိတ်မရှိတော့။ ဖတ်ဖူး၊ မှတ်ဖူးတဲ့ ဆေးစာအုပ်တွေကိုလှန်ကြည့်မိတိုင်း ကြက်သီးမွေးညင်းထမိတယ်။ ဘဝတစ်ခုလုံးအညွှန့်တုံးရမယ့်ကိစ္စ။ လူမဖြစ်မီ လူဖြစ်ရှုံးရတော့မလား။ သူရဲ့ကြောက်လန့်စိတ်တို့က ထိန်းမရနိုင်။ ကိုထွန်းဝင်းကို ဖုန်းဆက်မေးတော့လည်း ဘာမှမဟုတ်ကြောင်း၊ စိတ်ပူစရာမလိုကြောင်းသာ ရယ်ကျဲကျဲနဲ့ပြောတယ်။ သိပ်အလေးထားပုံမရ။ ဆရာဝန်ဆီသွားရန်လည်း သူရှက်မိတယ်။

နောက်နှစ်ဆိုလျှင် B.E ပြီးတော့မယ်။ သူ့ရဲ့ဘဝက ဖြောင့်ဖြူးပြီးသား။ ခုတော့ တကယ်လို့သာ သူထင်ထားသလို ဘဝအညွှန့်တုံးခဲ့ရင်၊ ရောဂါပိုးသာ ကူးစက်ခံခဲ့ရရင်. . . သူဆက်မစဉ်းစားရဲ။ အဖေ၊ အမေနဲ့ ချစ်သူနွယ်သစ္စာကို ဘယ်လိုရှင်းပြရပ့ါမလဲ။ ခွင့်လွှတ်နိုင်ကြပါမလား။ လူ့အသိုင်းအဝိုင်းကကော လက်ခံပါတော့မလား။ အနာဂတ်ဘဝကို ဘယ်လိုဖြတ်သန်းရပ့ါမလဲ။

"ညီလေး. . . ရောက်ပြီ"

သူအချိန်ဘယ်လောက်ကြာကြာ စဉ်းစားမိတယ်မသိ။ ဆိုက်ကားသမားက ရောက်ကြောင်းပြောမှသာ ပတ်ဝန်းကျင်ကို သတိထားမိတော့တယ်။ "ထွန်း" အထွေထွေရောဂါကုဆေးခန်းက သူ့ကိုမေးခွန်းပေါင်းမြောက်မြားစွာ မေးနေတဲ့အလား။ သူ့ရင်ထဲမှာလည်း မေးခွန်းပေါင်းမြောက်မြားစွာကို ထပ်ခါထပ်ခါဖြေနေမိတယ်။

ဘဝဆိုတာ ကြိုတင်စဉ်းစားဆုံးဖြတ်နိုင်တဲ့ ပုစ္ဆာမဟုတ်။ တဒင်္ဂမေးလာတဲ့ ပြဿနာများကို တဒင်္ဂဆုံးဖြတ်ချက်နဲ့ ဖြေရတဲ့မေးခွန်း။ တစ်ခုခုကို အမှားလုပ်လိုက်သည်နှင့် အမည်းစက်တစ်စက်က စွန်းထင်းလာမယ်။ဖြေဆေးဆိုတာရှိချင်မှရှိလိမ့်မယ်။ ကံကြမ္မာဆိုတာ ယိုးမယ်ဖွဲ့စရာမဟုတ်သလို ငိုကြွေးကာ တောင့်တလို့ရတဲ့အရာလည်းမဟုတ်။ ကိုယ်လုပ်လို့ကိုယ်ဖြစ်လျှင်ကိုယ်ခံ။ ကိုယ်လုပ်လို့ကိုယ်ဖြစ်လျှင်ကိုယ်စံရမယ်။ လိုအပ်ချက်ကသတ္တိ။ အမှားရော အမှန်ကိုပါ ရင်ဆိုင်ရဲတဲ့သတ္တိ။ နောင် ဘယ်လိုပဲအဖြေထွက်လာပါစေ နောက်တွန့်မည်မဟုတ်တော့တဲ့စိတ်ဓာတ်နဲ့ ဆေးခန်းသို့ သူခြေဦးတည့်လိုက်တော့တယ်။ ။

ဝတ္ထုတို

# ပင်လယ်ပျော်မဟုတ်သော ဇင်ယော်

နီလာဦး(မန္တလာမြေ)

မော်တင်စွန်းကမ်းခြေ နေရောင်ခြည်အောက်တွင် တန်ခိုးကြီးသော မော်တင်စွန်း စေတီတော်မြတ်ကြီးသည် ရွှေရောင်တွေ တဝင်းဝင်းလက်ကာ သပ္ပာယ်စရာ ကောင်းလွန်းလှသည်။ ကောင်းကင်ပြာပြာရယ်၊ နေမင်းကြီးရယ်၊ ပင်လယ်ရေပြင်ပြာပြာပေါ်သို့ အရိပ်ကျနေသော စေတီကြီးရယ်သည် ဘယ်ပန်းချီဆရာမှ မခြယ်မှုန်းနိုင်သော အလှတရားပင် ဖြစ်ပေလိမ့်မည်။

"ပိုက်ဆွဲလိုက်ဦး"

"မျှင်တွေပါလာပြီဟ"

"ပိုက်ကို သေချာဖြန့်ပြီးမှ ဆွဲပါဟ"

ရေလုပ်သားများ၏ စကားပြောသံ၊ တဝေါဝေါမြည်နေသည့် ပင်လယ်အော်သံ၊ လှိုင်းပုတ်သံ၊ မော်တော်တဘုတ်ဘုတ်စက်မောင်းသံ၊ ကျေးငှက်များ၏ တွန်ကျူးသံများသည် အသက်မဲ့သော ပင်လယ်ပြင်ကြီးကို အသက်ဝင်လာအောင် အသက်သွင်းနေသလိုပင်။ မော်တင်စွန်းကမ်းခြေမှ ဒေသခံများသည် တောင်တက် ထင်းခွေခြင်း၊ ငါးဖမ်းခြင်း၊ ကျောက်ကျောရှာဖွေခြင်း၊ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းများဖြင့် အသက်မွေးဝမ်း ကျောင်းကြသည်။ သို့သော် တောကောင်ဆင်ရိုင်းများရဲ့ အန္တရာယ်ကို ကြောက်ရွံ့၍ တောင်ယာလုပ်ငန်းကို မလုပ်ကိုင်ဝံ့ကြတော့။ ဝမ်းစာအတွက် ပင်လယ်ပြင်ကြီးကိုသာ မှီခိုအားထားရတော့သည်။

ရေလုပ်သား ၁၅ ဦးခန့်သည် ပိုက်ကွန်ကို ဒူးဆစ်ခန့်မြုပ်နေသောရေပြင်ပေါ်သို့ ဖြန့်ခင်းလိုက်ကာ အုပ်စုလိုက် မျှင်ဖမ်းနေကြသည်။ မလှမ်းမကမ်းတွင် လူ ၂၀ ကျော်ခန့်က တနိုင်တပိုင် တစ်ဦးချင်း မျှင်ဖမ်းနေကြသည်။ ပင်လယ်ကမ်းခြေသည် ရေလုပ်သားများနှင့် စည်ကားနေသည်။

တနိုင်တပိုင် တစ်ဦးချင်း မျှင်ဖမ်းသည်ဆိုသည်မှာ လူတစ်ရပ်ခန့် ဝါးနှစ်လုံးကို ကြက်ခြေခတ်ထားကာ ကြက်ခြေခတ်၏ နှစ်ဖက်တွင် ပိုက်ကွန်ခပ်စိပ်စိပ်ကို တပ်ဆင်ထားသည်။ ပိုက်ကွန်တပ်ဆင်သည့် နှစ်ဖက်ကို ရေအောက်သို့လဲလျက်ထားကာ ကျန်ဝါးနှစ်ဖက်ကို လူက ကိုင်ပြီး ရေပြင်ထဲတွန်း၍ လမ်းလျှောက်ရလေသည်။ မကြာမီ ရေအောက်နှစ်ထားသည့် ပိုက်ကွန်ထဲတွင် မျှင်ကောင်လေးများ ကပ်ငြိလာသည်။ မျှင်ကောင်လေးများကို ငါးပိဖြစ်အောင်ပြုလုပ်ပြီးသောအခါ လက်ထိုးမျှင်ငါးပိဟု ခေါ်ဝေါ်ကြသည်။

"ဟေ့ကောင် ဇင်ယော် မပြန်သေးဘူးလား"

"အေး ဒီတစ်ခေါက်ပြီးရင် ပြန်မယ်ဖိုးထောင်၊ ငါ့ကို ခဏစောင့်ပေးဦး"

ဇင်ယော်သည် ကြက်ခြေခတ်ဝါးနှစ်တိုင်ကို ခါးထိနစ်မြုပ်နေသော ရေပြင်ထဲတွင် တွန်းကာလမ်းလျှောက်ရင်း တစ်ကိုယ်လုံးရေတွေ စိုရွှဲကာ ကျောက်ကျောရှာ ပြန်လာသည့် ဖိုးထောင်ကို လှမ်းအော်လိုက်သည်။ ဒေသခံအခေါ်အဝေါ်အရ ကျောက်ကျောရှာသည်ဟု ဆိုကြသည်။ တကယ်တော့ ကျောက်ကျောလုပ်သည့် ကုန်ကြမ်းဖြစ်သော ပင်လယ်ရေညှိကို ခွာယူခြင်းပင်ဖြစ်သည်။

ကျောက်ကျောရှာဖွေခြင်းသည် လွယ်ကူသည့် အလုပ်တော့ မဟုတ်။ ပင်လယ်ကမ်းစပ်နဲ့ မလှမ်းမကမ်းက ရေအောက်ရှိ ကျောက်တုံးတွေပေါ်တွင် ကပ်ငြိနေသော ကျောက်ကျောလုပ်သည့် ရေညှိများကို ခွာယူရသည်။ ခေါင်းတွင် ရေငုပ်မျက်မှန်ကို တပ်ဆင်ပြီး ရေအောက်ရှိ ကျောက်ဆောင်တွေပေါ်တွင် ရေညှိရှိ၊ မရှိ ရေငုပ်ကာ ရှာရသည်။ လက်တစ်ဖက်က ကျောက်ကျောထည့်သည့် ပိုက်ကွန်ကိုကိုင်ပြီး ကျန်လက်တစ်ဖက်နှင့် ခြေနှစ်ချောင်းက ရေပြင်တွင်ကူးခတ်ကာ ကျောက်ဆောင်တစ်ခုနှင့် တစ်ခုကြား ကူးလူးသွားကာ ရေညှိရှာရလေသည်။

ဇင်ယော်ဆိုတာ အသက်(၁၄)နှစ်အရွယ် ကောင်လေး။ နီကြောင်ကြောင် ဆံပင်မွေး၊ မည်းညစ်ညစ်ကျောကုန်း၊ ကြီးမားသည့် လက်ဖဝါး၊ ကွဲအက်နေသည့် ခြေဖဝါးတွေသည် နေပူပူမှာ အလုပ်ကြမ်းလုပ်ထားခြင်းကို သက်သေထူနေခြင်းပင်။

ဇင်ယော်သည် ကမ်းပေါ်သို့တက်လာကာ သဲသောင်ပြင်ပေါ်တွင် ပစ်လှဲထိုင်လိုက်သည်။ ထို့နောက် ပိုက်ကွန်ထဲက မျှင်တွေကို နှီးတောင်းကလေးထဲသို့ ထည့်လိုက်သည်။ ဖိုးထောင်သည် ရေငုပ်မျက်မှန်ကို ချွတ်လိုက်ပြီး နှီးတောင်းကို ငုံ့ကြည့်ရင်း

"ဟေ့ကောင် ဒီနေ့မျှင်တွေရလှချည်လား"

"မင်းရော အဆင်ပြေလား"

"အေး မဆိုးပါဘူး၊ နောက်ရက်လောက်ဆိုရင်တော့ ကျောက်ကျောရှာဖို့ မလွယ်တော့ဘူးကွ၊ ငါပိုက်ပစ်ရတော့မယ်"

ဖိုးထောင် ညည်းလည်း ညည်းချင်စရာပင်။ ကျောက်ကျောရှာသည့် ရာသီနှင့် ဒီရေအတက်အကျကို လိုက်၍ ကျောက်ကျောရှာဖွေခြင်းအလုပ်သည် တစ်လမှ ၁၀ ရက်ခန့်သာ ရှိလေသည်။ မျှင်ဖမ်းသည့် အလုပ်ကလည်း နေ့တိုင်းမျှင်များများ ရတတ်သည်မဟုတ်။ တချို့ရက်တွေဆိုရင် မျှင်အရပါးတတ်သည်။

ဇင်ယော်သည် ကမ်းကပ်လာသည့် လှေပေါ်မှ ဦးလေးဒင်ကို လှမ်းနှုတ်ဆက်လိုက်သည်။

"ဦးလေးဒင် ဒီနေ့ငါးဖမ်းရတာ အဆင်ပြေလား"

"အဆင်မပြေပါဘူး ငါ့တူရာ၊ တစ်နေကုန်ပိုက်ပစ်တာတောင် ရောင်းဖို့မပြောနဲ့ အိမ်စားဖို့တောင် အနိုင်နိုင်ပါကွာ"

ဦးလေးဒင်သည်ရေစက်လက်ဖြစ်နေသော လှော်တက်ကို လှေပေါ်ပစ်တင်ကာ လှေကို တိုင်မှာချည်ရင်း ညည်းလေသည်။ ဦးလေးဒင် ညည်းလည်း ညည်းချင်စရာပင်။ အခုတလော ဒုံးလှေကြီးများဖြင့် ငါးဖမ်းခြင်း၊ မြှုးထောင်ခြင်း၊ ငါးမီးထွန်းခြင်း စသည့် ခေတ်မီနည်းစနစ်များဖြင့် တွင်တွင်ကျယ်ကျယ် ငါးဖမ်းလုပ်ငန်း အကြီးစားများကြောင့် တနိုင်တပိုင် လှေငယ်လေးများဖြင့် ဝမ်းစာရှာသူတို့အတွက် ဝမ်းဝဖို့ပင် ခက်ခဲလာသည်။ တံငါသည် နင်းပြားတို့ဘဝ ထမင်းအိုးကွဲရပြီ။ မျက်စိတဆုံးမကြည့်ဘဲ မျက်မွေးတစ်ဆုံးသာကြည့်သည့် လောဘသမားများသည် ငါးသားပေါက်များ၊ ပုစွန်သားပေါက်များပါမကျန် ဖမ်းဆီးခြင်းကြောင့် ငါး၊ ပုစွန်များပင် ရှားပါးလာပြီ။

ဇင်ယော်သည် ပိုက်ကွန်တပ်ထားသည့် ဝါးနှစ်လုံးကို ပခုံးပေါ်တွင် ထမ်းလိုက်သည်။ သူငယ်ချင်းနှစ်ယောက် သဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်ရင်း စကားလေး တပြောပြောနှင့် ပင်လယ်ကမ်းခြေမှ တဖြည်းဖြည်းဝေးကာ ရွာသို့ လှမ်းလာခဲ့သည်။ နေပင် အတော်မြင့်နေပြီ။

သုံးပင်နှစ်ခန်းတွဲ ဓနိမိုးအိမ်လေးထဲ လှမ်းဝင်လိုက်တော့ အမေနဲ့ ညီမလေးနှစ်ယောက်ပင် ထမင်းပွဲပြင်နေပြီ။ ထမင်းစားပွဲဝိုင်းအပုလေးဘေးတွင် ထိုင်ကာ ထမင်းပွဲပြင်နေသည့် အမေက-

"ဟဲ့ သား ဇင်ယော် လက်တစ်ခါတည်းဆေး၊ ထမင်းစားရအောင်၊ နေမြင့်နေပြီ ဆာနေရောပေါ့"

"ဟုတ်အမေ လက်ဆေးလိုက်ဦးမယ်"

ဇင်ယော့်တွင် ဆယ့်နှစ်နှစ်အရွယ် မိဆုန်နှင့် မိတုန်ဟုခေါ်သော အမြွှာညီမလေး နှစ်ယောက်ရှိသည်။ အမေသည် ဇင်ယော်ဖမ်းလာသည့် မျှင်များကို ပလတ်စတစ်ပုံးထဲတွင် ထည့်ကာ သဲများ၊ ကျောက်များ မပါစေရန် ရေဆေးလေသည်။

"ဒုန်း ဒုန်း ဒုန်း"

မိဆုန်နှင့် မိတုန်သည် မျှင်များကို အမြင့် ဒူးလောက်ရှိသည့် လူကြီးတစ်ယောက်ဖက်စာလောက်ရှိသော ကျောက်ငရုတ်ဆုံထဲတွင် ထည့်ကာ ဆားအတိုင်းအတာနှင့် ထည့်ပြီး လူတစ်ရပ်ခန့်ရှိသော သစ်သားကျည်ပွေ့ဖြင့် မတ်တတ်ရပ်လျက် အားရပါးရ ထောင်းလေသည်။

"သမီးတို့ သွက်သွက်လေး ထောင်းအေ့၊ နေမဝင်ခင်လေး အမေ ငါးပိဒိုင် ပြေးရအောင်လို့"

"ဟုတ်ကဲ့ အမေ"

မိဆုန်သည် နဖူးမှချွေးကို အင်္ကျီလက်နဲ့ သုတ်ရင်း ပြောလိုက်သည်။ အသက် (၁၂)နှစ်ဆိုပေမယ့် အလုပ်ကြမ်းလုပ်ရသော သူတို့သည် ထောင်ထောင်မောင်းမောင်းနှင့် ရှိရင်းအသက်ထက်ပင် ပိုကြီးသည်ဟု ထင်ရပေသည်။ မတ်တတ်ရပ်လျက် နှစ်နံစပ်ထဘီလေးကိုမကာ အားအင်အပြည့်ဖြင့် မျှင်ထောင်းနေကြသည့် မိဆုန်နှင့် မိတုန်သည် သားတစ်ယောက်ကဲ့သို့ပင် အားကိုးရလေသည်။

အိမ်ထဲက ကြမ်းပြင်ပေါ်တွင် ဇင်ယော်သည် အုန်းသီးအခွံများကို တံစဉ်းဖြင့်တိုက်ကာ ဖြတ်တောက်နေသည်။ အုန်းသီးခွံလေးများဖြင့် ပန်းအိုး၊ ရေနွေးခွက်၊ ဝိုင်ခွက်၊ ဆေးလိပ်ခွက်များ ပြုလုပ်ရန်အတွက် ဖြစ်သည်။ ဇင်ယော်သည် အုန်းသီးခွက်များကို ကျွန်းရောင်ဆေးသုတ်ရင်း ငါးပိထောင်းနေသော နှမများကို လှမ်းပြောလိုက်သည်။

"ဘုရားပွဲကျရင်တော့ ငါ့နှမတွေကို အင်္ကျီအသစ်ဝယ်ပေးရမယ်ဟေ့"



"တကယ်ပြောတာလား ကိုကြီး"

"တကယ်ဝယ်ပေးမှာပေါ့ဟ"

"ဟေး ပျော်စရာကြီး"

ဘာလိုလိုနဲ့ မော်တင်စွန်းဘုရားပွဲတော်ပင် နီးလေပြီ။ အမေသည် ထောင်းထားသည့် မျှင်များကို လက်ဖြင့် အဆုပ်ကလေးများလုပ်ကာ နေလှန်းလေသည်။ မကြာမီ မိဆုန်နှင့် မိတုန်သည် နေလှန်းထားသည့် အဆုပ်ကလေးများကို ယူကာ ငရုတ်ဆုံတွင် ထည့်ကာထောင်းပြန်သည်။ ထို့နောက် အဆုပ်ကလေးများလုပ်ကာ နေလှန်းပြီး ပြန်ထောင်းပြန်သည်။ ထပ်ကာထပ်ကာ မျှင်များ မှုန့်မှုန့်ညက်ညက် ကြေညက်သည်အထိ ထောင်းပြီးလျှင်တော့ စိမ်းစားမျှင်ငါးပိရလေသည်။ အမေသည် ရလာသည့် စိမ်းစားမျှင်ငါးပိများကို ဘောလုံးတစ်လုံး အရွယ်အစားခန့် အလုံးများလုံးကာ စားပွဲပေါ်တွင် စုပုံထားသည်။ ထို့နောက် ခြင်းထဲထည့်ကာ ငါးပိဒိုင်သို့ ပြေးလေသည်။

ဇင်ယော်သည် အိပ်ခန်းထဲတွင် စားပွဲဝိုင်းအပုလေးဖြင့် ပုံတူပန်းချီဆွဲရင်း ဝေ့သီလာသည့် မျက်ရည်စများကို မျက်တောင်ဖြင့် ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်သည်။ သူ့ရင်ထဲတွင် ကျောင်းအရမ်းနေချင်သည့် ဆန္ဒလေးကို ချိုးနှိမ်ထားရသည်။ အမေ့ကို ကျောင်းနေချင်တယ်လို့လည်း မပူဆာရဲ။ ဝမ်းရေးက အရေးကြီးသည့် သူ့တို့ဘဝအတွက် အမေသိရင် စိတ်ဆင်းရဲတာသာ အဖတ်တင်ပေလိမ့်မည်။

တကယ်တော့ ဇင်ယော်သည် ဒီနှစ်ဆယ်တန်းတက်ရမည့် ကျောင်းသားတစ်ဦး ဖြစ်သည်။ သို့သော် မနှစ်က အဖေ ရုတ်တရက်ဆုံးပါးသွားသည့်အတွက် ကျောင်းနေချင်ပေမယ့် သားကြီး ဩရသ အဖေ့အမွေလေး ပခုံးထမ်းလိုက်ရသည်။ အဖေ့ပခုံးပေါ်က မျှင်ဖမ်းသည့် ဝါးနှစ်လုံးနှင့် တပ်ဆင်ထားသည့် ပိုက်ကွန်ကို သူ့ပခုံးပေါ်သို့ ပြောင်းလိုက်ရသည်။ နှစ်စဉ်စာမေးပွဲတိုင်းတွင် ပထမရသည့် သူ့ကို အဖေက-

"အဖေတို့ တံငါသည်ဆိုတာ မုဆိုးတံငါ၊ ပယ်လေးရွာဆိုတဲ့အတိုင်း ငရဲမကင်းပါဘူး၊ ထူးချွန်တဲ့ ငါ့သားကြီးကို အဖေ့လို တံငါသည် မဖြစ်စေရဘူး၊ ငါ့သား ဆုံးခန်းတိုင်အောင် ပညာသင်ရမယ်၊ ကျောင်းတက်ရမယ်၊ အဖေ ကြိုးစားပြီး ရှာမယ် ငါ့သားပညာတတ်ကြီး ဖြစ်ရမယ်" လို့ သူ့ပခုံးကိုဖက်ကာ အမြဲပြောခဲ့တဲ့ အဖေ့ကို သူသတိရမိသည်။

သူသည် ပင်ကိုဉာဏ်ရည် ဉာဏ်သွေး ထက်မြက်သူဖြစ်သည်။ စာရေးစာဖတ် ဝါသနာထုံသည်။ နေ့စဉ် စာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း အလုပ်ကို ပြုလုပ်လေ့ရှိသည်။ သူ၏ အထူးခြားဆုံးပါရမီကား ပုံတူပန်းချီဆွဲခြင်းပင်ဖြစ်သည်။ သူ၏အခန်းအတွင်းတွင် သူအားကျရသည့် သိပ္ပံပညာရှင်ကြီးများ၏ ပုံတူများ၊ သူလေးစားရသည့် ပုဂ္ဂိုလ်များ၏ ပုံတူများကို အပြည့်ချိတ်ဆွဲထားသည်။

တကယ်တော့ သူတံငါအလုပ်ဖြင့် အသက်မမွေးချင်ပေ။ ဟိုးမြို့ကြီးပြကြီးက တက္ကသိုလ်မှာ ခေတ်ပညာတွေ သင်ယူလိုသည်။ စာကြိုးစားလိုသည်။ လုံ့လ၊ ဝီရိယ အားထုတ်လိုသည်။ ပန်းချီပညာကောင်းကောင်း သင်ယူလိုသည်။ သို့သော် ကံ၊ ဉာဏ်၊ ဝီရိယတွင် ဉာဏ်နှင့် ဝီရိယသာ အားကောင်းပေမယ့် သူ့မှာ ကံပါမလာတော့ ပညာရေးက တစ်ပိုင်းတစ်စ။ ကမ္ဘာသကာ-ကံသာလျှင် အမိ၊ ကံသာလျှင် အဖ။ သူ့ဘဝက သွေးခွင့်မရတော့ မှန်ကူကွက်ကလေးတွေ ပေါ်ခွင့်မရတဲ့ အဖိုးတန် စိန်ရိုင်းလေးတစ်ပွင့်။

ဇင်ယော်သည် ခေါင်းစွပ်ခတ်မီးလေးကို ထွန်းရင်း အဖေ့ပုံတူကို ခဲကြောင်းလေးဆွဲလိုက်သည်။ မီးမရှိသည့် သူတို့ရွာတွင် နဖူးကလင်းနေသည့် ခတ်မီးကိုသာ အားကိုးရသည်။ စာရွက်ဖြူပေါ်တွင် ခဲတံနှင့် အဖေ့ရဲ့ မျက်နှာကျကို အရင်ကောက်ကြောင်းဆွဲလိုက်သည်။ နဖူးမှ ခတ်မီး အလင်းရောင်သည် စာရွက်ဖြူပေါ်တွင် ထင်းခနဲ လင်းလေသည်။ ပါးပြင်ပေါ်မှ လိမ့်ဆင်းလာသည့် မျက်ရည်များသည် စာရွက်ဖြူပေါ်သို့ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ပြုတ်ကာကျသည်။ အင့်ခနဲ ထွက်သွားသည့် ငိုရှိုက်သံကို အိမ်ရှေ့ခန်းတွင် အိပ်နေသည့် အမေမကြားအောင် ပါးစပ်ကို လက်ဖြင့် အတင်းအုပ်လိုက်သည်။

"အောက်အီးအီးအွတ်"

မနက်ခင်း အရုဏ်တက်ပြီ။ ဇင်ယော်တစ်ယောက် မျက်နှာကို ကပျာကယာသစ်ကာ မျှင်ဖမ်းသည့် ဝါးနှစ်လုံးပါသည့် ပိုက်ကွန်ကို ပခုံးပေါ်တွင်ထမ်းကာ ပင်လယ်ပြင်ဆီသို့ လျှောက်လာခဲ့သည်။ အမေနှင့် ညီမလေးနှစ်ယောက် ဝမ်းဝဖို့အရေး၊ ခါးလှဖို့အရေးအတွက် ဒီနေ့ မျှင်များများရမှ ဖြစ်မည်။

ပင်လယ်ကမ်းခြေတစ်လျှောက်က အုန်းပင်တန်းတွေသည် ပင်လယ်လေအတိုက်တွင် ယိမ်းနွဲ့သွားကြသည်။ ကမ်းခြေတွင် သူလိုဘဝတူ ရေလုပ်သားတွေ ရောက်နှင့်နေကြပြီ။ အသက် (၁၄)နှစ်သာရှိသေးသည့် ကျောင်းနေရမည့်အရွယ်လေး ဇင်ယော်သည် ဇင်ယော်ငှက်တစ်ကောင်လို ပင်လယ်ပြင်မှာ နေ့စဉ်ကျက်စားကာ ဝမ်းစာရှာဖွေစားသောက်နေရသော်လည်း ဟောဒီပင်လယ်ပြင်မှာ သူတစ်ရက်ကလေးမှ မပျော်မွေ့ပေ။

မိုးကောင်းကင်ပြာပြာနဲ့ ပင်လယ်ရေပြင်ပြာပြာတွေကြားက ပင်လယ်အော်သံ၊ လှိုင်းပုတ်သံ၊ ကျေးငှက်တို့တွန်ကျူးသံ၊ မော်တော်စက်နှိုးသံ၊ နေရောင်ခြည်အောက်တွင် ပင်လယ်လေကြောင့် မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဆည်းလည်းလေးများ တချွင်ချွင်မြည်သံတို့သည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းမကျသည့် တံငါသည်လေးကို ဝိုင်းဝန်းနှစ်သိမ့် အားပေးနေကြတော့သည်။ ။

ဒီဇင်ဘာနဲ့ အားကစား

○ ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်
နင်းငွေ့တွေက တဖြိုင်ဖြိုင်
ထိုင်လိုက်ထလိုက် လှုပ်လှုပ်ရှား
ဒီဇင်ဘာရဲ့ နံနက်များ။

○ ပြေးလွှားသူလည်း ပြေးလို့နေ
လမ်းလျှောက်သူလည်း ရှိသလေ
သွေးပူပါစေ ကိုယ်ကာယ
ဥတုဒဏ်မှ ကင်းစေရ။

○ ကလေးမှစ လူကြီးအရွယ်
နေ့စဉ်ကာယ လေ့ကျင့်မယ်
ချမ်းတယ် အေးတယ် အမှတ်မထား
လမ်းလျှောက်ပါစို့ နင်းတွေကြား။

○ အဆုတ်အားအတွက် အသက်ရှူ
ကျန်းမာစဉ်က သတိမူ
ကျန်းမာသူရဲ့ လာဘ်လာဘ
ငွေထက်တန်ဖိုး ရှိပေစွ။ ။

မေနွယ်စိုး(မြန်မာစာ)

သင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံ-ဧည့်သောင်းမြို့ (CGTI)

မြတ်ဆရာပူဇော်ပွဲ နှင့် မိတ်ဆုံညစာစားပွဲ (၂၀၁၇)

မိတ်ကြားလွှာ

GTI-TTTI-EGTI


မြတ်ဆရာပူဇော်ပွဲ အတွက်တာနှ KBZ Account နံပါတ်

Young Learners Go!
For Trip Vacation

ကလေးများအတွက်

လေ့လာရေးခရီးသွားသုံး အင်္ဂလိပ်စကားပြော

ထွက်ပြီ - Tel : 09-73005882, 09 7300 2965, 09 5036275



AUTRON
နားကြားကိရိယာ
10% off
(18.12.17 To 29.12.17)

Free Test

(Ready made & Custom made CIC, ITC, ITE)
(Behind The Ear & Pocket Hearing Aids)
(Digital & Programmable Hearing Aids)



အမျိုးသမီးများအခွင့်အရေး

ဦးသိန်းကိုကို

(မြန်နှယ်တရားလွှတ်တော်တရားသူကြီး)

ထွက်ပြီ - Tel : 09-73246980, 09 73043873, 09 450017070



မြေရောင်းရန်

ပေ(၄၀×၆၀)၊ ၃၇သိန်း
ဒဂုံမြို့သစ်၊ ပွဲစားမလို။

ဖုန်း-၀၉-၇၆၃၆၂၈၈၆၈

တိုက်သစ်နှင့်ခြံပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁၀)မိုင်ကုန်း မာဃလုလင်လမ်း၊ ခြံ ပေ(၄၅×၈၈)၊ တိုက် ပေ(၃၅×၅၅)
R/C ၂ထပ်ခွဲ၊ ဂရန်အမည်ပေါက်

Ph:09-961102444
09-255848885
09-970099198


## အသိပေးကြော်ငြာခြင်း

WA Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီး Yone Min Development မှ တည်ဆောက်မည်ဖြစ်သော အမှတ်(၄၀)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ရှိ "Luxury 40 Apartment"၊ (၆)ထပ် အဆောက်အအုံ၏ စတုတ္ထထပ်၊ အခန်းအမှတ်(B-402)အား ဦးသိန်းဇံ[၁၂/ ဒဂန(နိုင်)၀၀၀၂၅၂]နှင့် ဒေါ်သဲစုငြိမ်း[၁၂/ကတတ(နိုင်)၀၂၈၄၅၀]သည် တစ်ဦးတည်း ဝယ်ယူထားသူဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**WA Company Limited**
**Yone Min Development**

## အသိပေးကြော်ငြာခြင်း

WA Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီး Yone Min Development မှ တည်ဆောက်မည်ဖြစ်သော အမှတ်(၅၆)၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ "9 Apartment"၊ (၈-)ထပ် အဆောက်အအုံ၏ Penthouse ထပ်၊ အခန်းအမှတ်(A-009) အား ဦးညီနိုဝင်း[၁၂/လသန(နိုင်)၀၂၂၃၀၀]သည် တစ်ဦးတည်း ဝယ်ယူထားသူဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**WA Company Limited**
**Yone Min Development**

### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆၉ နှင့် ဆက်သွယ်သည့်
### ၂၀၁၇ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇၃

ဦးကျော်ဝင်း နှင့် ဦးအောင်ကိုလင်း
ဒီကရီအနိုင်ရသူ တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ (၅)လမ်း၊ အမှတ်-၁၈၊ (ဒုတိယထပ်)အလယ်နေ ဦးအောင်ကိုလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တိုက်ကြီးမြို့နယ် တရားမရုံးတော်၌
### ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၂

ကိုဟိန်းဇေယျာဖြိုး နှင့် မခင်ခင်သက်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၇)၊ မာလာလမ်း၊ လှည်းတန်းရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူ တရားပြိုင် မခင်ခင်သက်(ဘ)ဦးထွန်းမြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်၊ (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အာကာစိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တိုက်ကြီးမြို့နယ်တရားရုံး**


ရွှေသုန္ဒရီ

SHWE THONEDARY

(FDA) 1501PC0025, Notification Number Shwe Thonedary Thanakha Facial Day Cream(MN 17099697), Thanakha Facial Night Cream (MN 17099696), Thanakha Sunscreen (MN 17099694), Thanakha Facial Moisturizing Cream (MN 17099693), Thanakha Aloe Vera Facial Cleansing Gel (MN 17099698), Thanakha Gold Essence (MN 17099699), Thanakha Facial Gold Gel (MN-17099700)Thanakha Gold Body Lotion(MN17099701),Thanakha Gold Serum (MN 17099702), Thanakha Facial Mask MN (17099695) နှင့် Myat Noe Wadi Thanakha Perfume (MN 17099690), Thanakha KSH Beauty ProductGroup မှ Asean GMP

Online, Offline

KSH Beauty Product (Brand Owner) Skin Care,Hair Care,Perfume နှင့် Soap Bar OEM/ODM Contract Manufacturing

KSH Co., Ltd.

KSH Co.,Ltd.
E-Mail:k@kshproducts.com
Website:www.shwethonedary.com, www.facebook.com/shwethonedaryofficial


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
THE GLOBAL COMPACT
Global Compact Network (Myanmar)
သီတင်းကျွတ်အထူးအစီအစဉ်
PREMIER
ORIENT Professional
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ကဂုဏ်
KG only
၁ ဂါလံ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၂၀၀၀ ကျပ် ရယူပါ...
Promotion ကာလ ▶ ၁-၁၀-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇

## ~ ရှိတ်ပိတ်တင်ဒါခေါ်ဆိုခြင်း ~

မိုးကုတ်နှစ် ၈၀၀ ပြည့်အခမ်းအနား ပွဲတော်ကြီးကို မတ်လ ၂၀၁၈ ခုနှစ်တွင် ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်နှင့်အညီ မိုးကုတ်နှစ် ၈၀၀ပြည့် လိုဂိုအမှတ်တံဆိပ်အသုံးပြုကာ အမှတ်တရပစ္စည်းများ ထုတ်လုပ်ရန် လိုင်စင်ကို တင်ဒါလေလံဈေးဖြင့် ခေါ်ဆိုပါသည်။

၁။ ကြမ်းခင်းဈေး သတ်မှတ်ထားခြင်း မရှိပါ။ မိမိပေးလိုသော အမြင့်ဆုံးဈေးကို တင်ပြနိုင်ပါသည်။

၂။ လိုဂိုအမှတ်တံဆိပ်ဖြင့် အင်္ကျီ၊ ဦးထုပ်၊ သော့ချိတ်၊ ခွက်၊ ထီး၊ ကျောက်ပန်းချီ စသည်တို့ကို ထုတ်လုပ်နိုင်ပါသည်။ အခြားအရာများ ထုတ်ချင်ပါက တင်ပြနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက် ၂၀ ရက် ဒီဇင်ဘာ ၂၀၁၇။

၄။ အနိုင်ရသောသူ (သို့မဟုတ်) အနိုင်ရသော အဖွဲ့အစည်းသာ လိုဂို အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းထုတ်လုပ်နိုင်ခွင့် ရှိပါမည်။ ပွဲမစခင်မှ ပွဲပြီးသော မတ်လ ၃၁ ရက်နေ့ထိ စီမံခန့်ခွဲ နိုင်ပါသည်။ တရားမဝင်ထုတ်လုပ်သူများ ရှိပါက တည်ဆဲဥပဒေများအတိုင်း ဆောင်ရွက် အရေးယူပါမည်။

၅။ အိတ်ပိတ်ထားသော ဈေးကို အောက်ပါလိပ်စာများတွင် လိပ်မူပေးပို့နိုင်ပါသည်။

(က) ရန်ကုန်မြို့မိုးကုတ်နှစ် ၈၀၀ ပြည့်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ၊
ရွှေလိပ်ပြာ ဟိုတယ်၊ ၁၂ ကိုယ်မင်းကိုယ်ချင်းလမ်း၊ ဗိုလ်ချို (၁) ရပ်ကွက်၊ ပေါက်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁ ၅၄၃၂၂၆၇၊ ၀၁ ၅၄၃၁၉ ၈၈၊ ၀၉ ၇၃၈၉ ၇၅

(ခ) မန္တလေးမြို့ မိုးကုတ်အသင်းတိုက် ဦးဝင်းလှိုင်၊ ၂၂ လမ်း ( ၈၆ × ၈၇) ကြား၊ အောင်မြေသာစံမြို့နယ်၊
ဖုန်း ၀၂၇၁၁၆၀

(ဂ) မိုးကုတ်မြို့ မြတ်စေတနာအသင်း၊ ဦးဇော်ဝင်း၊ ဖုန်း ၀၉ ၄၃၀၆၀၇၁၃

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ် ဘဏ္ဍာငွေလုံးငွေရင်းဖြည့်စွက်နှင့် ခေါင်းစဉ်ပြောင်း ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း (Lot 7ခု), Turnkey လုပ်ငန်း (Lot 62ခု)အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၁၂-၁၂-၂၀၁၇ရက်တွင် စတင်ရောင်းချပြီး ၂၉-၁၂-၂၀၁၇ရက် ၁၆း၀၀နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ
မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊
မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၅၉၁၉၊ ၀၉-၈၇၂၅၅၇၂၊
၀၉-၈၇၂၅၅၇၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lotအလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန်(မက်တန်) | သိုလှောင်ထားရှိရာဒေသ | တင်ဒါပိတ်မည့်နေ့ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၂၅. ၈၁၅ | ထားဝယ် | ၁၇-၁-၂၀၁၈ ၁၄း၀၀နာရီ | F.O.B(ထားဝယ်) |
| ၂ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တု (Tin & Wolfram Mixed Concentrate) | ၈၀. ၈၀၁ | | | |
| ၃ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၁၇. ၇၂၀ | မြိတ် | ၁၇-၁-၂၀၁၈ ၁၄း၀၀နာရီ | F.O.B(မြိတ်) |
| ၄ | ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာသတ္တု (Tin-Wolfram-Scheelite Mixed Concentrate (65%minimum) | ၄. ၈၅၆ | လှိုင်ကော် | ၁၈-၁-၂၀၁၈ ၁၄း၀၀နာရီ | F.O.B(လှိုင်ကော်) |
| ၅ | ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာသတ္တု (Tin-Wolfram-Scheelite Mixed Concentrate) (55%minimum) | ၁၁၁. ၃၆၉ | လှိုင်ကော် | ၁၈-၁-၂၀၁၈ ၁၄း၀၀နာရီ | F.O.B(လှိုင်ကော်) |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## အမြန်ငှားမည်။

သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းမကြီးပေါ်ရှိ ဝေဇယန္တာကွန်ဒို Orange Market အပေါ်ထပ် (၉)လွှာ အသင့် (ပြင်ဆင်ပြီး) ဧရိယာ ပေ (၁၃၀၀) အခန်းအား ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည်။
ဖုန်း - ၀၁ - ၂၀၂၈၁၁၊၀၁ - ၂၉၃၆၄၄၊
၀၁ - ၂၉၁၄၄၃

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပုဂံညောင်ဦးဒေသရှိ လေဆိပ်အနီး Hotel ဆောက်လုပ်ရန်(ဂရံမြေ) လက်ရှိဆောက်လုပ်ရန် ရှိသော Hotel Project မြေနေရာရှိ ၄.၉ ဧက (သို့) တစ်ကွက်ခွဲ၍ ထိုက်သင့်သော ဈေးနှုန်းဖြင့် ရောင်းမည်။
ဆက်သွယ်ရန် - ၀၉ - ၄၂ ၁၁၀ ၆၅၈၈

## ကွန်ဒိုတိုက်ခန်း အမြန်ရောင်းမည်


ပေ(၂၆×၆၀) ဆိပ်ကမ်းသာအပေါ်လမ်း ကျောက်တံတားမြို့နယ်၊ လမ်းကျယ်။
ဈေး-၁၅၇၀ (၁၁-လွှာ)
အခန်း(၂)ခန်းဖွဲ့ထား၊ ပါကေးအပြည့်ခင်းထား။ **ဖုန်း-၀၉-၉၅၅၂၂၅၃၃**
**၀၉-၄၀၀၉၇၃၆၅၄**

## Condo တိုက်ခန်းအမြန်ရောင်း၊ ငှားမည်

သိမ်ဖြူလမ်း၊ မြေညီထပ်20'x60' RC ထပ်ခိုး၊ ၃၀၊ ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းကြား၊ Lift ပါ ကြိုးဖုန်း၊ Car Parking (၂)စီး
1800-Sqft
ဖုန်း-09-8631105, 09-428631105
ရောင်း-2700သိန်း၊ ငှား-14သိန်း




## ရွှေသမင်



## အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်

- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- အပင်ဖျက်ပိုးများမလာအောင် ကာကွယ်နည်းနှင့် နှိမ်နင်းရန်နည်းလမ်းများ
- အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

စသည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော•••

## အော်ဂဲနစ်စိုက်ပျိုးရေး၊
## အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး

(တတိယအကြိမ်)

**ဒေါက်တာခင်မောင်လှိုင် (FAME)**

**Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609**

## တိုက်သစ်ရောင်းမည်

ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ ပေ(၂၅×၅၀) (၅-လွှာ) ကိုရီးယားပါကေးခင်း၊ အခန်းဖွဲ့ပြီး၊ ရေ၊ မီးအစုံ၊ သိန်း(၉၉၀)
**ဖုန်း-၀၉-၂၆၁၄၅၂၅၁၄**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

Ph : 09 5174219 , 09 444450256



# လိုင်းမင်းလက်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် ဖွင့်မည်၊
**LCCI & Dip: IFR**

| Level I+II | အချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | 16.Dec |
| Sec(B) Sat+Sun | 9-11 (am) | 23.Dec |
| Sec(C) Sat | 11-3 (pm) | 30.Dec |
| Sec(D) Sun | 11-3 (pm) | 31.Dec |
| Sec(E) Mon+Tue | 6-8 (pm) | 1. Jan |
| Sec(F) Fri | 12-4 (pm) | 5.Jan |
| Sec(G) Mon to Fri | 12-3 (pm) | 8. Jan |

| Level III | အချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 3- 8 (pm) | 16.Dec |
| Sec(B) Wed to Sun | 6- 8 (pm) | 23.Dec |
| Sec(C) Mon to Fri | 8-12 (am) | 1.Jan |

တန်းခွဲသစ်ဖွင့်
နံနံပါတ်လှ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922






TAW WIN CENTRE 7th ANNIVERSARY LUCKY DRAW
KKH TAW WIN CENTRE
(၁၁.၁၁.၂၀၁၇ မှ ၁၁.၁.၂၀၁၈)
ငွေကျပ် (၂၀၀၀၀) ဖိုးဝယ်ယူပြီး
FORD ကားအသစ်၊ ကိုရီးယားခရီး၊ IphoneX
စိန်ရွှေရတနာများစွာနှင့် အခြားဆုမဲပေါင်းများစွာ
ဈေးဝယ်ရင်းကံစမ်းရယူနိုင်မည့် သတင်းကောင်းလေး....

45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com



**KEMBANGAN** GROUP OF MEDICAL CENTRES

အရေပြားဆိုင်ရာ ခွဲစိတ်ပြုပြင်မှုများ ...
- ရင်သားအစားထိုးခြင်း၊ ပုံဖော်ခြင်း၊ ပင်တင်ပြုပြင်ခြင်း၊
- နှာခေါင်းကျယ်ခြင်း၊ အသေးစားခွဲစိတ်ပြုပြင်မှုအမျိုးမျိုး
- အမျိုးသားများ ရင်သားကြီးခြင်းကို ခွဲစိတ်ကုသခြင်း၊
- တွဲကျနေသော ဗိုက်ခေါက်များ ခွဲစိတ်ဖယ်ရှား ပြုပြင်ခြင်း၊
- မလိုလားအပ်သော အဆီပိုများ စုပ်ထုတ်ဖယ်ရှားခြင်း၊



Kembangan Group Of Medical Centres facebook ကို Like လုပ်ခြင်းဖြင့် သတင်းများ ရယူနိုင်ပါတယ်...

Kembangan UHC Hospital
Kembangan Thuwunna
Kembangan Mandalay
Kembangan Aesthetic (MDY)



ဈေးနှုန်းသက်သာစွာရောင်းမည် (ပွဲစားမလို)

| | |
|---|---|
| ၁။ Hill Top Vista Condo (1660 Sqft) 3MBR, | 3700L |
| ၂။ မဂ္ဂလာဒုံ-ဘုရားလမ်းနေရာကောင်း 40' x 60' | 6500L |
| ၃။ ရန်ကင်း-လမ်းသွယ် 33' x 75' 2RC-တိုက်သစ် | 7500L |
| ၄။ ၇ မိုင် ပြည်လမ်းဘေး 83' x 89' - မြေပြင်သီးသန့် | 15500L |
| ၅။ ထောက်ကြန့်-လမ်း 0.396 Ace-မြေပြင်သီးသန့် | 26000L |
| ၆။ ကမ္ဘာအေး-လမ်းမ 60' x 117' - မြေပြင်သီးသန့် | 27000L |
| ၇။ ကမ္ဘာအေး-လမ်းမ (ထုတ်ပြီး) 0.332 Ace -မြေပြင်သီးသန့် | 36000L |
| ၈။ အင်းယားလမ်းမ 100' x 170' - မြေပြင်သီးသန့် | 60000L |

Ph: 09 420139326, 09-402726983


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]


# တွန်ဗိုအခန်းရောင်းခြင်း
မင်္ဂလာဈေး တော်ဝင်ပလာဇာအနီး မင်္ဂလာတောင်ညွန့်မြို့နယ်
LA MIN THAR YAR CONDO
1904 (Sqf) MB-1, SB-2, Lift-2
**အသင့်ပြင်ဆင်ပြီး**
09 5143469, 09 5110202


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဝေဘာဂီ)၊ မြေကွက်အမှတ်(၂၈၃)၊ မြေကွက်တည်နေရာ အမှတ်(၂၈၃)၊ ဘုရားလေးလမ်း၊ (၈/ဝေဘာဂီ) ဦးသိန်းလွင်[၁၂/လမန(နိုင်)၀၉၀၉၁၁]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသိန်းလွင်ကို တရားပြိုင်ထားကာ ဦးမြထွန်းအောင်မှ တရားလိုပြုစွဲဆိုသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု အမှတ်-၈၀၆/၁၆၊ တရားမဇာရီမှုအမှတ်(၁၃၁/၁၇) တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျ အမိန့်တို့တွင်ပြ၍ ဦးသိန်းလွင်(တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ် ရွှေရည်ခိုင်[၁၂/သကတ(နိုင်)၁၆၇၃၆၅]မှ ဘီလစ်ခန့်အပ်စာ၊ ဦးသိန်းလွင်အမည်ပေါက်ဂရန်မူရင်း၊ မှတ်ပုံတင်တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ်ခြံစည်းရိုးကာရံထားသဖြင့် တရားနိုင်ဦးမြထွန်းအောင်မှ မြေကွက်လပ်အတွက်တာဝန်ယူကြောင်း ဝန်ခံကတိပြုချက်တင်ပြ၍ ဘီလစ်ဒေါ်ရွှေရည်ခိုင်မှ အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံး

ကျွန်တော် ကျော်မြင့်ဦး [၁၂/တမန(နိုင်)၀၉၂၂၈၆]၏ မှတ်ပုံတင် CDC(41575), Passport(MB-672076), SID,All In One များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကျော်မြင့်ဦး**

ဖုန်း-၀၉-၉၇၉၇၂၀၈၅၁


# GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။





လူကြိုက်များ ကိုယ်ပိုင်ဖော်မြူလာ ကောင်းဆုံးဝန်ဆောင်မှုဖြင့် ကြိုဆိုပေးမည့်GDC
- အကောင်းဆုံးအရည်အသွေး၊ လေလုံနိုင်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမဝင်စိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ချက်ရလွယ်ကူ

Minimalist Design "E Series" Sliding Window Frame များကို အမြဲတမ်းအရည်အသွေးပြည့် လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ ရွှေဂုံတိုင်တာဝါ၊ အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com



ပဲခူးအနှစ်ခဏာကုလာမှ နိုင်ငံကျော်အဖိတ်ခဏ်ကွင်းပါ
ဆရာမ ဒေါ် အေးချမ်းသာ
(မဇော) စိတ်၏ ရှမ်းလည်ပါရမီရှင်
ဖုန်း - ၀၉-...

တာဝတိံသာ
09-32152526
09-421024222
09-31483218
09-49344288



Merry Christmas&Happy New Year
A SPECIAL GIFT AND UP to 30% OFF



သင် ဘာပဲ ဖြစ်ဖြစ်...
ပန်းလှိုင်ဆေးခန်း
(ဂိုလ်ချပ်အောင်ဆန်းလမ်း)
PUN HLAING SILOAM HOSPITALS
အရေးပေါ်လူနာနှင့် နှလုံးအောင့်ခြင်းဝေဒနာများအတွက် (၂၄) နာရီ (၇) ရက် ဝန်ဆောင်မှု
EMERGENCY 24/7 Services
01 825 06 77

MIC Myanmar Imperial College



HND
Business
Advertising & Branding
Hospitality & Tourism
BA
Business & Management
Marketing Management
Tourism Management
MBA | DBA
Pearson
January Intake!
Enroll Now!
01 380233-34
09 732 10001

မြေညီ ၂ခန်းတွဲအရောင်း
ဝေဇယန္တာလမ်းနှင့် ရတနာလမ်းမကြီး ၂ ခုဆုံရာ၊ ကားပါကင်လွယ်ကူ၊ အကွက်အကွင်းကောင်း၊ ရုံးခန်း SHOWROOM ဖွင့်ရန်အလွန်ကောင်း၊ အမြင့် ၁၂ ပေ (ညီနှိုင်း)
ဖုန်း-၀၉-၄၂၀၀၂၇၁၁၃

ရောင်ခြည်ထစ်
10',14',15'
Ph:09-450454771
09-450454772
09-450454773

မြေကွက်များ ဝယ်လိုသည်
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၀၀၉၄၀၀၄၀
၀၉-၄၀၀၉၄၀၀၄၂

## ရန်ကုန်တိုင်းဒေသကြီး မြစ်ချောင်းများအတွင်း ရေယာဉ်အိုဟောင်းများ ရှင်းလင်းရေး အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် ကုန်စည်နှင့်ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေပါသည်။ ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသည့် သွားလာမှုမပြုတော့သည့် ရေယာဉ်အဟောင်းများ၊ အပျက်အစီးများကြောင့် မြစ်ချောင်းများကို အကျည်းတန်စေပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မြစ်ချောင်းများအတွင်း ရေယာဉ်အိုဟောင်းနှင့် ရေယာဉ်ပျက်များအားလုံး ရပ်နားထားခြင်းကို ၂၈-၂-၂၀၁၈ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန်နှင့် လိုက်နာမှုပျက်ကွက်ပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဖယ်ရှားမည့်အပြင် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

heart
Curtain, Sofa, Furniture
KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
No.38, ...
Ph: 09-30066799, 09-257335855

## ကန့်ကွက်နိုင်ကြောင်းသက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်-၃၁၀/ခရှိ အလျား×အနံ(၂၃½×၆၀)ပေ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးထွေးသိန်း[၁၂/ဥကတ(နိုင်)၁၂၅၀၉၄]နှင့် အစ်မဖြစ်သူ ဒေါ်မြသိန်း[၁၂/ဥကတ(နိုင်)၁၂၅၁၃၆]တို့ မောင်နှမနှစ်ဦးဂရန်အမည်ပေါက်အဖြစ် ပြုလုပ်ပြီးဖြစ်၍ ၎င်းမြေကွက်အပေါ်တွင် တစ်ဦးကိုထက်ဝက်စီအညီအမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများဖြစ်ကြပါသည်။ ယင်းမြေကွက်ပေါ်တွင် လက်ရှိ ဦးထွေးသိန်းနှင့် ဒေါ်မြသိန်းတို့နှစ်ဦးဘေးချင်းကပ်သီးခြားနေထိုင်ပါသည်။ အဆိုပါမြေ၊ အိမ်နှင့်ပတ်သက်၍ ပူးတွဲဂရန်အမည်ပေါက် ဦးထွေးသိန်းနှင့် ဒေါ်မြသိန်းတို့နှစ်ဦးအနေဖြင့် ဆက်လက်လုပ်ဆောင်ရမည့် လိုအပ်သည့်ကိစ္စရပ်များအားလုံးကို ပြုလုပ်ဆောင်ရွက်ခွင့်၊ လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲ အပြည့်အဝရှိသူများဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်နှင့် ငွေကြေးတစ်စုံတစ်ရာရရန်ရှိကြောင်း အဆိုရှိသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံ သို့မဟုတ်ကျွန်ုပ်၏မိတ်ဆွေထံသို့ လာရောက်စာရင်းရှင်းလင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် (၂၀-၅-၂၀၁၂)ရက်စွဲပါ "ညီအစ်ကိုမောင်နှမသားချင်းတစ်စုသဘောတူကတိစာချုပ်"ကိုလည်း ယနေ့မှစ၍ အပြီးအပိုင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေ၊ အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပူးတွဲဂရန်ပိုင်ရှင်နှစ်ဦးညှိနှိုင်းပြီး လိုအပ်သည့်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးထွေးသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈)**
**အမှတ်-၉/၁၁၊ အခန်း-၃၀၆ (၄-လွှာ)၊ ၁၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၆၉၄၁၉၊ ၀၉-၉၅၁၆၉၄၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

[illegible]

ရန်ကုန်တိုင်းဒေသကြီး

## ဇနီးအဖြစ်မှပြတ်စဲကြောင်းကြေညာခြင်း

[illegible]

ရန်ကုန်မြို့။

# Congratulation

For

Kyaiktiyo Cable Car

**Grand Opening Ceremony**

Board of Director နှင့် ဝန်ထမ်းများ

IKBZ Insurance





PUN HLAING + SILOAM HOSPITALS

**Pun Hlaing Clinic**
(Downtown Yangon)

*Mammogram*
For Your Breast Care

ရင်သားခါတ်မှန်စမ်းသပ်စစ်ဆေးခြင်း

မူလဈေးနှုန်း ~~၂၅,၀၀၀ ကျပ်~~

ယခု ၉,၉၀၀ ကျပ်

ဇန်နဝါရီလကုန် အထိသာ

ဆက်သွယ်ရန် 01 - 824 5483, 09 513 7812


## အများနှင့်သက်ဆိုင်သောကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်ကြောင်း ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသအသီးသီးသို့ လျှပ်စစ်ထုတ်လုပ်ဖြန့်ချိပေးဝေခြင်းလုပ်ငန်းလုပ်ကိုင်ရန် "ပါချန်ကော့သောင်းဒေသလုံးဆိုင်ရာ လျှပ်စစ်ထုတ်လုပ်ဖြန့်ချိရေးနှင့် အထွေထွေဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်" (Parchan Kaw Thaung Regional Production & Distribution of Electricity and General Development Public Co.,Ltd.)အမည်ဖြင့်အများနှင့်သက်ဆိုင်သော ကုမ္ပဏီကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ၆-၄-၂၀၁၇ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၇၅/၂၀၁၇-၂၀၁၈(ရက)အရ ဖွဲ့စည်းတည်ထောင်ထားပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ပါချန်ကော့သောင်းဒေသလုံးဆိုင်ရာ**
**လျှပ်စစ်ထုတ်လုပ်ဖြန့်ချိရေးနှင့် အထွေထွေဖွံ့ဖြိုးရေး**
**အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်"**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ A(၁)လမ်း၊ အခန်းအမှတ်(၂၀၁)၊ (၃)လွှာ၊ တိုက်အမှတ်(၉)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်မိုးသီတာ[၁၂/ဒဂဆ(နိုင်)၀၁၁၂၃၂]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလင်းထူး[၁၀/မလမ(နိုင်)၁၅၇၅၆၅]**
**ဖုန်း-၀၉-၄၂၈၀၃၀၇၅၉**

## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၁)လမ်း၊ အမှတ်(၁၉)ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ကန်ထရိုက်တာဖြစ်သူ Ruby M Group Construction Co.,Ltd၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းဦး[၉/မနမ(နိုင်)၀၀၅၁၈၅]နှင့် ပတ်သက်သူများ သိရှိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ အထက်ပါလိပ်စာတွင် နေထိုင်သည့် ဦးမြင့်သိန်း[၁၂/အစန(နိုင်)၀၀၈၅၈၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေအမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးဇော်လင်းဦးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေတို့သည် ပေ(၁၃-×၅၀)၊ (၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက် ဆောက်လုပ်ရန် ၃၀-၁၂-၂၀၁၃ရက်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးနောက် မြေကွက်အကျယ်အဝန်း ပေ(၄၀×၆၀)မြေကွက်ပေါ်တွင် (၃)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်ဆောက်လုပ်ရန် ထပ်မံသဘောတူညီခဲ့သည့် အတွက် ယင်းသဘောတူညီခဲ့သည့်အတိုင်း (၃)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက် ဆောက်လုပ်ခဲ့သော်လည်း ကန်ထရိုက်တာဦးဇော်လင်းဦးမှ အကြမ်းထည်ဆောက်လုပ်ပြီးနောက် ဆက်လက်ဆောက်လုပ်ခြင်းမပြုသည့်အတွက် သတင်းစာမှ အပြန်အလှန် ကန်ထရိုက်စာချုပ်အား ဖျက်သိမ်းကြောင်း ကြေညာခဲ့ကြပြီး လူကြီးမင်းဘက်မှ အဆောက်အအုံအား ၃၀-၁၁-၂၀၁၆ရက်တွင် အပြီးဆောက်လုပ်ပေးရန် ထပ်မံသဘောတူညီခဲ့သော်လည်း လူကြီးမင်းဘက်မှ သဘောတူညီခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေမှ မိမိငွေကြေးဖြင့် အဆောက်အအုံအား ပြီးပြတ်သည်အထိ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ ကန်ထရိုက်တာဦးဇော်လင်းဦးထံမှ ကြိုပွဲငွေဝယ်ယူထားသူများသည် မိမိတို့အား ရောင်းချထားသည့် ကန်ထရိုက်တာ ဦးဇော်လင်းဦးထံ သွားရောက်ဖြေရှင်းကြရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဆက်လက်အပြီးသတ်ဆောက်လုပ်မည့် အဆောက်အအုံနှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းဆွေ** | **ဒေါ်နှင်းဝေအောင်** |
| **(B.A,R.L)** | **(LL.B,D.B.L,D.M.L,D.A.Psy WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၃၈)** |

**အမှတ်(၈၃)၊ အခန်း(၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၃၅၅၉၄၉၈၊ ၀၉-၇၉၉၄၅၂၄၃၅**

## ဒေါ်ရင်ရင်ဌေး[BSNW-၂၂၅၂၉၄]နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ အုတ်ဖြတ်ရပ်ကွက်၊ ၃၆လမ်း၊ အမှတ်-၁၃၇နေ ဒေါ်တင်တင်ယု[၇/ဖမန(နိုင်)၀၆၁၄၉၇]နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုဏ်ရိပ်မွန်အိမ်ရာ၊ အခန်း(၄၅)၊ တိုက်(၁၂)နေ ဒေါ်သက်သက်မာ[၁၂/ဗဟန(နိုင်)၀၃၂၇၁၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ဒေါ်တင်တင်ယု[၇/ဖမန(နိုင်)၀၆၁၄၉၇]၊ ဒေါ်သက်သက်မာ[၁၂/ဗဟန(နိုင်)၀၃၂၇၁၁]တို့၏ခင်ပွန်း၊ မလဲ့လဲ့ရောအောင်[၇/ဖမန(နိုင်)၁၂၅၀၅၅]၊ မောင်ရန်ရှင်းအောင်[၇/ဖမန(နိုင်)၁၇၁၄၆၈]၊ မသီရိရောအောင်[၁၂/ဗဟန(နိုင်)၁၀၄၉၉၀] တို့၏ဖခင်ကြီး ဦးအောင်မြင့်(BSNW-၁၇၃၅၇၇)သည် ၂၇-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ထိုသို့(ဦးအောင်မြင့်)ကွယ်လွန်သည့်အချိန်တွင် ရန်ကုန်မြို့၊ မလွှကုန်းဌေးကြွယ်၊ (က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၃၈)မြေညီထပ်(လက်ဝဲခန်း)တိုက်ခန်းနှင့် အတွင်းပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် ဦးအောင်မြင့်(ကွယ်လွန်)သူ၏ အမွေဆက်ခံအကျိုးခံစားခွင့်ရှိကြသော ဒေါ်တင်တင်ယု၊ ဒေါ်သက်သက်မာ၊ မလဲ့လဲ့ရောအောင်၊ မောင်ရန်ရှင်းအောင်၊ မသီရိရောအောင်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါကျန်ရစ်ခဲ့သောတိုက်ခန်းနှင့် အတွင်းပစ္စည်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း တစ်ဆင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန် ဒေါ်ရင်ရင်ဌေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်(စဉ်-၃၀၇၁၁)** | **ဒေါ်ယမင်းလတ်(စဉ်-၈၅၆၄)** | **ဒေါ်ခင်မေသက်(စဉ်-၁၁၃၆၁)** |
| **(LL.B,B.D.S)** | **(LL.B,D.B.L)** | **(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရုံး-တိုက်-၉/၁၁(ပထမထပ်)၊ အခန်း-၁၀၃/H၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၉၆၅၁၈၁၂၁၀၊ ၀၉-၅၁၈၁၂၁၀**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

